# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်   ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ အင်္ဂါနေ့   အတွဲ [၅၄]၊ အမှတ် [၂၇၅]


**သုသိက္ခိတ ဝိနယမင်္ဂလာ**

စည်းကမ်းကျင့်ဝတ်ကို ကောင်းစွာသင်ယူခြင်း၊
လိုက်နာကျင့်သုံးခြင်းသည်
ကောင်းမြတ်သော မင်္ဂလာမည်၏။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟိုဂျူစုပေါင်းစိုက်ခင်းကို ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ကျိုတိုမြို့ အပြင်ဘက်ရှိ ဟိုဂျူစုပေါင်းစိုက်ခင်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ရှေးဦးစွာ ဟိုဂျူစုပေါင်းစိုက်ခင်း အသင်းအဖွဲ့ အကြီးအကဲ Mr. Sakai နှင့် အဖွဲ့က ကြိုဆိုနှုတ်ဆက်ကြပြီး စိုက်ခင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် စိုက်ခင်းအတွင်း အသုံးပြုသည့် စက်ယန္တရားများကို လိုက်လံကြည့်ရှုသည်။

စိုက်ခင်းအတွက် ရင်းနှီးထားသည့် အဆင့်မြင့်စက်ယန္တရားများ၏ တန်ဖိုးမှာ ဒေါ်လာ တစ်သန်းခန့်ရှိကြောင်း သိရသည်။

ယင်းစုပေါင်းစိုက်ခင်းနေရာကို လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော် ကတည်းက ဒေသခံတောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ အလုပ်လုပ်ကိုင်ခဲ့ကြကြောင်း၊ ထိုစဉ်က မိုးရာသီတွင် ရေကြီးရေနစ်မြုပ်မှုများစွာ ခံခဲ့ရသော်လည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ပြုပြင်ပြီး နောက်ပိုင်းတွင် ရေနစ်မြုပ်မှုများ မရှိသလောက် နည်းပါးလာခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းစိုက်ခင်းသည် အကျယ်အဝန်းအားဖြင့် ဟက်တာ ၁၅၀ (၃၇၅ဧက) ရှိပြီး ဒေသခံတောင်သူလယ်သမား အသင်းသားစုစုပေါင်း ၃၃၈ ဦးက စုပေါင်းထည့်ဝင်ငွေဖြင့် ဖွဲ့စည်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အဓိက စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများမှာ စပါး၊ နေကြာ၊ အသီးအရွက်နှင့် အခြားသီးနှံစုံတို့လည်း *စာမျက်နှာ ၈ ကော်လံ ၅* ◆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဟိုဂျူစုပေါင်းစိုက်ခင်း အသင်းအဖွဲ့အကြီးအကဲ Mr. Sakai နှင့် အဖွဲ့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (ဓာတ်ပုံ-မြန်/ဆက်)

**နိုင်ငံတကာ**

## ဂျပန်နိုင်ငံတွင် ကမ္ဘာ့သမိုင်းဝင်အမွေအနှစ်နေရာ ၁၉ ခု ရှိလာပြီဖြစ်

စာမျက်နှာ ❖ ၄

**ဆောင်းပါး**

## လာတော့မယ့် ရွေးကောက်ပွဲ

စာမျက်နှာ ❖ ၆

**ဥပဒေကြမ်း**

## တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်း

စာမျက်နှာ ❖ ၁၅


ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၁၁၁၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0314) / (ဆေးမှုန့်)TMR 000394(0314)

ကွမ်းရွက်ပုံ ဆေးကောင်း

ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိတ်ဆွေများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်

10111 Y 009386

## မဲခေါင် မိတ်ဆွေကောင်း

ဂျပန်နိုင်ငံသည် မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်ကြသည့် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်ကျယ်ပြန့်လာအောင် ဆောင်ရွက်နေသကဲ့သို့ မဲခေါင်နိုင်ငံများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံများ တိုးတက်ရေး အစရှိသဖြင့် ကဏ္ဍစုံဘက်ပေါင်းစုံမှ အားဖြည့် ကူညီပေးလျက်ရှိပါသည်။ ဤသို့ ဂျပန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှု၊ ကူညီထောက်ပံ့ပေးမှုများကြောင့် မဲခေါင်ဒေသနိုင်ငံများသည် အဘက်ဘက်မှ တိုးတက်ပြောင်းလဲမှုများ စတင်ဖြစ်ထွန်းနေပြီဖြစ်ပါသည်။ လာမည့်နှစ်များအတွင်း ဂျပန်-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုမှုတစ်ဆင့် ပိုမိုတိုးတက်လာဦးမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဇူလိုင် ၄ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသော (၇) ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် ဂျပန်နိုင်ငံအနေဖြင့် ၂၀၁၂ခုနှစ် တိုကျိုမဟာဗျူဟာအရ မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ အတူတကွ ဖွံ့ဖြိုးတိုးတက်စေရန် လွန်ခဲ့သည့် သုံးနှစ်အတွင်း ယန်းဘီလီယံ ၆၀၀ ကျော် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကို ကျေးဇူးတင်ရှိကြောင်း၊ မဲခေါင်ဒေသတွင်းနိုင်ငံများတွင် လူဦးရေသန်း ၂၄၀ နီးပါးနေထိုင်ပြီး ဂျီဒီပီပမာဏ အမေရိကန်ဒေါ်လာ ၆၆၄ ဘီလီယံရှိသည့်အတွက် စီးပွားရေးဖွံ့ဖြိုးရန် ကြီးမားသည့် ဈေးကွက်ကို ပိုင်ဆိုင်ထားပါကြောင်း၊ ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ကုန်သွယ်မှုမှ အရည်အသွေးရှိသည့် တိုးတက်မှုများကို ဖော်ဆောင်နိုင်ပြီး မိမိတို့နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် လျော့နည်းသွားစေမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဂျပန်နိုင်ငံအနေဖြင့် လာမည့် သုံးနှစ်အတွင်း ဖွံ့ဖြိုးမှု၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကူညီထောက်ပံ့မှုများအဖြစ် မဲခေါင်နိုင်ငံများအား ယန်းဘီလီယံ ၇၅၀ ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း သိရပါသည်။ ဂျပန်နိုင်ငံသည် မဲခေါင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ငွေအား၊ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှု စသည်ဖြင့် ကူညီဖြည့်ဆည်းပေးလျက်ရှိရာ မဲခေါင်နိုင်ငံများအတွက် မိတ်ကောင်းဆွေကောင်းပင်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ဂျပန်နိုင်ငံက စီမံကိန်း ၅၀ အတွက် **ODA Grant** ဂျပန်ယန်း ၇၂ ဒသမ ၁၈ ဘီလီယံပေးအပ်ခဲ့ပါသည်။ နိုင်ငံတော်သမ္မတ၏ ဂျပန်-မဲခေါင်ခရီးစဉ်တွင်လည်း ရန်ကုန်မြို့ပတ်ရထားလမ်း စီမံကိန်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး စီမံကိန်းအဆင့် (၂) နှင့် အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး ဖွံ့ဖြိုးရေး စီမံကိန်းတို့အတွက် ချေးငွေအကူအညီ ယန်းဘီလီယံ ၁၀၀ ပေးအပ်ရန် ဂျပန်အစိုးရက အတည်ပြုထားပြီဖြစ်ကြောင်း သိရပါသည်။

ထို့အပြင် စက်တင်ဘာလတွင် ဖွင့်လှစ်မည့် သီလဝါ အထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံက အဓိက ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေသကဲ့သို့ ထားဝယ်အထူးစီးပွားရေးဇုန်ကိုလည်း မြန်မာ-ထိုင်း-ဂျပန် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ ဤအချက်များသည် မြန်မာပြည်သူတစ်ရပ်လုံးအတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ပါသည်။ သို့ပါ၍ ဂျပန်နိုင်ငံ၏ ပူးပေါင်းကူညီမှုများသည် မြန်မာနိုင်ငံအတွက်သာမက မဲခေါင်နိုင်ငံအားလုံးအတွက် မိတ်ကောင်းဆွေကောင်းပင် ဖြစ်ပါကြောင်း။



# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲစာရင်းကြည့်ပြီးပြီလား၊ ကြည့်ပါ။

ဘာမှားနေလဲ၊ ပြင်ဆင်ပါ။ သင့်အမည် မတွေ့ဘူးလား၊ ဖြည့်စွက်ပါ။

## ရှေးဟောင်းအမွေအနှစ်ခံတပ်များအား ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားရှိ

**နေပြည်တော် ဇူလိုင် ၆**

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ဇူလိုင် ၁ ရက် က မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝယဉ်ကျေးမှုနယ်မြေ ဆင်ကျုံးခံတပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆင်ကျုံးခံတပ် သန့်ရှင်း သာယာလှပရေး၊ မြေခင်းအလှပြင်ဆင်ရေး၊ ဖျက်ဆီးမခံရစေရန် ထိန်းသိမ်းဆောင်ရွက်ရေး၊ ပြည်တွင်းပြည်ပဧည့်သည်များ အန္တရာယ်ကင်းစွာ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ရေး လိုအပ်သည့်နေရာတွင် လက်ရန်းပါကျုံးကူး တံတား တပ်ဆင်သွားရေး မှာကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ်ရှိ သပြေတန်းခံတပ်သို့ ရောက်ရှိကြည့်ရှု စစ်ဆေးရာ သပြေတန်းခံတပ်အား မြစ်အတွင်းမှ မြင်တွေ့ကြည့်ရှုခံစားနိုင်စေရန် မြက်၊ ချုံပုတ်များရှင်းလင်းရေး၊ မပျက်စီးအောင် စနစ်တကျထိန်းသိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်းပြည်ပဧည့်သည်များ လာရောက်လေ့လာနိုင်ရေးအတွက် ရှင်းလင်းချက်များ ပြင်ဆင်ထားရှိရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ အစေခံ ခံတပ်အား ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရေး၊ အမြဲတမ်း သာယာလှပ သန့်ရှင်းသပ်ရပ်စေရေး၊ အမျိုးသားစီမံကိန်း ဦးတည်ချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအရ ဒေသအသီးသီးရှိ ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းနေရာများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် နှစ်အလိုက် ဘတ်ဂျက်လျာထားချက်အတိုင်း ဆောင်ရွက်ရမည့် ဘဏ္ဍာငွေခွဲဝေချထားမှုအတိုင်း စနစ်တကျထိန်းသိမ်းဆောင်ရွက်ရေးမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



## သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးစီမံချက်အရ သက်ဆိုင်ရာဌာနများ ပူးပေါင်းကာ အပတ်စဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၅ ရက်က ကွက်သစ်ရပ်ကွက်အတွင်း ရေစီးရေလာကောင်းရန် ရေမြောင်းများဆယ်ယူခြင်း၊ နေအိမ်အခန်းများရှိ ရေစည်၊ ရေလှောင်ကန်များသို့ အဘိတ်ဆေးခတ်ခြင်းနှင့် ရေမြောင်းများသို့ ခြင်ဆေးမှုတ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ **(ဝဲပုံ)**

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## ထူးချွန်ဆုရသူများအား ဆုပေးပွဲကျင်းပ


**ဖားကန့် ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ မြန်မာ့မျက်ပွင့် E-library စာကြည့်တိုက်တွင် နွေရာသီ၌ ဖွင့်လှစ်သင်ကြားခဲ့သော အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးသင်တန်းများတွင် ထူးချွန်ဆုရကျောင်းသားများအား ဆုပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို ဇူလိုင် ၂ ရက် က မြန်မာ့မျက်ပွင့်စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး စာကြည့်တိုက်အခြေအနေ တိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် သင်တန်းဖွင့်လှစ်မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထူးချွန်ကျောင်းသားများအား ဆရာမကြီးဒေါ်ခင်စန်းရီနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။ မြန်မာ့မျက်ပွင့်စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် ဘက်စုံထူးချွန်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းစေရေးအတွက် ဆက်လက်၍ သင်တန်းများကို အခမဲ့ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၆-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၄၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၈.၂၀ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆ |

ခင်ရတနာ-စုစည်းသည်။

၂၉-၆-၂၀၁၅မှ ၃-၇-၂၀၁၅ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၆၄ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၆၀၈ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

## စီမံကိန်းသုံးခုအတွက် ချေးငွေအကူအညီ ယန်း ဘီလီယံ ၁၀၀ ပေးအပ်ရန် ဂျပန်အစိုးရက အတည်ပြု



**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ အိုဆာကာမြို့မှ ခန်ဆိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိပြီး မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ နေပြည်တော်သို့ ညနေ ၅ နာရီ မိနစ် ၄၀တွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးဟံစိန်၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကိုကိုနိုင်နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

ယခုခရီးစဉ်တွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံတိုကျိုမြို့၌ကျင်းပသည့် (၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။



**၄-၇-၂၀၁၅ ရက်က ထားဝယ်အထူးစီးပွားရေးဇုန် MOI လက်မှတ်ရေးထိုးပွဲတွင် မြန်မာ၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံ့အကြီးအကဲများ တက်ရောက်ခဲ့စဉ်။**
ဓာတ်ပုံ(ပြန်/ဆက်)

ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သည့် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ၂၀၀၉ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ (၆)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်က မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့သည်။

မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို ၂၀၀၇ ခုနှစ်တွင် ဂျပန်အစိုးရက ထုတ်ပြန်ကြေညာခဲ့သော ဂျပန် - မဲခေါင်ဒေသမိတ်ဖက်အစီအစဉ်(Japan-Mekong Partnership 2007-2009) မှ စတင်ခဲ့ရာ မြန်မာနိုင်ငံသည် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့နှင့်အတူ ယင်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဂျပန်-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ အဓိကရည်မှန်းချက်မှာ မဲခေါင်ဒေသနိုင်ငံများ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မဲခေါင်ဒေသအတွင်းရှိ အရှေ့-အနောက်စီးပွားရေး စင်္ကြံလမ်း၊ တောင်ပိုင်းစီးပွားရေးစင်္ကြံလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် Japan - ASEAN Integration fund (JAIF)အောက်မှ ငွေကြေးထောက်ပံ့မှု ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။

မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေသော အဓိကအစီအစဉ်များမှာ မဲခေါင်မြစ်ကော်မရှင်၊ မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် အာဆီယံ- မဲခေါင်မြစ်ဝှမ်းဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တို့ဖြစ်သည်။

မဲခေါင်ဒေသတွင်းနိုင်ငံများ၌ လူဦးရေ သန်း ၂၄၀ နီးပါးနေထိုင်ပြီး ဂျီဒီပီပမာဏ အမေရိကန်ဒေါ်လာ ၆၆၄ ဘီလီယံခန့်ရှိသည့်အတွက် စီးပွားရေးဖွံ့ဖြိုးရန် ကြီးမားသည့် ဈေးကွက်ဖြစ်သည်။

ယခုထိပ်သီးအစည်းအဝေးတွင် တိုကျိုမဟာဗျူဟာ ၂၀၁၅ ကို ချမှတ်နိုင်ခဲ့ပြီး ယင်းမဟာဗျူဟာ ၂၀၁၅ သည် မဏ္ဍိုင်လေးရပ်တွင် ပူးပေါင်းဆောင်ရွက်မှုများအဖြစ် စက်မှုအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းသော မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် သက်ဆိုင်သူများအကြား ညှိနှိုင်းဆောင်ရွက်သွားရေးတို့ ပါဝင်သည်။

ထို့အပြင် ဂျပန်-မြန်မာ ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးတို့က ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး၊ ရန်ကုန်မြို့ပတ် ရထားလမ်းနှင့် ရန်ကုန် - နေပြည်တော် - မန္တလေး ရထားလမ်း အဆင့်မြှင့်တင်နိုင်ရေး၊ ရန်ကုန်မြို့တော် အများပြည်သူခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ တိုးမြှင့်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာဖြေရှင်းနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယခုခရီးစဉ်တွင် ရန်ကုန်မြို့ပတ်ရထားလမ်းစီမံကိန်း၊ အမျိုးသားလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစီမံကိန်းအဆင့်နှစ်နှင့် အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းမကြီး ဖွံ့ဖြိုးရေးစီမံကိန်းတို့အတွက် ချေးငွေအကူအညီ ယန်း ဘီလီယံ ၁၀၀ ပေးအပ်ရန် ဂျပန်အစိုးရက အတည်ပြုခဲ့သည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့်ပတ်သက်သည့် Memorandum of Intent လက်မှတ်ရေးထိုးပွဲကိုလည်း ယခုအစည်းအဝေးကာလအတွင်း ကျင်းပနိုင်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အများပြည်သူခရီးသွားရထားများစီးနင်း၍ တိုကျိုမြို့မှ နာဂိုယာမြို့သို့လည်းကောင်း၊ နာဂိုယာမှ ကျိုတိုမြို့သို့လည်းကောင်း လိုက်ပါခဲ့ပြီး ဂျပန်နိုင်ငံ၏ ရထားပို့ဆောင်ရေးစနစ်ကို လေ့လာခဲ့သည်။

နိုင်ငံတော်သမ္မတသည် ဂျပန်နိုင်ငံ၌ အကြီးဆုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံဖြစ်သော နေ့စဉ် မဂ္ဂါဝပ် ၄၁၀၀ ကို ထုတ်လုပ်လျက်ရှိသည့် ဟဲခိနန်အဆင့်မြင့်နည်းပညာသုံး ကျောက်မီးသွေးအသုံးပြု ဓာတ်အားထုတ်လုပ်ရေးစက်ရုံကို လေ့လာခဲ့သည်။

ထိုပမာဏသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင်ထုတ်လုပ်ပြီး မဟာဓာတ်အားလိုင်းမှ ဒေသအနှံ့ဓာတ်အားဖြန့်ဖြူးနေသည့် လျှပ်စစ်ဓာတ်အားပမာဏ၏ နှစ်ဆနီးပါး၊ ရန်ကုန်မြို့တော်တွင် သုံးစွဲနေသည့် လျှပ်စစ်ဓာတ်အားပမာဏ၏ လေးဆနီးပါးဖြစ်သည်။ အဆိုပါစက်ရုံ၌ နိုင်ငံတော်သမ္မတက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြင့် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေသည့် ဂျပန်နိုင်ငံ၏ အတွေ့အကြုံနှင့် နည်းပညာများကို မိမိတို့အသုံးပြုလိုကြောင်း ချူဘူးကုမ္ပဏီအနေဖြင့်လည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်စေလိုကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်များ ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရေး၊ ဆန်စပါးထုတ်လုပ်မှု အရည်အသွေးမြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ် အစိုးရအဖွဲ့သစ် တာဝန်ယူပြီးချိန်မှစ၍ ဂျပန်နိုင်ငံသို့ ၂၀၁၂ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့သည့် နှစ်(၄၀)ပြည့် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် ပဉ္စမအကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီး အစည်းအဝေးများသို့လည်းကောင်း တက်ရောက်ခဲ့ပြီး ယခုကျင်းပပြီးစီးခဲ့သည့် (၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတက်ရောက်ခြင်းမှာ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် တတိယအကြိမ်မြောက် ခရီးစဉ်ဖြစ်သည်။ **(သတင်းစဉ်)**



# ဆော်ဒီဦးဆောင်သော လေကြောင်းချီ တိုက်ခိုက်မှု ဆာနား၌ာနချုပ်ကိုထိမှန်

**ဆာနား ဇူလိုင် ၆**

ဆော်ဒီဦးဆောင်၍ ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေ၏ အထွေထွေပြည်သူ့ ကွန်ဂရက်ပါတီ ဆာနား၌ာနချုပ်ကို ဇူလိုင် ၅ ရက်က လေကြောင်းမှတိုက်ခိုက်ခဲ့ရာ လူအတော်များများ သေကျေဒဏ်ရာရရှိကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ပါတီဝင်တစ်ဦးက ပြောခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် ယီမင်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ရောက်ရှိသည့်အချိန်တွင် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆာလေသည်နိုင်ငံကို လွှမ်းမိုးထားသော ဟူသီလှုပ်ရှားမှုအဖွဲ့၏ မဟာမိတ်ဖြစ်သည်။

ဆော်ဒီဦးဆောင်သော မဟာမိတ်အဖွဲ့သည် ဖြုတ်ချခံသမ္မတမန်ဆောဟာဒီကို သမ္မတပြန်တင်ရန် ဟူသီတိုက်ခိုက်ရေးသမားများနှင့် ဆာလေသစ္စာတော်ခံတပ်များကို သုံးလကျော်ကြာဆန့်ကျင်တိုက်ခိုက်မှုများ အဆက်မပြတ်ပြုလုပ်ခဲ့သည်။

အထွေထွေပြည်သူ့ကွန်ဂရက်ပါတီ၏ လက်ထောက်အတွင်းရေးမှူးချုပ်က ဆာနား၌ာနချုပ် ပျက်စီးသွားကြောင်းပြောခဲ့သည်။

ယင်းတိုက်ခိုက်မှုသည် ကုလသမဂ္ဂနှင့်တွေ့ဆုံဆွေးနွေးမှု ပျက်ပြားအောင်ပြုလုပ်ရန် ကြိုးစားမှုဖြစ်ကြောင်း လက်ထောက်အတွင်းရေးမှူးချုပ်က ပြောခဲ့သည်။ ထို့ပြင်အလုပ်သမားအတော်များများနှင့် အခြားသူများလည်း ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ကြောင်း ၎င်းကထပ်လောင်းပြောဆိုခဲ့သည်။

"ဒီလိုတိုက်ခိုက်မှုက ကျွန်မတို့ရဲ့ ကြိုးစားမှုကိုနောက်ဆုတ်သွားစေမှာမဟုတ်ပါဘူး။ ကုလသမဂ္ဂနှင့်ပူးပေါင်းပြီးကောင်းမွန်တဲ့ပတ်ဝန်းကျင်တစ်ခုဖန်တီးသွားမှာပါ"ဟု ပါတီလက်ထောက်အတွင်းရေးမှူးချုပ်က ပြောခဲ့သည်။

**(ရိုက်တာ)**

# နိုင်ဂျီးရီးယားကျေးရွာများအတွင်း သေနတ်သမားများ ရမ်းကားတိုက်ခိုက်

**လေဂို့စ် ဇူလိုင် ၆**

နိုင်ဂျီးရီးယားနိုင်ငံ ဇမ်ဖရာအနောက်မြောက်ပိုင်း၌ သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် လူပေါင်း ၃၀ ကျော် သေဆုံးသွားကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောသည်။

အဆိုပါတိုက်ခိုက်မှုများသည် ကိုကေယာနှင့် ချီဂါမာကျေးရွာများ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်မြို့တော် ဂူဆူရာဂိုသတင်းထောက်များအား အဆိုပါဒေသအစိုးရတာဝန်ရှိသူ မိုဟာမက်ဂူဆာမိကပြောသည်။

"သေနတ်သမားတွေက ကိုကေယာရွာထဲကို ဆိုင်ကယ်တွေနဲ့ ဝင်လာပြီး လူနှစ်ယောက်ကို သတ်သွားပါတယ်။ အိမ်အချို့ကိုမီးရှို့သွားပြီး ကျွဲ၊ နွားတွေကိုလည်း ဆွဲသွားပါတယ်"ဟု ၎င်းက ပြောသည်။

နောက်တစ်ရက်တွင် အဆိုပါကျေးရွာအနီး ချီဂါမာကျေးရွာအတွင်း သေနတ်သမားများဝင်ရောက်လာပြီး လူပေါင်း ၃၀ ကျော်ကို သတ်သွားခဲ့ကြောင်း၊ ရုပ်အလောင်းများကို ဖယ်ရှားနေရဆဲဖြစ်ကြောင်း ၎င်းက ပြောသည်။ ရဲနှင့်အစိုးရတပ်များ အဆိုပါဒေသ၌ တိုးမြှင့်ချထားပြီး တည်ငြိမ်မှုပြန်လည်ရရှိအောင် ကြိုးပမ်းလျက်ရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောသည်။

**(ဆင်ဟွာ)**

# တရုတ်နှင့်ရုရှားသမ္မတတို့ တွေ့ဆုံမည်

**ပေကျင်း ဇူလိုင် ၆**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် သမ္မတရှီ ရုရှားသို့ ယခုသီတင်းပတ်အတွင်း နိုင်ငံတကာထိပ်သီးအစည်းအဝေးနှစ်ခုအတွက်သွားစဉ် ယခုနှစ်အတွင်း ဒုတိယအကြိမ်အဖြစ် တွေ့ဆုံကြမည်ဖြစ်သည်။

(၇)ကြိမ်မြောက် ဘရစ်ထိပ်သီးအစည်းအဝေးကို ရုရှားနိုင်ငံ ယူဖာမြို့၌ ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တွင် ကျင်းပသွားရန် စီစဉ်ထားကြောင်း (၁၅)ကြိမ်မြောက် ရှန်ဟိုင်းကောင်စီပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အကြီးအကဲများ အစည်းအဝေးကိုလည်း ကြာသပတေးနေ့နှင့်သောကြာနေ့တွင် ကျင်းပရန် စီစဉ်ထားကြောင်း တာဝန်ရှိသူများက ပြောသည်။

ရှီနှင့်ပူတင်တို့သည် နှစ်နိုင်ငံစီစဉ်ထားသည့်ဒေသတွင်း ကုန်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ မြှင့်တင်ရေး၊ နှစ်နိုင်ငံအပြန်အလှန် မူဘောင်များ၊ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းကိစ္စများ ဆွေးနွေးကြမည်ဟု တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ချန်ဂေါ်ပင်းက တနင်္လာနေ့ နံနက်က သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

**(ဆင်ဟွာ)**

# ဂျပန်နိုင်ငံတွင် ကမ္ဘာ့သမိုင်းဝင်အမွေအနှစ်နေရာ ၁၉ ခုရှိလာပြီဖြစ်




**တိုကျို ဇူလိုင် ၆**

ယူနက်စကိုသည် ဂျပန်စက်မှုဇုန်တစ်ခုကို ကမ္ဘာ့သမိုင်းဝင်အမွေအနှစ်စာရင်းဝင်နေရာတစ်ခုအဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့သည်။

ဇူလိုင် ၅ ရက်နေ့တွင် ဂျာမနီနိုင်ငံ၏မြို့တော်ဘွန်းတွင် ကျင်းပသောအစည်းအဝေး၌ အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့သမိုင်းဝင် အမွေအနှစ်စာရင်းဝင်နေရာ ၂၃ ခုတွင် ဖူကူအိုကာစီရင်စုနယ်ရှိ ယာဟာတာသံစက်ရုံနှင့် နာဂါဆာကီစီရင်စုနယ်ရှိ မစ်ဆူဘီရှီနာဂါဆာကီသင်္ဘောကျင်းတို့ ပါဝင်ပြီး စီရင်စုနယ်ရှစ်ခုတွင် တည်ရှိသည်။

၎င်းနေရာများသည် ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုအစောပိုင်း မေဂျီခေတ် ဂျပန်နိုင်ငံ၏စက်မှုတော်လှန်ရေး ပြုလုပ်ရာ အဓိကသမိုင်းဝင်နေရာများဖြစ်သည်။

အဆိုပါနေရာများသည် အနောက်မှအရှေ့အထိ ပထမဆုံးစက်မှုတော်လှန်ရေးကို အောင်မြင်စွာပြုလုပ်နိုင်သည့် နေရာအဖြစ်ကျန်ရှိကြောင်း ယူနက်စကိုအဖွဲ့က အသိအမှတ်ပြုထားသည်။

ကမ္ဘာ့သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နေရာ ၂၃ခု ကို တစ်နေရာတည်း ပေါင်းစုသတ်မှတ်လိုက်ခြင်းအားဖြင့် ဂျပန်နိုင်ငံတွင် ယခုအခါ ကမ္ဘာ့သမိုင်းဝင်အမွေအနှစ်စာရင်းဝင်နေရာ ၁၉ ခုရှိလာပြီဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

# တရုတ်၊ ရုရှား လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ ပါကစ္စတန်နှင့်အိန္ဒိယ ဝင်ရောက်

**ပေကျင်း ဇူလိုင် ၆**

နျူကလီးယားလက်နက်ပိုင်ရှင် ပြိုင်ဘက်နိုင်ငံများဖြစ်ကြသည့် ပါကစ္စတန်နှင့် အိန္ဒိယတို့သည် ယခုသီတင်းပတ်အကုန်တွင် တရုတ်နှင့်ရုရှားတို့ ဦးဆောင်သော လုံခြုံရေးအုပ်စုထဲသို့ ဝင်ရောက်မည်ဖြစ်ကြောင်း တရုတ်သံတမန်ကြီး တစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (SCO) အဖွဲ့တွင် တရုတ်၊ ရုရှား၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ကာဇက်စတန်နှင့် ကာဂျစ်စတန်နိုင်ငံတို့ပါဝင်ပြီး အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်၊ အာဖဂန်နစ္စတန်နှင့် မွန်ဂိုလီးယားနိုင်ငံတို့က လေ့လာသူများအဖြစ်ပါဝင်သည်။

" SCO အဖွဲ့ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဒေသတွင်းနိုင်ငံအတော်များများက အဖွဲ့အစည်းများနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်လာတယ်" ဟု တရုတ်နိုင်ငံခြားရေး ဒုဝန်ကြီး ချန်ဂေါ်ပင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ SCO အဖွဲ့သို့ ဝင်ရောက်မည့် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့၏ သဘောတူညီချက်သည် အဖွဲ့အစည်း တိုးတက်ရန် အရေးပါသောအခန်းကဏ္ဍတစ်ခုဖြစ်ပြီး ယင်းနှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာနိုင်ဖွယ်ရှိကြောင်း ၎င်းက ပြောသည်။

၁၉၄၇ ခုနှစ်မှစ၍ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် စစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ပြီး မူဆလင်အများစု နေထိုင်သော ကက်ရှ်မီးယားဒေသကို ခွဲခြမ်းအုပ်ချုပ်ခဲ့ကာ တစ်ဖက်တွင်လည်း အပြည့်အဝပိုင်ဆိုင်နိုင်ရေးအတွက် အခိုင်အမာတောင်းဆိုနေကြသည်။ အိန္ဒိယသည် သဘာဝအရင်းအမြစ်များကြွယ်ဝသည့် ဘာလူချီစတန်နယ်ရှိ ခွဲထွက်ရေး



သမားများကို ထောက်ပံ့နေသည်ဟု ပါကစ္စတန်က ယုံကြည်ထားသည်။

SCOအဖွဲ့သည် အိမ်နီးချင်း အာဖဂန်နစ္စတန်မှ မူးယစ်ဆေးဝါး မှောင်ခိုဝင်ရောက်မှုနှင့် အစ္စလာမ္မစ် အစွန်းရောက်များ၏ရန်မှ ကာကွယ်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။

အစည်းအဝေးသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်တက်ရောက်ပြီး အာဖဂန်လုံခြုံရေး အခြေအနေကို ဆွေးနွေးမည်ဖြစ်ကြောင်း ချန်ကပြောသည်။

**(ရိုက်တာ)**

# ကျောက်ဆည်မြို့နယ်၌ တစ်ရက်လျှင် ဘိလပ်မြေ တန် ၅၀၀၀ ထုတ်လုပ်နိုင်မည့် စက်ရုံတည်ဆောက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၆**

ကျောက်ဆည်စက်မှုနယ်မြေရှိ Myanmar Conch Cement Co.,Ltd.သို့ ငှားရမ်းထားသည့် အမှတ်(၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်)၏ တစ်ရက်လျှင် ဘိလပ်မြေတန် ၅၀၀၀ ထုတ်လုပ်နိုင်မည့် တိုးချဲ့စီမံကိန်းကို တည်ဆောက်လျက်ရှိသည့် အခြေအနေများကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇူလိုင် ၅ ရက် နံနက်ပိုင်းက လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို စီမံကိန်း ပုံစံငယ်နှင့် ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ တိုးချဲ့စီမံကိန်းကို Myanmar Conch Cement Co.,Ltd.နှင့် ၂၀၁၄ခုနှစ် နိုဝင်ဘာလတွင် စာချုပ်ချုပ်ဆို၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် စီမံကိန်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်ခဲ့ပြီး စီမံကိန်းကာလမှာ လ ၂၀ ကြာမြင့်မည် ဖြစ်သည်။

အဆိုပါ စီမံကိန်းပြီးစီးပါက အရည်အသွေးကောင်းမွန်သည့် ဘိလပ်မြေတစ်ရက်လျှင် တန် ၅၀၀၀ နှင့် စွန့်ပစ်အပူမှ လျှပ်စစ်ဓာတ်အား ၄၈ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စက်ရုံမှ ၃၃ မဂ္ဂါဝပ် ပြန်လည်သုံးစွဲမည်ဖြစ်ကာ မဟာဓာတ်အားလိုင်းသို့ ၁၅ မဂ္ဂါဝပ် ပို့လွှတ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ပြည်တွင်းဆောက်လုပ်ရေး လုပ်ငန်းများတွင် လိုအပ်သော အရည်အသွေးကောင်းမွန်သည့် ဘိလပ်မြေများထုတ်လုပ်နိုင်မည်ဖြစ်၍ ပြည်ပသွင်းကုန် အစားထိုးဆောင်ရွက်နိုင်မည့် စီမံကိန်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**




# ဆရာ ဆရာမများ၏ အင်္ဂလိပ်စာစွမ်းရည်တိုးမြှင့်ရေးနှင့်ဘာသာရပ်စုံ သင်ကြားမှုနည်းစနစ် စွမ်းရည်တိုးမြှင့်ရေးသင်တန်းဖွင့်

**စစ်ကိုင်း ဇူလိုင် ၆**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နှင့် British Council တို့ ပူးပေါင်း၍ English Education College Trainers သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ဘွဲ့နှင်းခန်းမ၌ ကျင်းပရာ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် British Council တို့မှ တာဝန်ရှိသူများ၊ နိုင်ငံခြားသင်တန်းနည်းပြဆရာ များ၊ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ သင်တန်းတက်ရောက်မည့် ဆရာ ဆရာမများ နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဖွံ့ဖြိုးရေး တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဦးသိန်းငွေးနှင့် Representative of British Council တို့က သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ **(အပေါ်ပုံ)**

ဆရာ ဆရာမများ သင်ကြားရေး စွမ်းရည် တိုးတက်လာစေရန်၊ အင်္ဂလိပ်စာ တတ်မြောက်မှုစွမ်းရည် အဆင့်မြင့်မားလာစေရန်နှင့် နယ်စပ်ဒေသမှ တိုင်းရင်းသား လူငယ်များ အား တိုးတက်လာသည့် သင်ကြားနည်းစနစ်များကိုအသုံးပြု၍ ပြန်လည်ပို့ချနိုင်ခြင်းဖြင့် နယ်စပ်ဒေသလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လက်ဆင့်ကမ်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် ၎င်းသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ သင်တန်းကာလမှာ ၂၀၁၅ ခုနှစ် မေလမှ ၂၀၁၆ ခုနှစ် ဩဂုတ်လအထိ ဖြစ်ပြီး အဆိုပါသင်တန်းသို့ ဖွံ့ဖြိုးရေး တက္ကသိုလ်မှ ဆရာ ဆရာမ ၆၁ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းမရှိစေရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇူလိုင် ၃ ရက် က လမ်း/တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မင်းဘူး-အမ်းလမ်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ၊ မိုင်တိုင်အမှတ် (၆၂/၄) နှင့် (၆၂/၅) အကြားနှင့် မိုင်တိုင်အမှတ် (၆၅/၅) ဖာလုံနှင့် (၆၅/၆) ဖာလုံအကြား ကြက်ရေစမ်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းမြေသားများ ပြိုကျ၍ လမ်းပန်းဆက်သွယ်မှု မပြတ်စေရေး စက်၊ ယာဉ်ယန္တရားများဖြင့် လမ်းပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးနှင့် ရေရှည်ပြင်ဆင် ထိန်းသိမ်းခြင်း လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တံတားအမှတ် (၁/၈၆) ပတ်ကွေ့တံတားကြွခိုင်မှုနှင့် ရေလမ်းကြောင်း စီးဆင်းမှုအခြေအနေများ၊ တောင်ကုတ်-မအီအပိုင်း မိုင်တိုင်အမှတ်(၁၄/၅) နှင့် (၁၄/၆) အကြားရှိ ငှက်ပျောချောင်းတံတား၊ မအီဘက်ခြမ်း ချဉ်းကပ်လမ်းမှာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ချောင်းရေတိုက်စားမှုကြောင့် ချဉ်းကပ်လမ်း အရှည် ပေ ၇၀၊ အနက် ၁၈ ပေ ပြတ်တောက်သွားခဲ့ပြီး ကမ်းကပ်ခုံ နိမ့်ကျသွားသည့်နေရာ မိုင်တိုင် အမှတ် (၁၁/၇)နှင့်(၁၂/၀) ကြားရှိ တန်းလွဲတံတားအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုနှင့် ရေလမ်းကြောင်း အခြေအနေတို့အား ကြည့်ရှုစစ်ဆေးပြီး ရေလမ်းကြောင်း ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမ်း-ပဒဲကြော-မအီ-တောင်ကုတ်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ညနေပိုင်းတွင် တောင်ကုတ်မြို့ လမ်းအထူးအဖွဲ့(၁၈) မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းပျက်စီးမှု ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ နေလသစ္စာ ဆောက်လုပ်ရေးကုမ္ပဏီမှ လမ်း၊ တံတားလုပ်ငန်းများ၊ ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူး-အမ်းလမ်း လမ်းမြေပြိုကျမှုများ အတွက် ဆက်သွယ်မှုပြတ်တောက်ခြင်းမရှိစေရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပျက်စီးသော ငှက်ပျောချောင်းတံတားကို မော်တော်ယာဉ်များ အမြန်ဆုံး သွားလာနိုင်ရေး အတွက် လူအင်အား၊ စက်ယန္တရားများနှင့် ဘဏ္ဍာငွေများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း ဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

* *ကျောဖုံးမှ*

ဂျပန်အသင်းချေပဂိုးရရန် တန်ပြန်တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၂၇ မိနစ်တွင် အီဝါချီမီဇူ ဖန်တီးပေး၍ အိုဂီမိက ချေပဂိုးတစ်ဂိုး သွင်းယူခဲ့သည်။ ပထမပိုင်းပြီးချိန်တွင် အမေရိကန်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အသာစီးရ ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ၅၂ မိနစ်တွင် ဂျပန်အသင်း ပြစ်ဒဏ်ဘောရရှိကာ ဂိုးထဲကန်သွင်းရာမှ အမေရိကန်ကစားသမား ဂျွန်စတန်နှင့် ထိပြီးဂိုးအဖြစ်ပြောင်းလဲသွားကာ ဂျပန်အသင်း ချေပဂိုးတစ်ဂိုး ထပ်မံရရှိခဲ့သည်။ ပွဲချိန် ၅၄ မိနစ်တွင် တိုဘင်ဟတ်က အမေရိကန်အတွက် ငါးဂိုးမြောက်သွင်းယူခဲ့ပြီး ပွဲပြီးချိန်တွင် ငါးဂိုး- နှစ်ဂိုးဖြင့် အမေရိကန်အသင်း အနိုင်ရဗိုလ်စွဲခဲ့သည်။

၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ဖီဖာ အမျိုးသမီး ကမ္ဘာ့ဖလားကို အမေရိကန်မှ သုံးကြိမ်မြောက်ဖလားရရှိခြင်းဖြစ်ပြီး အအောင်မြင်ဆုံး အသင်းအဖြစ် ဆက်လက်ရပ်တည်နေသည်။ ဖီဖာ ၂၀၁၅ အမျိုးသမီး အကောင်းဆုံး ကစားသမားဆု ရွှေဘောလုံးဆုကို အမေရိကန်မှ ကာလီလွိုက်ရရှိခဲ့သည်။ ဂျာမနီမှ ဆယ်လီယာ ဆာဆစ်နှင့် အမေရိကန်မှ ကာလီလွိုက်တို့ ပွဲစဉ်တစ်လျှောက် သွင်းဂိုးခြောက်ဂိုးစီတူညီခဲ့သည်။

ဆယ်လီယာ ဆာဆစ်သည် အကောင်းဆုံး ရွှေဖိနပ်ဆုကို ရရှိခဲ့သည်။ အကောင်းဆုံး ဂိုးသမားဆုကို အမေရိကန်ဂိုးသမား ဟုပ်ဆိုလို ရရှိပြီး လူငယ်ကစားသမားအကောင်းဆုံးဆုကို ကနေဒါမှ ကာဒီချာ ဘူချာနန်က ရရှိခဲ့သည်။ အကောင်းဆုံးအသင်းအဖြစ် ပြင်သစ်



ရွှေဘောလုံးဆုရ အမေရိကန် တိုက်စစ်မှူး ကာလီလွိုက်

အသင်းကို ရွေးချယ်ခဲ့သည်။

တတိယနေရာလုပွဲကို မြန်မာစံတော်ချိန် ဇူလိုင် ၅ ရက် နံနက်ပိုင်းက ဂျာမနီနှင့် အင်္ဂလန်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန် မိနစ် ၉၀ ပြည့်ထိ ဂိုးမရရှိဘဲ အချိန်ပို မိနစ် ၃၀ ထပ်မံ ကစားခဲ့သည်။ ပွဲချိန် ၁၀၈ မိနစ်တွင် အင်္ဂလန်မှ ပယ်နယ်တီ ကန်ခွင့်ရခဲ့ပြီး ဝီလီယံက ကန်သွင်းခဲ့သည်။ ပွဲပြီးချိန်တွင် အင်္ဂလန်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ တတိယနေရာ ရပ်တည်ခဲ့သည်။ **သီဟ**

# မူကြိုကျောင်းဆောင်သစ် ပန္နက်ချပွဲအခမ်းအနားကျင်းပ

**ဒေါ့ဖုန်းယန် ဇူလိုင် ၆**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ အသက်ငါးနှစ်ပြည့် ကလေးများ မူကြိုကျောင်းတက်ရောက်သင်ကြားနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုချထားငွေကျပ် ၂၁၆ သိန်းဖြင့် ပေ (၆၀×၃၀)ရှိ မူကြိုကျောင်းဆောင်သစ်ကို စိန်လုံချယ်ရီ ကုမ္ပဏီက တာဝန်ယူဆောက်လုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မူကြိုကျောင်းဆောင်သစ် ပန္နက်ချပွဲကို ဇူလိုင် ၅ ရက် နံနက် ၈ နာရီခွဲက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆွတ်နောင်၊ မြို့နယ် ဒုတိယပညာရေးမှူးနှင့်အဖွဲ့က ပန္နက်ချပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ် ဝါးရုံတောရွာအနောက်ဘက်တွင် ကြေးလင်ပန်း၊ ကြေးဖလားကြီးများတွေ့ရှိ

**ရမည်းသင်း ဇူလိုင် ၆**

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဝါးရုံတောအုပ်စု ဝါးရုံတောကျေးရွာ၌ လွန်ခဲ့သော နှစ်ပေါင်းများစွာကဟု ခန့်မှန်းရသော ကြေးလင်ပန်းကြီး၊ ကြေးဖလားများကို လွန်ခဲ့သော ရက်များအတွင်းက တွေ့ရှိခဲ့သည်ဟု သိရသည်။



ယင်းကြေးလင်ပန်း၊ ကြေးဖလားများကို ဝါးရုံတောရွာ၏ အနောက်ဘက် သစ်ဝံချောင်းအတွင်းသို့ စီးဝင်သော စက်စက်ယိုရိုးကမ်းပါးဘေးတွင် တွေ့ရှိရသည်ဟု သိရပြီး ယင်းဝန်းကျင်သို့ နွားကျောင်းကြသော မောင်ကျော်မင်းနိုင်နှင့် မောင်ကုလားတို့ နှစ်ဦးသည် ရိုးကမ်းပါးတစ်လျှောက် ငှက်ပစ်သွားကြရာ ယင်းပစ္စည်းများ ထိုးထွက်နေသည်ကို တွေ့ရသည်။ ယင်းထိုးထွက်နေသော အရာကို ပါလာသောဓားဖြင့် ထိုးဆွတူးဖော်ရာ ဦးစွာ ကြေးလင်ပန်းကြီး နှစ်ချပ်ထပ်လျက် တွေ့ရှိရပြီးနောက် ထပ်မံတူးဖော်ရာ ကြေးဖလားကြီး နှစ်လုံးကို ထပ်လျက်အနေအထား ထပ်မံတွေ့ရှိရသည်ဟု သိရသည်။

ယခုဖော်ပြပါ ကြေးလင်ပန်းကြီး၏ အတိုင်းအတာမှာ အဝန်း တစ်တောင်ရှိပြီး စောက်(အမြင့်)မှာ သုံးလက်မနီးပါးခန့်ရှိသည်။ ကြေးလင်ပန်းကြီး၏ အပေါ်နှုတ်ခမ်းသားကို သပ်ရပ်စွာ အဖျားခတ်ထားသည်ကို တွေ့ရသည်။ ယင်းကြေးလင်ပန်းကြီး၏ အလေးချိန်မှာ ၉၈ ကျပ်သား ရှိသည်။ ကျန်ကြေးလင်ပန်းတစ်ချပ်သည် အတန်ငယ်သေးသည်ဟု သိရသည်။ အတူတွေ့ရသော ကြေးဖလားကြီး မျက်နှာပြင်အကျယ်မှာ ဆယ်လက်မခန့်ရှိပြီး အမြင့်မှာ ငါးလက်မရှိသည်။ အလေးချိန်မှာ လေးဆယ်ကျပ်သားရှိသည်။ ကျန်တစ်လုံးမှာ ယင်းထက်အတန်ငယ်ပြီး အလေးချိန်လည်း လျော့သည်။

ယခုကဲ့သို့ ထူးခြားစွာတွေ့ရှိရသော ကြေးလင်ပန်းကြီး၊ ကြေးဖလားကြီးများသည် မည်သည့်ခေတ်အခါက ဖြစ်သည်ကို ဒေသခံပြည်သူများက စိတ်ဝင်စားစွာ သိရှိလိုကြကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# လာတော့မယ့် ရွေးကောက်ပွဲ

**ချစ်နိုင်(စိတ်ပညာ)**

'ဟေ့ ကိုချစ်နိုင် မင်းတို့အလုပ်များနေလား'

'ဒီလိုပါပဲ သူငယ်ချင်းရာ၊ အရင်ထက်စာရင်တော့ အစည်းအဝေးတွေ၊ ဆွေးနွေးပွဲတွေပိုများလာတာပေါ့'

'ရွေးကောက်ပွဲနဲ့ပတ်သက်လို့မေးချင်တယ်ကွာ'

'မေးပါဗျာ၊ ဖြေနိုင်တာဖြေမှာပေါ့'

'မင်းက တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်တစ်ယောက်ဆိုတော့ သိလောက်ပါတယ်။ မင်းတို့ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်ရဲ့ အခြေခံမူက ဘာလဲ'

'အခြေခံမူဆိုတာ ရှိရတာပေါ့ကွယ်၊ အခြေခံမူပေါ်မှာ ရပ်တည်ပြီး ဆက်လက်အကောင်အထည်ဖော်ကြရတာ မဟုတ်လား'

'အေးလေ၊ ဒါ့ကြောင့် အရေးအကြီးဆုံးကို အရင်မေးတာလေကွာ'

'ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေ ရပ်ကွက်နဲ့ ကျေးရွာကော်မရှင် အဖွဲ့ခွဲများအထိ အားလုံးသော တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကော်မရှင်တွေဟာ ဒီအခြေခံမူ ( ၇) ချက်နဲ့ အလုပ်လုပ်နေကြပါတယ်-

၁။ လွတ်လပ်၍ အမှီအခိုကင်းခြင်း၊
၂။ တရားမျှတခြင်း၊
၃။ ပွင့်လင်းမြင်သာခြင်း(ယုံကြည်မှုရှိစေခြင်း)၊
၄။ တာဝန်ယူစိတ်ဖြင့် ဆောင်ရွက်ခြင်း၊
၅။ တီထွင်ကြံဆတွေးခေါ်ခြင်း၊
၆။ ပြည်သူများ၏ ယုံကြည်ကိုးစားမှုရှိခြင်း (Trust)၊
၇။ ဂုဏ်သိက္ခာပြည့်ဝခြင်း။ တို့ပါဗျာ'

'ဟေ့--- ကိုချစ်နိုင်ရာ ဂျာနယ်တွေထဲမှာပါတာတွေက ရှေ့ပြေးမဲစာရင်းမှာ အမည်သတ်ပုံမှားတာ၊ မွေးနေ့လွဲတာ၊ သေသွားပြီးသား လူအမည်ပါနေတာ စသဖြင့် လွဲချော်တာတွေ သိပ်များနေပါလားကွ။ အဲဒါ ယုံကြည်ကိုးစားနိုင်ပါ့မလား'

'မှားတာပါရင် ပြင်ရုံပေါ့ သူငယ်ချင်းရာ။ မဲဆန္ဒရှင်စာရင်းသန်းနဲ့ ချီပြီး ပြုစုကြရာမှာ စာလုံးပေါင်းမှားတာ၊ သတ်ပုံအမှား၊ မွေးတဲ့ရက်စွဲ အမှားဆိုတာတွေ ပါနိုင်တာပဲ။ ဘာမှမခက်ခဲပါဘူး။ မှားတာကိုတိတိကျကျ ထောက်ပြပြီး ကာယကံရှင်က ပြင်ပေးပါဆိုရင် ပြင်ပေးမှာပဲ။ မှန်သွားရာပေါ့။ လိုရင်ဖြည့်ပါ။ ပိုရင်ပယ်ဖို့ အသိပေးပါလို့ စာရင်းကပ်ပေးတာလေကွာ။ မဟုတ်ဘူးလား'

'အေး---ဟုတ်တယ်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက လူဦးရေစာရင်းကို မယူဘူးကွ'

'အဲဒါကြောင့် ဒီလောက်အမှားများတာပေါ့ဟ။ ဘာဖြစ်လို့ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဦးစီးဌာနကစာရင်းကို မကိုးကားထားပြီး မဲစာရင်းလုပ်ရတာလဲ'

'ပြောရရင် အရှည်ကြီးကွ၊ အတိုဆုံးပြောရရင်တော့ မဲဆန္ဒရှင် စာရင်းမှန်ကန်တိကျအောင် အခုလို ကြိုကြိုတင်တင်ထုတ်ပြန်ပြီး ပြည်သူ လူထုကို အသိပေးမယ်။ လဝကစာရင်းကို အခြေခံသင့်တယ်လို့ နိုင်ငံတကာ စံနှုန်းအရ ရွေးချယ်ဆုံးဖြတ်ခဲ့တာပဲ။ နိုင်ငံတကာ စောင့်ကြည့်လေ့လာ သူများ၊ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များကလည်း ဒါကိုပဲ သဘောကျ တယ်လေ'

'အေးကွာ၊ နိုင်ငံတကာမျက်နှာစာမှာ ယုံကြည်ကိုးစားမှုရှိအောင် လဝက စာရင်းအတည်ယူပြီး လုပ်တာဆိုလည်း ပိုကောင်းမှာပါ။ ရပ်ကွက်၊ ကျေးရွာတိုင်းမှာ အမှန်တကယ်ရှိကြတဲ့ လူဦးရေစာရင်းကိုတော့ မြို့နယ် ထွေ/အုပ်နဲ့ ရယကရုံးတွေမှာ ရှိကြတယ် မဟုတ်လား'

'အခုလို လေးလလောက်ကြိုတင်ပြီး မဲဆန္ဒရှင်တွေက ကိုယ်တိုင်လာကြည့်၊ အမှားပြင်ပေး။ နောက်တစ်ကြိမ် အမှန်ပြင်ပြီးသား လာကပ်ပြဦးမယ်။ ဒါဆိုရင်တော့ ပိုပြီးတိတိကျကျ မှန်မှန်ကန်ကန်ဖြစ်ရောပေါ့၊ ဟုတ်လား'

'အေး---ကိုချစ်နိုင် ရှင်းပြတော့လည်း သဘောပေါက်ပါပြီ။ ဒါပေမယ့် အချို့စာနယ်ဇင်းသမားတွေက ပွင့်လင်းမြင်သာမှု နည်းတယ်၊ ဘာညာ ဝေဖန်တာရှိရင် မင်းက ဘာပြန်ပြောချင်လဲ'

'ဘာမှပြန်မပြောချင်ပါဘူး'

'ဟင်---ဘာဖြစ်လို့လဲ'

'သူငယ်ချင်းစဉ်းစားကြည့်၊ မြန်မာနိုင်ငံမှာ ယခင့် ယခင် ရွေးကောက်ပွဲတွေရှိခဲ့ဖူးတယ်။ အနီးဆုံးပဲပြောကြပါစို့။ ၂၀၁၀ ရွေးကောက်ပွဲ၊ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ၊ အဲဒီရွေးကောက်ပွဲတွေတုန်းက မီဒီယာကျင့်ဝတ် စာနယ်ဇင်းသမားများရဲ့ ကျင့်ဝတ်ဆိုတာရှိခဲ့ဖူးသလား'

'ငါသိသလောက်မရှိခဲ့ပါဘူး'

**အထွေထွေရွေးကောက်ပွဲကြီးတစ်ရပ် အောင်အောင်မြင်မြင်ဖြစ်ဖို့ လွတ်လပ်စွာ၊ တရားမျှတစွာ၊ ပွင့်လင်းမြင်သာစွာ၊ ယုံကြည်ကိုးစားစွာ၊ စိတ်ချမ်းသာပျော်ရွှင်စွာ ပြီးမြောက်ဖို့ဆိုတာ ရွေးကောက်ပွဲကော်မရှင်တစ်ခုတည်းနဲ့ မပြီးမြောက်ဘူး**

'အမှားတွေက ၈၀ ရာခိုင်နှုန်းလောက် ရှိနေတယ်လို့ ပါတီတစ်ခုက ထောက်ပြဝေဖန်နေပါလား'

'ဘယ်ရပ်ကွက်လဲ၊ ဘယ်ရွာလဲ၊ ဘယ်မဲရုံလဲ၊ ဘယ်မြို့နယ်လဲ၊ ဝါးလုံးရှည်နဲ့ သိမ်းရမ်းနေရုံမျှနဲ့ အလုပ်မဖြစ်ဘူးသူငယ်ချင်းရာ။ တိတိကျကျ ပြောစေချင်ပါတယ်။ အမှားတွေပါမှာပါ။ မှားရင်မှန်အောင်ပြင်ကြပါ။ ပြင်နိုင်အောင်မူကြမ်းသဘော ရှေ့ပြေးစာရင်း ထုတ်ပြန်တာကို ပေါင်ကြားကို ကင်းကိုက်သလို ငယ်သံပါအောင်အော်နေတာမျိုးက သဘောရိုးရဲ့လား၊ စဉ်းစားပေါ့ကွာ။ အမှန်တကယ်က ပူးပေါင်းဆောင်ရွက်ကြရမှာပါ။ ချွတ်ယွင်းချက်၊ အားနည်းချက်တွေ့ရင် တစ်ခုချင်း ထောက်ပြဝေဖန်လေကွာ။ ဒါမှ ပြုပြင်နိုင်ပေမှာပေါ့'

'လူတွေကတော့ သေတဲ့လူတွေ မဲစာရင်းမှာပါနေတယ်လို့လည်း ပြောသံကြားတယ်ဟ'

'ဒါလည်းဖြစ်နိုင်တယ်။ မိသားစုက မြို့နယ်လဝကအထိ သေဆုံးကြောင်း အကြောင်းမကြားခဲ့ရင်၊ မြို့နယ်လဝကမှာ စာရင်းမရောက်ရင် ပါနေမှာပဲ'

'ကိုချစ်နိုင်ရာ ထွေ/အုပ်က လစဉ် လစဉ် လူစာရင်း အတိုးအလျော့ အမြဲကောက်နေတာကွ၊ Up-to date ပိုဖြစ်တယ် မဟုတ်ဘူးလား'

'မရှိခဲ့ဖူးပါဘူးလေ။ အခုရွေးကောက်ပွဲမတိုင်ခင်မှာ ရှိနေပြီဗျ။ စာနယ်ဇင်းသမားတွေပဲ ရေးဆွဲခဲ့ကြတာ။ နောက်တစ်ခု ပါတီများရဲ့ကျင့်ဝတ်ဆိုတာရော ယခင်ရှိခဲ့ဖူးပါသလား'

'မရှိခဲ့ဖူးပါဘူးကွာ'

'အခု ပါတီကျင့်ဝတ်ဆိုတာရှိနေပါပြီ။ တရားဝင်ပါတီအားလုံးက စုပေါင်းပြီးရေးဆွဲ အတည်ပြုခဲ့တာပဲ'

'မင်းဘာဆိုလိုချင်တာလဲ ကိုချစ်နိုင်'

'အထွေထွေရွေးကောက်ပွဲကြီးတစ်ရပ် အောင်အောင်မြင်မြင်ဖြစ်ဖို့ လွတ်လပ်စွာ၊ တရားမျှတစွာ၊ ပွင့်လင်းမြင်သာစွာ၊ ယုံကြည်ကိုးစားစွာ၊ စိတ်ချမ်းသာပျော်ရွှင်စွာ ပြီးမြောက်ဖို့ဆိုတာ ရွေးကောက်ပွဲကော်မရှင်တစ်ခုတည်းနဲ့ မပြီးမြောက်ဘူးလေ'

'ဟုတ်ပါတယ်၊ လက်ခံပါတယ်'

'အခုအခါ သတင်းစာဆရာ၊ စာနယ်ဇင်းသမား၊ မီဒီယာများကလည်း စနစ်တကျ အောင်မြင်အောင် ပူးပေါင်းပါဝင်ကူညီကြမယ်။ နိုင်ငံရေးပါတီတွေကလည်း အားလုံးစည်းကမ်းတကျ ကျင့်ဝတ်နဲ့အညီ ပါဝင်လှုပ်ရှားဆောင်ရွက်ကြမယ်။ ပြည်သူလူထုကလည်း ၂၀၁၅ ခု ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဟာ မဲဆန္ဒရှင်ပြည်သူတစ်ဦးချင်းရဲ့ မှန်ကန်တဲ့ရွေးချယ်မဲပေးခြင်းနဲ့ တိုင်းပြည်ကောင်းအောင် ခေါင်းဆောင်မယ့် ခေါင်းဆောင်ကောင်းတွေ တင်မြှောက်မယ်ဆိုတာ ဆုံးဖြတ်ထားတယ်။ အစိုးရကလည်း လုံခြုံရေး၊ စီမံရေး၊ အစစအရာရာတရားမျှတစွာ အားပေးဖြည့်ဆည်းတယ်။ နိုင်ငံတကာကလည်း ဒီရွေးကောက်ပွဲကို စိတ်ဝင်စားတယ်။ ယခင်က တစ်ကြိမ်တစ်ခါမှ ခွင့်မပြုဖူးတဲ့ နိုင်ငံတကာမှ စောင့်ကြည့်အဖွဲ့၊ လေ့လာအဖွဲ့တွေကို ရွေးကောက်ပွဲနေ့မှာ လေ့လာကြည့်ရှုခွင့် တရားဝင်ခွင့်ပြုမယ်။ ဒီလိုထူးခြားချက်၊ အားသာချက်တွေကို တစ်ခွန်းမှမပြော၊ တစ်ကြောင်းမှ မရေးဘဲ "အဖေသေတာတစ်နှစ်ရှိပြီ၊ မဲစာရင်းမှာ အမည်ပါနေတယ်၊ မဲစာရင်းက အားလုံး အမှားပဲ၊ အဘအမည် ဦးဆိုးဟာ မဲစာရင်းမှာ ဦးစိုးဖြစ်နေတယ်၊ နာမည် မှားတာတော့ လွန်တာပေါ့။ မွေးတဲ့ ခုနှစ်သက္ကရာဇ်လွဲနေတယ်။ အသက်တစ်နှစ်ပိုကြီးနေတာပေါ့ စသည်ဖြင့် (ပြင်လိုက်ရင် လွယ်လွယ်ကူကူလေး ပြီးသွားမှာတွေကို)အမှားတွေ ၈၀ ရာခိုင်နှုန်းရှိ နိုင်တယ်ဆိုတာတွေ ထပ်ကာ ထပ်ကာ ရေးသားနေတာ အဖျက်သဘောဆောင်တယ်ထင်တာပဲ။ ဒါတွေကို ချေပဖြေရှင်းနေစရာမလိုဘူး။ ပြင်ပေးမှာလေ။ ပြင်နိုင်အောင် တင်ပြနေကြတာ မဟုတ်လား"

'အေး---ဟုတ်ပါပြီကွာ၊ အချို့စာနယ်ဇင်းသမားတွေက လူငယ်လေးတွေဟ။ အရင်းနဲ့အဖျား၊ အဓိကနဲ့သာမည မခွဲခြားတတ်သေးတာလည်း ရှိကောင်း ရှိမှာပေါ့ကွာ။ မင်းမကျေမနပ် မဖြစ်ပါနဲ့'

'မဖြစ်ပါဘူးကွယ်။ လစာ၊ အခွင့်အရေး၊ ဘာမှမရဘဲ စေတနာ့ဝန်ထမ်းပါဝင် ထမ်းဆောင်လာတာ ငါးနှစ်ရှိပါပြီ။ ပြည်သူလူထုအပေါ်မှာဖြစ်ဖြစ်၊ နိုင်ငံရေးပါတီတွေအပေါ်မှာပဲဖြစ်ဖြစ်၊ မီဒီယာသမားများအပေါ်မှာဖြစ်ဖြစ်၊ စိတ်မငြိုငြင်ခဲ့ပါဘူး။ မေတ္တာမပျက်ခဲ့ပါဘူး။ ကောင်းကောင်းဆိုးဆိုး၊ သူ့အကျိုးနဲ့သူ့အကြောင်း ရှိကြမှာပါ။ ကော်မရှင်နဲ့ ညှိစရာမရှိပါဘူးကွယ်။ ကော်မရှင်အဖွဲ့ဝင်အားလုံးက ကိုယ်ပြောခဲ့တဲ့ အခြေခံမူ(၇)ချက်နဲ့ အလုပ်လုပ်တာ။ ပါတီများ၊ မီဒီယာများ၊ ပြည်သူရဲ့ မကုန်ခန်းနိုင်တဲ့ စွမ်းအားများနဲ့ အောင်မြင်အောင်လုပ်ဆောင်မှာပါ။'

'ကိုချစ်နိုင်ရာ ငါမသိလို့မေးပါရစေ။ မဲဆန္ဒရှင်ရဲ့အခွင့်အရေးတွေက ဘာတွေလဲကွာ'

'မေးလာရင်တော့ ဖြေရမှာပေါ့-

(၁) လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးကောက်တင်မြှောက်ခွင့်ရှိတယ်။
(၂) မဲပေးချင်ရင် ပေးနိုင်တယ်။ မဲမပေးဘဲနေလိုက နေနိုင်တယ်။ မပေးမနေရမဟုတ်ပါ။ ကိုယ့်ဆန္ဒပဲ။
(၃) ဆန္ဒပြုလိုသူအတွက် တစ်မဲသာပေးရမယ်။
(၄) မဖတ်တတ်ရင် မဲရုံမှူးကို အကူအညီတောင်းနိုင်တယ်။
(၅) မသန်စွမ်းရင် အကူအညီယူပြီး မဲပေးနိုင်တယ်။
(၆) ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနဲ့ ပတ်သက်လို့ မကျေနပ်ချက်၊ နစ်နာချက်ရှိခဲ့ရင် ရွေးကောက်ပွဲပြီး ၁၅ ရက်အတွင်းမှာ သက်သေအထောက်အထားခိုင်ခိုင်လုံလုံနဲ့ ဥပဒေနဲ့အညီ သက်ဆိုင်ရာ ရဲစခန်းမှာ တိုင်တန်းခွင့်ရှိတယ်။
(၇) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးရဲ့ ကုန်ကျစရိတ်ငွေစာရင်းကို မိတ္တူမှန်တစ်မျက်နှာလျှင် ငွေကျပ်၁၀၀၀ ပေးဆောင်ပြီး လျှောက်ထားရယူပိုင်ခွင့်ရှိတယ်။
(၈) ရွေးချယ်ခံရသူကို ကန့်ကွက်လွှာကို ဆီလျော်တဲ့အကြောင်းပြချက်နဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သတ်မှတ်ထားတဲ့အတိုင်း တင်သွင်းခွင့်ရှိတယ်။
(၉) လွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနဲ့အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိတယ်'

'ဟေ့- --ကိုချစ်နိုင်ရေ၊ မဲဆန္ဒရှင်ရဲ့ အခွင့်အရေးများ အမှတ်စဉ်(၉)ကို ဥပဒေပြုအဖွဲ့အစည်းက ပယ်ဖျက်ဖို့ မူကြမ်းတင်တယ်ဆို'

'မသိပါဘူးကွယ်။ ကိုယ်တို့နဲ့မဆိုင်လို့ ဘာမှမပြောလိုပါဘူး။ ဒီအချက်ဟာ ၁၉၄၇ ခု အခြေခံဥပဒေ၊ ၁၉၇၄ ခု အခြေခံဥပဒေ၊ လက်ရှိတည်ဆဲ ၂၀၀၈ ခု အခြေခံဥပဒေ သုံးခုလုံးမှာ မြန်မာပြည်သူများ လွတ်လပ်ရေးရကတည်းက အစဉ်အဆက်ရခဲ့တဲ့ ဒီမိုကရေစီ အခွင့်အရေးတစ်ရပ်ပါ။ ဥပဒေပြုအဖွဲ့အစည်းဟာ ပြည်သူ့အကျိုးစီးပွားနဲ့ ဒီမိုကရေစီအခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ပေးလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်'

'ကဲ---မဲဆန္ဒရှင်တစ်ဦးရဲ့တာဝန်တွေကဘာလဲ'

'ပြောစမ်းပါဦး'

'(၁) ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အခြေခံမဲစာရင်းများကို ကြေညာတဲ့အခါ မိမိနာမည်ပါမပါ သွားကြည့်ရန်၊
(၂) မဲပေးတဲ့နေ့မှာ မဲရုံမှူးက တာဝန်အရ ညွှန်ကြားတာကို လိုက်နာရန်၊ ဒီနှစ်ချက်တည်းပါ'

စာမျက်နှာ ၁၀ သို့

# အခြေခံနှင့် အဆင့်မြင့်ပန်းချီသင်တန်းများဖွင့်

**မုံရွာ ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတက္ကသိုလ် စာပေအနုပညာအသင်းခန်းမ၌ အဆင့်မြင့်ပန်းချီသင်တန်းနှင့် အခြေခံပန်းချီသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက် ညနေ ၃ နာရီခွဲက ကျင်းပရာ မုံရွာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်နိုင်ဦး၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ချင်းတွင်းရေကြည်ပန်းချီအဖွဲ့မှ ပန်းချီဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ယခု ဖွင့်လှစ်သည့် ပန်းချီသင်တန်းများဖြစ်သော အဆင့်မြင့်ပန်းချီသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၆ ဦး၊ အခြေခံပန်းချီသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅၀ စုစုပေါင်း ၁၆၆ ဦး တက်ရောက်မည်ဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းများကို ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ကျောင်းဖွင့်ရက်တိုင်း ညနေ ၄ နာရီမှ ၅ နာရီခွဲအထိ ချင်းတွင်းရေကြည်ပန်းချီအဖွဲ့မှ ပန်းချီဆရာများဖြစ်သော ဦးရဲမြင့်၊ ဦးဇော်ဝင်းတင်၊ ဦးညိုသိန်း၊ ဦးမောင်မောင်စန်းတို့က စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ဩစတြေးလျ အမျိုးသားတက္ကသိုလ် ပါမောက္ခ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဩစတြေးလျနိုင်ငံ Australian National University (ANU) , Southeast Asian Studies မှ Professor Andrew Walker ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိလွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော် အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးမြညိမ်း၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမှတ်ကြီးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် Australian National University (ANU), Southeast Asian Studies မှ Professor Andrew Walker နှင့် ကိုယ်စားလှယ်အဖွဲ့ဝင် ကျောင်းသားများက မြန်မာလွှတ်တော်နှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကြရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်ဦးဆောင်သောအဖွဲ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးထွန်းထွန်းဟိန်း၊ ဦးဝင်းမြင့်နှင့် ဦးအောင်ကြည်ညွှန့်တို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေးခန်းမ၌ တွေ့ဆုံရာ အဖွဲ့ဝင် ဦးအောင်မြင့်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးမြင့်ဦးတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကိုယ်စားလှယ်အဖွဲ့က ဒုတိယအဆင့်အခြေခံ မဲဆန္ဒရှင်စာရင်း ကြေညာထားသည့် ရန်ကုန်တိုင်းဒေသကြီး ၁၄ မြို့နယ်နှင့် နေပြည်တော် ရှစ်မြို့နယ်မှ မဲစာရင်းစိစစ်ရေးအဖွဲ့များ၏ မဲစာရင်းစိစစ်ရာတွင် တွေ့ရှိရသည့် အခက်အခဲများအားတင်ပြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ယင်းအခက်အခဲများအား ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မေးမြန်းချက်များအပေါ် ရှင်းလင်းပြောကြားခဲ့ပြီး မဲစာရင်းအမှန်ရရှိရေး ပူးပေါင်းဆောင်ရွက်သွားရန် ပြောကြားသည်။ **(သတင်းစဉ်)**

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကြာအင်းဆိပ်ကြီးမြို့တွင် ၅ ဒသမ ၅၄ လက်မ၊ မာန်အောင်မြို့တွင် ၅ ဒသမ ၁၂လက်မ၊ ပုသိမ်မြို့တွင် ၄ ဒသမ ၀၆ လက်မ၊ ကျောက်တော်မြို့ တွင် ၃ ဒသမ ၈၂ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၆၂ လက်မနှင့် လောင်းလုံးမြို့တွင် ၃ ဒသမ ၁၉ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ကြို့ပင်ကောက်မြို့နယ် လယ်တီကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိ

**နေပြည်တော် ဇူလိုင် ၆**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ကျန်းမာရေးကဏ္ဍဆိုင်ရာမေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြန်လည်ဖြေကြားခဲ့သည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **တိုင်းရင်းဆေးပညာရှင်များအား ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးတာဝန်များအထိ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ တိုင်းရင်းဆေးပညာ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များတွင် တိုင်းရင်းဆေးပညာရှင်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကုသရေးလုပ်ငန်းများ သာမက စီမံခန့်ခွဲရေးလုပ်ငန်းများ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများ၊ ဆေးရုံလုပ်ငန်းများ၊ စက်ရုံလုပ်ငန်းများ၊ ပြတိုက်လုပ်ငန်းများ၊ ဥယျာဉ်လုပ်ငန်းများပါဝင်နေပြီး ၎င်းလုပ်ငန်းများနှင့် သက်ဆိုင်သည့် တိုင်းရင်းဆေးပညာရှင် မဟုတ်သည့် ကျွမ်းကျင်သူပညာရှင်များလည်း လိုအပ်သည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနကို ဦးဆောင်ဦးရွက် ပြုလုပ်မည့်သူအနေဖြင့် အဆိုပါလုပ်ငန်းနယ်ပယ်များတွင် ကျွမ်းကျွမ်းကျင်ကျင်၊ နှံ့နှံ့စပ်စပ်၊ သိနားလည်ပြီးလမ်းညွှန်မှု ပြုပေးနိုင်ရန် လိုအပ်သည့်အတွက် နောင်အနာဂတ်ကာလတွင် တိုင်းရင်းဆေးပညာ ရှင်ထဲမှ အဆိုပါ လုပ်ငန်းနယ်ပယ်များကို တတ်သိနားလည်၍ ဦးဆောင်ဦးရွက်ပြုနိုင်မည့်ပုဂ္ဂိုလ်များ ပေါ်ထွန်းလာသည့်အချိန်တွင် တာဝန်များ အဆင့်ဆင့် တိုးမြှင့်ပေးနိုင်ရန် စဉ်းစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဖြေကြားစဉ်။



ကြို့ပင်ကောက် မဲဆန္ဒနယ်မှ ဦးသန့်ဇင် မေးမြန်းစဉ်။

ကြို့ပင်ကောက် မဲဆန္ဒနယ်မှ ဦးသန့်ဇင်၏ **ကြို့ပင်ကောက်မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံအား ခုတင် ၁၀၀ ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် လယ်တီကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန်** မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံကို ခုတင် ၁၀၀ ဆံ့သို့ တိုးမြှင့်ရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ကျန်းမာရေးဝန်ကြီးဌာနက တိုးချဲ့ဆောက်လုပ်မည့် အဆောက်အအုံများအတွက် မြေနေရာလုံလောက်မှု ရှိ၊ မရှိ၊ အဆောက်အအုံ ထပ်မံဆောက်လုပ်ရန် လိုအပ်ချက် ရှိ၊ မရှိနှင့် နယ်မြေဒေသ အခြေအနေနှင့် မြေပြင်အမှန်တကယ် လိုအပ်မှု ရှိ၊ မရှိတို့ကိုစိစစ်ပြန်ကြားပေးရန် ညှိနှိုင်းထားပါကြောင်းနှင့် သဘောတူညီချက်ရရှိပါက အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဘီအီးဒီ ငါးနှစ်သင်တန်းဝင်ခွင့်ကန့်သတ်ချက်များအား ဖြေလျှော့ပြင်ဆင်သတ်မှတ်ပေးသွားမည်

**နေပြည်တော် ဇူလိုင် ၆**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှဒေါက်တာခင်ရွှေ၏ **တွံတေးမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအား ငါးအစာတောင့်အကြွေးမကျေ၍ ယခင်တရားမကြောင်းနှင့် စွဲဆိုထားခဲ့ရာမှ ယခု အရေးယူထားသော အပက(၃)ပုဒ်မအား အခြားပုဒ်မတစ်ခုသို့ သက်ညှာစွာ ပြောင်းလဲပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က တရားရုံးတွင် တရားစွဲတင်ပြီးနောက် ကြွေးမြီအပြေအကျေပေးဆပ်ပါက အမှုကို ရုပ်သိမ်းနိုင်ပါကြောင်း၊ အမှုတစ်ခုချင်း၏ အကြောင်းအချင်းအရာ၊ ကြွေးကျန်ရှိသည့် ငွေကြေးပမာဏနှင့် ကြွေးကျန်လုပ်ငန်းရှင်၏ ပြုမူဆောင်ရွက်ချက် စသည့်အချက်များအပေါ် မူတည်၍ သက်ဆိုင်ရာတရားစွဲ အဖွဲ့အစည်းက ငြိစွန်းမှုရှိသည့်ဥပဒေနှင့် အညီ လိုအပ်သလိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းသည်။



ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြေကြားစဉ်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်၏ **ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဘီအီးဒီ ငါးနှစ်သင်တန်းဝင်ခွင့် လျှောက်လွှာပါ ကန့်သတ်ချက်များအား ပြင်ဆင်သတ်မှတ်ပြောင်းလဲပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်က သင်တန်းဝင်ခွင့်လျှောက်လွှာပါ ကန့်သတ်ချက်များရှိ မိဘနှစ်ပါးစလုံးသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဟူသည့် အချက်အား လျှောက်ထားသူသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟူ၍လည်းကောင်း၊ အားကစား တစ်မျိုးမျိုးထူးချွန်သူဟူသည့် အချက်အား အားကစားထူးချွန်သူများကို ဦးစားပေးမည်ဟူ၍ လည်းကောင်း၊ မိဘနှစ်ပါးစလုံးသည် ဒေသခံဇာတိဖြစ်ရမည်ဟူသည့်အချက်အား မိဘနှစ်ပါးစလုံးသည် ဒေသတွင် အမှန်တကယ် နေထိုင်သူများဖြစ်ရမည်ဟူ၍လည်းကောင်း ဖြေလျှော့ပြင်ဆင်သတ်မှတ်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ၏ **ကျောင်းအခြေပြုမူကြို (ECD) ဆရာမများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက မူကြိုဆရာမများအဖြစ် ခန့်ထားနိုင်ရေးအတွက် မူဝါဒများရေးဆွဲခြင်း၊ လိုအပ်သော ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များ စိစစ်ဆောင်ရွက်နေခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ခွင့်ပြုချက်ရရှိမှသာလျှင် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပေးနိုင်မည်ဖြစ်ကြောင်းရှင်းလင်းပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးအုန်းတင်၏ **မာန်အောင်မြို့နယ် ကျူကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအား ၂၀၁၅- ၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ သတ်မှတ်မူဘောင်နှင့် ကိုက်ညီမှုမရှိပါသဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ မေးမြန်းစဉ်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပေးပို့ထားသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပို့ထားသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် ရှေးဟောင်း အဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သိန်းလွင်၊ ဗိုလ်မှူးဝင်းသိန်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့က လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်နိုင်ငွေးက လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းသန့်က လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ငြိမ်းနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့က လည်းကောင်း၊ နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်သက်မြင့်က လည်းကောင်း၊ ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦးကလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး တိုးမင်းထွန်းကလည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



◆ **ရှေ့ဖုံးမှ**

ပါဝင်ကြောင်း၊ ရရှိသည့်ဝင်ငွေကို အသင်းသားများ ခွဲဝေယူကြကြောင်း သိရသည်။

ထို့နောက် အိုဆာကာမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိပြီး အိုဆာကာဓာတ်ငွေ့ကုမ္ပဏီ အဆင့်မြင့် စွမ်းအင်ကွန်ရက်စီမံကိန်း (Osaka Gas Smart Network) ကို သွားရောက်လေ့လာသည်။

အိုဆာကာ ဓာတ်ငွေ့ကုမ္ပဏီသည် အိုဆာကာမြို့ အီဝါဆာကီ (Iwasaki) နယ်မြေ၌ သဘာဝ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး ပေးလျက်ရှိသည်။ ထိုသို့ ဖြန့်ဖြူးရာတွင် Gas Cogeneration System ကို အသုံးပြုပြီး သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာမှ ထွက်ရှိလာသော အပူငွေ့အား သတ်မှတ်နယ်မြေ အတွင်းလေပူလေအေးပေးရာတွင် အကျိုးရှိစွာ အသုံးချလျက်ရှိသည်။

ထို့ပြင် ဓာတ်အားဖြန့်ဝေသည့် နယ်မြေအတွင်း၌ ဒေသခံပြည်သူများ ဆူနာမီရန်မှတိမ်းရှောင်ရန် ဘေးကင်းနေရာအဖြစ် သတ်မှတ်ထားသည့် အိုဆာကာ မိုးလုံလေလုံခန်းမ (Kyocera Dome Osaka) နှင့် AEON ဈေးဝယ်စင်တာတို့ကို သဘာဝဓာတ်ငွေ့နှင့် နေရောင်ခြည်စွမ်းအင်တို့ကို အသုံးပြုပြီး အရေးပေါ် အခြေအနေတွင် ဓာတ်အားပြတ်လပ်မှုမရှိစေရန် စီမံဆောင်ရွက်ထားသည်။

ယင်းနောက် RIHGA Royal ဟိုတယ်၌ ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များက တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။


**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အိုဆာကာဓာတ်ငွေ့ကုမ္ပဏီ အဆင့်မြင့် စွမ်းအင်ကွန်ရက်စီမံကိန်းနှင့်ပတ်သက်၍ တာဝန်ရှိသူက ရှင်းလင်းတင်ပြစဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)






**အိုဆာကာမြို့ အီဝါဆာကီနယ်မြေ၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်(ဝဲပုံ)နှင့် ဆူနာမီရန်မှတိမ်းရှောင်ရန် ဘေးကင်းနေရာအဖြစ် သတ်မှတ်ထားသည့် အိုဆာကာမိုးလုံလေလုံခန်းမ**(အပေါ်ပုံ)။








**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့၊ ဟိုဂျူစုပေါင်းစိုက်ခင်းအသင်းအဖွဲ့ အကြီးအကဲ Mr. Sakai နှင့် အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်း - စာ-၈) (ဓာတ်ပုံ - ပြန်/ဆက်)



## ဟိုဂျူစုပေါင်းစိုက်ခင်း၌ စိုက်ပျိုးထားသည့် စပါးခင်းများ

**ဟိုဂျူ စုပေါင်းစိုက်ခင်း၌ စိုက်ပျိုးထားသည့် စပါးခင်းများကို တစ်မျှော်တစ်ခေါ်တွေ့ရစဉ်။** (ဝဲပုံ) (ဓာတ်ပုံ-ပြန်/ဆက်)

**ဟိုဂျူ စုပေါင်းစိုက်ခင်း၌ စိုက်ပျိုးထားသည့် သီးနှံပင်များကို တွေ့ရစဉ်။** (အောက်ဝဲပုံ)

**ဟိုဂျူ စုပေါင်းစိုက်ခင်း၌ အသုံးပြုသည့် စက်ယန္တရားများကို တွေ့ရစဉ်။** (အောက်ပုံ) (ဓာတ်ပုံ-ပြန်/ဆက်)





*ပြည်သူ့လွှတ်တော်အစည်းအဝေးမှ*

သဘောထားမှတ်ချက် ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် လယ်တီကျေးလက်ကျန်းမာရေးဌာနသည် ကြို့ပင်ကောက်မြို့နယ်ဆေးရုံနှင့် ကိုးမိုင်သုံးဖာလုံ၊ အလယ်ကုန်းတိုက်နယ်ဆေးရုံနှင့် ၁၈ မိုင် ကွာဝေးပါကြောင်း၊ ကုသရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း တစ်နှစ်လျှင် ဆေးရုံအသစ် ၅၀ ရုံ ဖွင့်လှစ်ရန် လျာထားခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ တိုက်နယ်ဆေးရုံခွဲကို ဖွင့်လှစ်ရန် လျာထားခဲ့ပါကြောင်း၊ ကြို့ပင်ကောက်မြို့နယ် လယ်တီကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **မော်တော်ယာဉ် ဥပဒေကြမ်း**၊ ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် ပင်စင်**အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတင်သွင်းသည့် **ရာဇသတ်ကြီးကိုပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် **ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာများကို ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

'ရှင်းတယ်ကွာ၊ ကျေးဇူးတင်တယ် ကိုချစ်နိုင်။ မင်းနဲ့တွေ့မှ မေးမယ်ဆိုပြီး စဉ်းစားထားတာ။ သိချင်တာသိရလို့ ဝမ်းသာတယ်။ ဒါနဲ့ အရင်ရွေးကောက်ပွဲတွေမှာ မရှိခဲ့ဖူးတဲ့ ရွေးကောက်ပွဲလေ့လာသူများဆိုတာ ရှိလာကြမယ်ဟေ့။ သူတို့ရဲ့ ကျင့်ဝတ်ကော မရှိဘူးလား'

'ရှိတာပေါ့'

'ရှိရင်ပြောစမ်းပါဦးဟ'

'(၁) ပါတီစွဲကင်းခြင်း၊ ကြားနေခြင်း၊
(၂) အကြမ်းမဖက်ခြင်း၊
(၃) ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာခြင်း၊
(၄) စေတနာထားရှိခြင်း၊
(၅) စစ်မှန်ခြင်း၊ (မစွက်ဖက်ရ၊ မလွှမ်းမိုးရ)
(၆) ရိုးသားခြင်း၊
(၇) ရည်မှန်းချက်ထားရှိခြင်း၊ တာဝန်ခံနိုင်ခြင်း၊
(၈) ပူးပေါင်းဆောင်ရွက်ခြင်း၊
(၉) ပွင့်လင်းမြင်သာမှုရှိခြင်း၊
(၁၀) အမှီအခိုကင်းခြင်း။ (ကော်မရှင်၊ အစိုးရ စသည်တို့ထံမှ ဘာမှမယူပါ)'

'ကောင်းတယ်ကွာ၊ ကိုချစ်နိုင်က ပြောပေးပါဦး၊ ဒီလေ့လာသူများရဲ့ အဓိကတာဝန်က ဘာတွေလဲ'

'(၁) လွတ်လပ်မှု ရှိ၊ မရှိ
(၂) တရားမျှတမှု ရှိ၊ မရှိ
(၃) ဘက်လိုက်မှု ရှိ၊ မရှိ
(၄) အားလုံးပါဝင်မှု ရှိ၊ မရှိ
(၅) ထင်သာမြင်သာ ရှိ၊ မရှိ ထင်မြင်ချက်ပေးရန်ဖြစ်ပါတယ်။ Long Time Observer (LTO) စောင့်ကြည့်လေ့လာသူဆိုရင် ရွေးကောက်ပွဲမကျင်းပမီ နှစ်လ၊ သုံးလ ကြိုတင်လေ့လာခွင့်ပေးထားတယ်ဗျ။ Short Time Observer (STO) ဆိုရင် လေ့လာအကဲခတ်သူလို့ခေါ်တယ်။မတူဘူး။ နှစ်မျိုးစလုံးသော နိုင်ငံတကာစောင့်ကြည့်လေ့လာလိုသူ၊ လေ့လာအကဲခတ်လိုသူတွေကို ခွင့်ပြုမယ်။ ကဲ- ရှင်းပြီမဟုတ်လား။ သူငယ်ချင်းစဉ်းစားလေ။'

'ဘယ်သူတွေဘာပြောပြော ရွေးကောက်ပွဲကော်မရှင်နဲ့ နိုင်ငံတော်အစိုးရဟာ ၂၀၁၅ ဒီမိုကရေစီရွေးကောက်ပွဲကို လွတ်လပ်မှု ရှိရှိ၊ တရားမျှတမှု ရှိရှိ၊ ဘက်လိုက်မှု မရှိဘဲ၊ ထင်သာမြင်သာနဲ့ အားလုံးပါဝင်အောင် ကြိုးစားဆောင်ရွက်နေပါလားဆိုတာ လယ်ပြင်မှာဆင်သွားသလို ထင်ရှားပါပြီကွယ်'

'သူငယ်ချင်းမေးလို့ ကိုယ်ဖြေခွင့်ရတယ်၊ ကျေးဇူးအထူးတင်တယ်'။ ။

# (၅၂)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ ကျင်းပပြီးစီး၊ နောက်ဆုံးနေ့ ကျောက်စိမ်းအတွဲပေါင်း ၁၀၀၅ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၆**

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၏ နောက်ဆုံးနေ့ကို ယနေ့ နံနက်ပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် ကြည့်ရှုအားပေးသည်။

ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့ရာ အတွဲပေါင်း ၁၂၆ တွဲကို ရောင်းချခဲ့ရပြီး ယူရို ၅ ဒသမ ၄၉ သန်း ရရှိခဲ့သည်။

ပြပွဲနောက်ဆုံးနေ့တွင် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၀၀၅ တွဲ ရောင်းချနိုင်ခဲ့ပြီး ယူရို ၂၆၁ ဒသမ ၄၀ သန်း ရရှိခဲ့သည်။ ကျောက်စိမ်းအတွဲ ၃၅ တွဲကိုလည်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ယူရို ၅၄ ဒသမ ၉၅ သန်း ထပ်မံရရှိခဲ့သည်။

ယခု ကျင်းပသည့် (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ကျောက်မျက်နှင့် ကျောက်စိမ်းတွဲများ ရောင်းချခဲ့ရမှု၏ စုစုပေါင်းရငွေ ယူရို ၉၄၉ သန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း ပြည်ပ ရတနာကုန်သည်စုစုပေါင်း ၄၅၉၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်သေဆုံး၊ မသန်စွမ်းနှင့် ကုသစရိတ် တစ်လုံးတစ်ခဲတည်းထုတ်ပေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၆**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုများအား ငွေလုံးငွေရင်းအကျိုးခံစားခွင့် တစ်လုံးတစ်ခဲတည်း ထုတ်ပေးခြင်း၊ အမြဲတမ်းမသန်စွမ်းမှု ပင်စင်ငွေ ငွေလုံးငွေရင်း ခွင့်ပြုထုတ်ပေးခြင်း၊ ဆေးကုသမှုကုန်ကျငွေများအား ပြန်လည်ထုတ်ပေးခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်စက်မှုဇုန်(၁)ရှိ ကနောင်ခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**




အခမ်းအနားတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး လူမှုဖူလုံရေး အကျုံးဝင်မှတ်ပုံတင်ထားသော ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အမြဲတမ်းမသန်စွမ်းမှု ပင်စင်၊ နာရေးစရိတ်နှင့် အကျိုးခံစားခွင့်၊ ဆေးကုသခွဲစိတ်မှုအတွက် ခွင့်ပြုထုတ်ပေးငွေ၊ အမြဲတမ်းမသန်စွမ်းမှုပင်စင်ငွေ ငွေလုံးငွေရင်းတို့ကို အာမခံအလုပ်သမားတို့အား ပေးအပ်ခဲ့ပြီး အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အဖွဲ့ဝင် အထည်ချုပ်လုပ်ငန်းရှင်များဥက္ကဋ္ဌ ဦးမြင့်စိုးက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အာမခံအလုပ်သမား ဦးဝင်းထွန်းနိုင်၏ အမြဲတမ်းမသန်စွမ်းမှု ပင်စင်ငွေလုံးငွေရင်း ငွေကျပ် ၁၆ သိန်းကျော်ကို ပေးအပ်ခဲ့ကာ ယင်းနေ့တွင် အလုပ်ခွင်၌ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၂၄၇ သိန်းခန့်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အာမခံအလုပ်သမား ဦးဝင်းထွန်းနိုင်က "၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ ထိခိုက်ဒဏ်ရာရခဲ့တာပါ။ ဝန်ထမ်းတစ်ဦးအနေနဲ့ ရသင့်ရထိုက်တဲ့နစ်နာမှု အကျိုးခံစားခွင့် ရရှိတဲ့အတွက် ကျေးဇူးတင်လို့ မဆုံးပါဘူး။ ရတဲ့ငွေကို ဘဏ်မှာ စာရင်းသေအပ်ပြီး ဘဏ်တိုးလေးနဲ့ မိဘတွေနဲ့အတူနေသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်"ဟု ပြောကြားပြီး Dagon International Co.,Ltd. မှ အမြဲတမ်းမသန်စွမ်းမှုပင်စင် ငွေကျပ် ၄၅ သိန်းကျော်ရသော ဦးကြည်မောင်မောင်၏ကိုယ်စား ညီမဖြစ်သူ စက်မှု(၁)မှ အငြိမ်းစားဝန်ထမ်း ဒေါ်ခင်မာချို က "အစ်ကိုက လုပ်ငန်းခွင်မှာ ထိခိုက်ဒဏ်ရာရရှိပြီးတော့ ခါးရိုးထိခဲ့တာပါ။ လူမှုဖူလုံရေးဝင်ထားတဲ့ အကျိုးလို့ပြောရမှာပါ။ အခုလိုအလုပ်သမားတစ်ယောက်ရဲ့ ခံစားခွင့်ကို လုပ်ဆောင်ပေးတာဟာ တိုင်းပြည်မှာရှိတဲ့ အလုပ်သမားထုအတွက် အနာဂတ်ခံစားခွင့်ကို ပံ့ပိုးပေးရာလည်းကျပါတယ်။ အခုလို ဆောင်ရွက်ပေးတဲ့အတွက် အားလုံးကိုကျေးဇူးတင်ပါတယ်"ဟု ဝမ်းသာစွာဖြင့် ပြောကြားသည်။

လူမှုဖူလုံရေး ဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုများအား ငွေလုံးငွေရင်း အကျိုးခံစားခွင့် တစ်လုံးတစ်ခဲတည်း ထုတ်ပေးခြင်း၊ အမြဲတမ်းမသန်စွမ်းမှု ပင်စင်ငွေလုံးငွေရင်း ခွင့်ပြုထုတ်ပေးခြင်း၊ ဆေးဖိုးကုန်ကျငွေများကို ပြန်လည်ထုတ်ပေးခြင်းအခမ်းအနား ကျင်းပပြီးနောက် စက်မှုဇုန်ကြီးကြပ်မှုကော်မတီများ၊ CMP အထည်ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ကနောင်ခန်းမ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**သန်းထိုက် (လှိုင်သာယာ)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ရွာမွန်ကျေးရွာ၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်

**နတ်မောက် ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွာမွန်ကျေးရွာ၌ ဇူလိုင် ၅ ရက် နံနက်က သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူတို့က အဆိုပါကျေးရွာရှိ အိမ်များ၊ အခြေခံပညာအထက်တန်းကျောင်းဆောင်များနှင့် ခြင်ခိုအောင်းနိုင်သောနေရာများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ လိုက်လံဆောင်ရွက်ခဲ့သည်။ ယခုကာလသည် မိုးရာသီကာလဖြစ်သဖြင့် ခြင်များမပေါက်ပွားစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ကျေးရွာများအတွင်း ခြင်ဆေးဖျန်းပေးခြင်းကို လိုက်လံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

**လှဝင်း**



# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေးကျင်းပမည်

**ရန်ကုန် ဇူလိုင် ၆**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေးကို ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၃၊ ၄၊ ၅၊ ၆ ရက် (၂၀၁၅ ခုနှစ် ဇူလိုင် ၁၉၊ ၂၀၊ ၂၁၊ ၂၂) ရက် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၇၊ ၈ ရက် (၂၀၁၅ ခုနှစ် ဇူလိုင် ၂၃၊ ၂၄) ရက် ကြာသပတေး၊ သောကြာနေ့များတွင် အစည်းအဝေးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၂ ရက် (၂၀၁၅ ခုနှစ် ဇူလိုင် ၁၈ ရက်) စနေနေ့အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများအချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# အများပြည်သူသို့ အသိပေးကြေညာခြင်း

၁။ ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေအရ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅) ဖြင့် ထုတ်ပြန်ခဲ့သော အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားကို ရေဒီယိုနှင့်ရုပ်မြင်သံကြားမှထုတ်ပြန်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ထုတ်သတင်းစာများ၌လည်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ထုတ်ပြန်ခဲ့သော အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်ပြုခြင်း၊ အကြံပြုခြင်း၊ ကန့်ကွက်ခြင်းနှင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်လိုသည့်အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် ထုတ်ပြန်သည့်နေ့ရက်မှ ၁၃-၇-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်ပြီး အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီထံပေးပို့နိုင်ပါကြောင်းနှင့် မိတ္တူကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနရှိ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ ပေးပို့နိုင်ပါကြောင်း ထပ်မံ၍အသိပေးကြေညာအပ်ပါသည်။

**အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ**

# ဒလ၌ လေပွေကြမ်းဝှေ့ယမ်းတိုက်ခတ် သစ်ပင်သစ်ကိုင်းများကျိုးပြတ်၊ ဓာတ်တိုင်လေးတိုင်ပြိုလဲကာ ယာဉ်လေးစီးပိမိ

**ဒလ ဇူလိုင် ၆**

ဒလမြို့နယ်၌ ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က မိုးသက်လေပြင်းနှင့်အတူ ၁၀ မိနစ်ခန့်ကြာ ရုတ်တရက် လေပွေကြမ်းဝှေ့ယမ်းတိုက်ခတ်မှု ဖြစ်ပွားခဲ့သည်။

ထိုလေပွေကြမ်း ရုတ်တရက်ဝှေ့ယမ်းတိုက်ခတ်မှုကြောင့် ဒလကားဝင်းထွက်ပေါက်ရှိ ဆိုင်းဘုတ်တိုင်ကြီး ပြိုလဲခဲ့သည်။ ကားဝင်းအနီးဗိုလ်ရန်ပြေရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ မင်္ဂလာရေကန်ရှိ ကုက္ကိုပင်ကြီးများမှ အကိုင်းကြီးများ ကျိုးပြတ်ကာ အနီးရှိ လျှပ်စစ်ဓာတ်ကြိုးတန်းအပေါ်သို့ ကျခဲ့သောကြောင့် ဓာတ်တိုင်လေးတိုင် ယာဉ်လေးစီးပေါ်သို့ လဲကျခဲ့သည်။ လမ်းသွယ်(၁)၌လည်း သစ်ကိုင်းကျိုးကျခဲ့သဖြင့် အိမ်ငယ်သုံးလုံး ပြိုကျခဲ့ကြောင်း သိရသည်။

"လေဆင်နှာမောင်းလို လေပွေကြီးဝှေ့ယမ်းတိုက်ခတ်သွားတာပါ။ ကုက္ကိုအကိုင်းဆို ကျိုးပြတ်ပြီး လေနှင့်အတူ လွင့်သွားတာပဲ" ဟု လမ်းသွယ်(၁)မှ အမျိုးသားတစ်ဦးက ပြောသည်။

လျှပ်စစ်ကျွမ်းကျင် လုပ်သားတစ်ဦးကလည်း "ဒီမှာက ဓာတ်တိုင်လေးတိုင် ကျိုးပြတ်ပြိုလဲသွားလို့ ရပ်ထားတဲ့ ယာဉ်ကြီးတစ်စီးနဲ့ ယာဉ်ငယ်သုံးစီး ပိမိသွားတယ်။ ယာဉ်ငယ်နှစ်စီးကတော့ အနည်းငယ် ပျက်စီးသွားခဲ့တယ်"ဟု ပြောသည်။

ကျန်စစ်သားရပ်ကွက် ပန်းဝါလမ်း၌လည်း သစ်ပင်သစ်ကိုင်းများ ကျိုးပြတ်ကာ အိမ်တစ်အိမ် ပိမိပျက်စီးခဲ့ပြီး ဈေးဆိုင်အချို့အမိုးများ လွင့်စဉ်ပြိုကျခဲ့ကြောင်း၊ တပင်ရွှေထီးရပ်ကွက် ခနောက်လမ်း၌လည်း ဈေးဆိုင်နှစ်ဆိုင် သွပ်ခေါင်မိုးများ လန်ထွက်ခဲ့ပြီး စက်မြေ၊ ကမာကသွယ်၊ ဘုရင့်နောင်ရပ်ကွက်နှင့် ဒလ- တွံတေး လမ်းဘေးဝဲ/ယာ တစ်လျှောက်တို့တွင် သစ်ပင်များ ကျိုးကျခဲ့ကြောင်း သိရသည်။

ဒလမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေး အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းနှင့် အဖွဲ့က ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လျှပ်စစ်မီးလိုင်းဖြတ်တောက်ခဲ့ပြီး ယင်းနေရာများသို့ လုပ်ငန်းများ ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်း-သန်းငွေး(ဒလ)**
**ဓာတ်ပုံ-စန်းဝဋ္ဋာ**



# ဇူလိုင် ၆ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၅ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဇီရာ/ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၀၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၈၃၀၀၀ |
| ၈ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၁၀၀၀ မှ ၈၃၀၀၀ |
| ၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၀၀၀၀ မှ ၁၀၈၀၀၀ |
| ၁၀ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၂၀၀၀၀ မှ ၁၅၀၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၃၅ မှ ၇၃၅ |
| ၁၂ | ကြက်သွန်ဖြူ(ဟောင်း၊သစ်) | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၂၅ မှ ၂၀၇၅ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၅၀ |
| ၁၄ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၈၆၀ |
| ၁၅ | ကျွဲကောသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀ မှ ၂၅၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀၀ မှ ၁၆၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၈၀၀၀ |
| ၁၈ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၅၀၀ မှ ၉၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။**

မှတ်ချက် - **ဇူလိုင် ၃ ရက် မတ်ပဲ (FAQ) (ပဲ) တစ်တန် ဈေးနှုန်းမှာ ၁၂၇၆၀၀၀ ဈေးနှုန်းပေါက်ခဲ့သဖြင့် ဇူလိုင် ၆ ရက် မတ်ပဲပေါက်ဈေးနှုန်းအရ ဈေးနှုန်း အနည်းငယ်တက်ခဲ့သည်။**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆောင်ရွက်

**ဒေါ့ဖုန်းယန် ဇူလိုင် ၆**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့၌ ကျေးလက်ကျန်းမာရေးဌာနနှင့် မိုးမောက်မြို့နယ် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့တို့ ပူးပေါင်း၍ ဇူလိုင် ၅ ရက်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ဆေးမှုတ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ အပတ်စဉ် စနေနေ့တိုင်း ဖုံး၊ သွန်၊ လဲ၊ စစ်၊ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကိုလည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အရက်နှင့်အက်စစ်မှားသောက်မိ၍ အမျိုးသားတစ်ဦးသေဆုံး

**မြို့သစ် ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့၌ ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီခန့်က မြို့သစ်မြို့နယ် ပြည်သူ့ဆေးရုံ၌ အရက်နှင့်အက်စစ်မှားသောက်မိ၍ အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူသည် မြို့သစ်မြို့ လယ်ပြင်ရပ်ကွက်နေ ရဲမြင့်ထွန်း(၄၇ နှစ်) ဖြစ်ကြောင်း သိရသည်။ ၎င်းသည် အရက်ကိုအလွန်အကျွံသောက်တတ်သူတစ်ဦးဖြစ်ကာ နံနက် ၉ နာရီခွဲခန့်က နေအိမ်၌တစ်ဦးတည်းရှိနေစဉ် နေအိမ်အောက်ထပ်၌ အချိုရည်ပုလင်းဖြင့် ထည့်ထားသည့် အက်စစ်လက်လေးလုံးခန့်ကို အရက်ဟု ထင်မှတ်၍ လွဲမှား သောက်သုံးခဲ့ပြီး ၎င်း၏ မိခင်ဒေါ်ကြည်အောင်က စတင်မြင်တွေ့ခဲ့သဖြင့် အိမ်နီးချင်းပတ်ဝန်းကျင်သို့ အကူအညီတောင်းခံ၍ မြို့သစ်ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းမှာ အဓိကအရေးကြီးတာက ကြိုတင်ပြင်ဆင်မှုပြုလုပ်ဖို့ပဲဖြစ်

**လတ်တလောကာလအတွင်း မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ပြည်သူအချို့ ရေဘေးဒုက္ခနှင့် ရင်ဆိုင်ခဲ့ရကာ အိုးအိမ်နှင့် ပစ္စည်းဥစ္စာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ ထို့အတွက် ရေကြီးရေလျှံမှုဘေးအန္တရာယ်ကို ရင်ဆိုင်ခဲ့ကြရသည့် ပြည်သူများအတွက် ထောက်ပံ့ဆောင်ရွက်ပေးနေမှုများ၊ ဆောင်ရွက်နေဆဲကိစ္စရပ်များနှင့် ပြန်လည်ထူထောင်ရေးအတွက် ပြင်ဆင်ထားရှိမှုအစီအမံများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။**

*ယမန်နေ့မှအဆက်*

**ဒေါ်ဖြူလဲ့လဲ့ထွန်း (ညွှန်ကြားရေးမှူး)**
**(ကယ်ဆယ်ရေးဌာနခွဲ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**



ကျွန်မတို့ ဦးစီးဌာနအနေနဲ့ သဘာဝ ဘေးလျော့ပါး ရေးလုပ်ငန်းစဉ်တွေထဲမှာ တစ်ခုအပါအဝင် ဖြစ်တဲ့ အသိ ပညာပေး လုပ်ငန်းတွေကို အဓိက ဆောင်ရွက်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ အပိုင်းနှစ်ပိုင်းနဲ့ ဆောင်ရွက်ပါတယ်။ သဘာဝဘေးစီမံခန့်ခွဲမှုတွေမှာ ပါဝင်ဆောင်ရွက်နေသူတွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနေတဲ့ အပိုင်းရယ်၊ ပြည်သူတွေ သဘာဝဘေးလျော့ပါးရေးနဲ့ပတ်သက်ပြီး အသိပညာ တိုးပွားစေရေး အပိုင်းရယ်ဆိုပြီး နှစ်ပိုင်းရှိပါတယ်။

စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုတာနဲ့ပတ်သက်ပြီးတော့ ၁၉၇၇ ခုနှစ်လောက်ကစပြီး သင်တန်းတွေ ဖွင့်လှစ်ခဲ့ပါတယ်။ စပြီးဖွင့်တုန်းကတော့ သဘာဝဘေး စီမံခန့်ခွဲမှုသင်တန်းဆိုပြီးတော့ ဖွင့်ခဲ့တာပါ။ ၂၀၀၈ ခုနှစ်ဆိုင်ကလုန်းနာဂစ်မုန်တိုင်းရဲ့ အတွေ့အကြုံအရ ၂၀၀၈ ခုနှစ် နောက်ပိုင်းမှာ သင်တန်းတွေကို ပိုမိုတိုးမြှင့် ဖွင့်လှစ်ခဲ့ပါတယ်။ သဘာဝဘေးစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းတွေဖွင့်လှစ်တယ်။ အဲဒီသင်တန်းတွေ ဖွင့်လှစ်နိုင်ဖို့အတွက် နည်းပြသင်တန်းတွေလည်း ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီအချိန်ကနေ အခုထက်ထိ ဖွင့်လှစ်ခဲ့တဲ့ နည်းပြသင်တန်း (၇)ကြိမ်ရှိပါပြီ။

နောက်တစ်ခုက ပြည်သူလူထုတွေဆီကို အသိပညာတွေ ရောက်ရှိဖို့အတွက် ဆွေးနွေးဟောပြောပွဲတွေ လုပ်ပါတယ်။ ဒီလိုဆွေးနွေးပွဲတွေ ပြုလုပ်ရာမှာလည်း တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာရှိတဲ့ ကျွန်မတို့ရုံးတွေကပဲ ဦးဆောင်ပြီးတော့ ရပ်ကွက်၊ ကျေးရွာတွေအထိ ဆွေးနွေးဟောပြောပွဲတွေ လုပ်ပါတယ်။ ဒီလိုလုပ်ရာမှာ ကျွန်မတို့ ဦးစီးဌာနအနေနဲ့ လက်ကမ်းကြော်ငြာစာရွက်တွေ ၊ ပိုစတာတွေကို နှစ်စဉ်ထုတ်ပါတယ်။ အဲဒါတွေကို ဟောပြောပွဲတွေမှာ ဝေငှတယ်။ စာသင်ကျောင်းတွေမှာ ဆိုရင်လည်း ကျောင်းသားလေးတွေဆီအထိရောက်အောင် ဝေငှပါတယ်။

လက်ကမ်းကြော်ငြာစာရွက်တွေ၊ ပိုစတာတွေမှာ ဘေးအန္တရာယ် ရှစ်မျိုးအတွက် ထုတ်ပြန်ပေးနိုင်တာမှန်ပေမယ့် ဗလာစာအုပ်တွေမှာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် သူ့ဒေသအတွင်း ဖြစ်နိုင်ခြေရှိတဲ့ သဘာဝဘေးဆိုင်ရာတွေကို ဦးစားပေးပြီး ထည့်သွင်းဖော်ပြထားပေးပါတယ်။ ဒ့ါအပြင် တချို့နေရာတွေမှာ ရေကြီးဇာတ်တိုက်လေ့ကျင့်ခန်းတွေ၊ ကမ်းရိုးတန်းဒေသတွေဆိုရင် မုန်တိုင်းဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခန်းတွေ၊ ဆူနာမီစသဖြင့် လေ့ကျင့်ခန်းတွေ လုပ်ပါတယ်။ တချို့ဒေသတွေမှာ မီးဘေး၊ ငလျင်စတဲ့ ဇာတ်တိုက်လေ့ကျင့်ခန်းတွေကိုလည်း လုပ်ဆောင်လျက်ရှိပါတယ်။

ရုပ်မြင်သံကြား၊ သတင်းစာ၊ စာစောင်တွေကနေပြီးတော့လည်း သဘာဝဘေးနဲ့ ရင်ဆိုင်ကြုံတွေ့ရတဲ့အခါ ဆောင်ရန် ရှောင်ရန် အချက်တွေ၊ မဖြစ်ခင် ဘယ်လိုပြုမူရမလဲဆိုတဲ့အချက်တွေ ထုတ်လွှင့်ပေးနိုင်ဖို့အတွက် ဆောင်ရွက်ပါတယ်။ ခုနောက်ဆုံး လုပ်ထားတာကတော့ စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့အစည်းတွေကို တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ဖွဲ့စည်းထားပါတယ်။ အဖွဲ့တစ်ဖွဲ့မှာ ငါးယောက်ကနေ ခုနစ်ယောက်လောက်အထိ ပါဝင်ပါတယ်။ ပြီးတော့ သူတို့ကို သင်တန်းတွေပေးတယ်။ သူတို့က ပြည်သူထဲမှာ ရှိနေတဲ့သူတွေ ဖြစ်တဲ့အတွက်ကြောင့် သူတို့ရပ်ရွာဒေသမှာ ပိုပြီးတော့ သဘာဝဘေးဆိုင်ရာ အသိပညာတွေ တိုးပွားလာမှာ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်ကတည်းက နည်းပြသင်တန်း ခုနစ်ကြိမ်ဖွင့်ခဲ့ပါတယ်။ သင်တန်းသား ၂၂၁ ဦးဖြစ်ပါတယ်။ သဘာဝဘေးစီမံခန့်ခွဲရေး စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဆိုရင် ၁၉၇၇ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီတုန်းက တစ်နှစ်ကို သုံးကြိမ်သာဖွင့်လှစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာများများ ဖွင့်လာနိုင်ခဲ့တော့ အခုအချိန်ဆိုရင် (၁၃၆)ကြိမ် ဖြစ်သွားပါပြီ။ သင်တန်းသားဆိုရင်လည်း ၆၁၂၇ ဦးရှိပါပြီ။ နည်းပြသင်တန်းတွေကတော့ ၂၀၁၄ ခုနှစ် မေလကနေစပြီး ဖွင့်ခဲ့တာ အခုအချိန်အထိဆိုရင် (၂၆)ကြိမ်ရှိပြီ။ ဆင့်ပွားသင်တန်း (၃၇)ကြိမ် ရှိပါပြီ။ ဒီနှစ်ထဲမှာ ဖွင့်တဲ့ မွမ်းမံသင်တန်းက အခုအချိန် အထိဆိုရင် (၁၁)ကြိမ်ရှိပါပြီ။ သင်တန်းသားတွေအနေနဲ့ တစ်နိုင်ငံလုံး စေတနာ့ဝန်ထမ်းလူငယ် ၃၁၂၃ ဦးရှိနေပါပြီ။

**ဦးနိုင်ကြည်ဝင်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးဦးစီးဌာန**

၂၀၁၅ ခုနှစ်အတွင်း မိုးရွာသွန်းမှုကြောင့် တောင်သူတွေစိုက်ပျိုးထားတဲ့ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုအခြေအနေနဲ့ပတ်သက်ပြီးပြောရရင် ၂၀၁၅ ခုနှစ်အတွင်းမှာ အရင်နှစ်ကထက် ရာသီဥတုအနေအထားတွေ ပြောင်းလဲလာတာကို တွေ့ရပါတယ်။ မေလကုန်အထိ မိုးရေချိန်က ၂၀၁၄ ခုနှစ်ထက်စာရင် သုံးလက်မကျော်ကျော် ပိုရွာတာကို တွေ့ရပါတယ်။ မိုးရွာသွန်းမှုရဲ့ ပျံ့နှံ့မှုပုံစံတွေဟာ တချို့နေရာတွေမှာ များများရွာပြီး တချို့နေရာတွေမှာ နည်းတယ်။

ဒါကြောင့် တချို့နေရာတွေမှာ ရေကြီးတဲ့ဖြစ်စဉ်တွေ တွေ့ရပါတယ်။ တချို့နေရာတွေမှာ တစ်ရက်တည်းကိုပဲ မိုးရေချိန် ငါးလက်မ၊ ခြောက်လက်မအထိ ထူးထူးကဲကဲရွာတာကို တွေ့ရပါတယ်။ ဒီနှစ်အတွင်းမှာ ဖေဖော်ဝါရီ၊ မတ်လတွေမှာ မိုးထူးထူးကဲကဲရွာပြီးတော့ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်တစ်ဝိုက်မှာရှိတဲ့ မိုးကြို နှမ်း၊ မြေပဲ၊ ကြက်သွန်တွေ တချို့တစ်ဝက် ပျက်စီးမှုတွေ ရှိခဲ့ပါတယ်။

ရခိုင်၊ တနင်္သာရီ၊ ပဲခူးနဲ့ ရန်ကုန်တွေမှာ အများအားဖြင့် မိုးရွာသွန်းမှုကြောင့် တောင်သူတွေ စိုက်ထားတဲ့ စပါးပျိုးခင်းတွေ၊ စပါးစိုက်ခင်း အနည်းငယ်ရေလွှမ်းတယ်၊ ထိခိုက်ပျက်စီးတာတွေ တွေ့ရှိရပါတယ်။ မိုးဦးမှာတော့ နှစ်စဉ်ဒီလိုပဲ ရွာပြီးတော့ ပြန်ကျသွားတာများပါတယ်။ ဒီနှစ်ကျတော့ ရခိုင်ပြည်နယ်မှာ တောင်ကုတ်မြို့နယ်၊ ဧရာဝတီမှာ မြန်အောင်မြို့နယ်၊ မွန်ပြည်နယ်ရှိ တချို့နေရာတွေမှာ မိုးရေချိန် ထူးထူးကဲကဲရွာတဲ့အတွက်ကြောင့် အဲ့ဒီနေရာတွေမှာ ကျွန်တော်တို့ တာဝန်ယူပျိုးထားတဲ့ ပျိုးခင်းတွေ၊ စိုက်ခင်းတွေ ထိခိုက်တာတွေ၊ ရေမြုပ်တာတွေ၊ တချို့အနည်းငယ်ပျက်စီးတာတွေ တွေ့ရပါတယ်။

ဒါပေမယ့် စပါးဆိုတာကတော့ လက်ရှိအနည်းဆုံး ရေမြုပ်တာက ခုနစ်ရက် ကနေ ၁၀ ရက်ထိ ကောင်းကောင်း ဒဏ်ခံနိုင်ပါတယ်။ ခုနစ်ရက်အတွင်းမှာ ရေပြန်ကျသွားမယ်ဆိုရင် ပျိုးခင်းတွေ၊ စိုက်ခင်းတွေကို အနည်းငယ်ပြန်လည်ပြုပြင်မယ်ဆိုရင် ပြန်လည်ကောင်းလာမယ့် အနေအထားကို ရရှိမှာဖြစ်ပါတယ်။ ပျိုးခင်းတွေ စိုက်ခင်းတွေ ပျက်စီးသွားမယ်ဆိုရင် ပြီးခဲ့တဲ့နွေရာသီက ရခိုင်ဒေသ၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတွေမှာ ပုလဲသွယ်စပ်မျိုးစပါး အပါအဝင် မျိုးစပါးတွေ ကြိုတင်ဖြန့်ဝေထားတာရှိပါတယ်။ ပုလဲသွယ်စပ်မျိုးစပါးဆိုရင် ဧကတစ်သိန်းကျော်ထိ မျိုးစပါးတွေ ကြိုပို့ထားပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းမှာ ထုတ်လုပ်ထားတဲ့ လက်ရှိကျွန်တော်တို့ HNP စပါးမျိုးစေ့တွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ အရန်အနေနဲ့ထားရှိပြီးဖြစ်ပါတယ်။

တောင်သူတွေမှာလည်း အများစုသိုလှောင်ထားရှိပြီး ဖြစ်ပါတယ်။ ပျက်စီးသွားတဲ့နေရာတွေမှာ ပြန်လည်အစားထိုးဖို့ အရန်မျိုးစပါးတွေ အသင့်ရှိပြီးဖြစ်ပါတယ်။ လက်ရှိ ရေကြီးနစ်မြုပ်လို့ ပျက်စီးသွားတဲ့အရာတွေကို မျိုးစပါး လိုအပ်ချက်ရှိရင် မျိုးစပါးအရန်တွေရှိတယ်။ အရန်ပျိုးခင်းတွေကို ရေမနစ်မြုပ်တဲ့နေရာတွေမှာထောင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ မိုးရေကျသွားတဲ့အခါမှာ တောင်သူတွေရဲ့ လယ်ကွင်းနေရာမှာ မိုးရေတိုက်စားမှုကြောင့် အာဟာရဓာတ်တွေ ဆုံးရှုံးနိုင်ပါတယ်။ အဲဒီအတွက် အာဟာရဓာတ်တွေ ပိုမိုသုံးစွဲဖို့၊ မြေဩဇာနဲ့ဆိုင်ပရိုတက်တွေ ပိုမိုသုံးစွဲဖို့ အကြံပြုချင်ပါတယ်။

ရေကြီးပြီးတဲ့နောက် ကြောက်ရတာက ပျိုးခင်း၊ စိုက်ခင်းတွေမှာ ပိုးမွှားရောဂါတွေ ကျတတ်ပါတယ်။ တောင်သူလယ်သမားတွေအနေနဲ့ အတွေ့အကြုံရှိပြီးသားလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ဝန်ထမ်းတွေက ကွင်းဆင်းပြီးတော့ ပညာပေးတာတွေ၊ ဟောပြောတာတွေ၊ လက်တွေ့ဆောင်ရွက်တာတွေကို ကွင်းဆင်းဆောင်ရွက်သွားဖို့ ထပ်ဆင့်ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ရေကြီးလို့ ပြန်ကျသွားတဲ့စိုက်ခင်းတွေမှာ ငမြောင်တောင်တို့၊ ကြွက်တို့စတဲ့ ပိုးမွှားတွေ ပင်စည်ပုပ်ရောဂါတွေ ကျတတ်ပါတယ်။

ကျွန်တော်တို့ သက်ဆိုင်ရာမြို့နယ်အသီးသီးမှာရှိတဲ့ ပိုးမွှားဝန်ထမ်းတွေက ငမြောင်တောင်ကျမယ်ဆိုရင် မီးထောင်ချောက်ထွန်းပြီး ဆေးထည့်ပြီးကာကွယ်ဖို့ရယ်၊ ကြွက်ကျမယ်ဆိုရင် ကြွက်သတ်ဆေးရယ်၊ ပျိုးခင်းတွေကို ပလတ်စတစ်ခံထားပြီးတော့ ပျိုးထောင်ဖို့ကို ပညာပေးဆောင်ရွက်ဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ကွင်းဆင်းပြီး ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက မျိုးစပါးလိုအပ်ချက်၊ တောင်သူတွေရဲ့ လိုအပ်ချက်တွေကို တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှ အစိုးရအဖွဲ့တွေက စုစည်းပြီးတော့ တင်ပြဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲ့ဒီအခါမှ တောင်သူလယ်သမားတွေရဲ့ စီးပွားကာကွယ်ရေးဥပဒေနဲ့ နည်းဥပဒေအရ ပျက်စီးသွားတဲ့အရာတွေကို ပြန်လည်အစားထိုးပေးဖို့အတွက်ကို ဗဟိုကော်မတီက စဉ်းစားဆုံးဖြတ်ပြီး တောင်သူတွေရဲ့ ဆုံးရှုံးမှုကို တောင်သူလယ်သမားအခွင့်အရေးနဲ့ အကျိုးစီးပွားကာကွယ်ရေးဥပဒေ၊ နည်းဥပဒေအတိုင်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လက်ရှိမိုးလေဝသဖောက်ပြန်မှုရယ်၊ ရေကြီးနစ်မြုပ်တဲ့အခါမှာ ဆောင်ရွက်ရမယ့် အချက်အလက်တွေကို Skynet ရုပ်သံ၊ Farmer Channel၊ လယ်ယာစီးပွားသတင်းတွေမှာ အချိန်နဲ့တစ်ပြေးညီ နှိုးဆော်ချက်တွေ ထုတ်ပြီးတော့မှ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်တွေ၊ ရေကြီးနစ်မြုပ်မယ်ဆိုရင် တောင်သူတွေရဲ့ပျိုးခင်း၊ စိုက်ခင်းတွေ မပျက်စီးအောင်၊ သိုလှောင်ထားတဲ့ မျိုးစပါးတွေ မပျက်စီးအောင် ကာကွယ်ထားရမယ်၊ ဘယ်လိုဆောင်ရွက်ထားရမယ် ဆိုတာကို နှိုးဆော်ချက်တွေ၊ ပညာပေးလုပ်ငန်းတွေကို မီဒီယာကတစ်ဆင့် ပညာပေး လုပ်ငန်းတာဝန်တွေကို လက်ရှိဆောင်ရွက်ပေးလျက်ရှိပါတယ်။ ။

**မြန်မာ့သတင်းစဉ်**
**(သတင်းအဖွဲ့)**


**ဖခင်အမည်မှန်**

အထက(၁)သဃ်န်းကျွန်း၊ Grade (XI -C)မှ မနန်းယုဝေ၏ ဖခင်အမည်မှန် မှာ ဦးထွန်းထွန်း ၇/ပခန(နိုင်)၀၄၉၅၅၅ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မင်းပြား၊ အထက၊ နဝမတန်း (B)မှ မဦးဝင်းနွယ်၏ဖခင်အမည်မှန်မှာ ဦးသန်းကျော်(ခ)ဦးထွန်းစံအောင် ၁၁/မဥန(နိုင်)၀၅၂၁၉၃ ဖြစ်ပါကြောင်း။

**ဦးထွန်းစံအောင်**

**အိမ်လာသင်ပေးသည်**

OET (Australia) and IELTS For doctors.

**ဖုန်း-၀၉-၅၀၁၆၅၁၆**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်ဆောက်ကြန့်တိုးချဲ့၃၊ မြေကွက်အမှတ်(၃၀၂)၊ ၀-၀၂၈ဧကမြေကွက်တည်နေရာအမှတ်(၃၀၂)၊ ဗန္ဓုလလမ်း၊ ဆောက်ကြန့်တိုးချဲ့(၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ နှစ်(၆၀)ဂရန်၊ အမည်ပေါက် ဦးတင့်ဆွေ(ကွယ်လွန်)နှင့်ဇနီး၏ဇနီး ဒေါ်မြလေး(ကွယ်လွန်)၏သားသမီးများဖြစ်ကြသော၁။ ဒေါ်ခင်ခင်မာ(၁၂/ကမရ(နိုင်)၀၂၄၆၂၅)၊၂။ ဒေါ်ရွှေဘင်(၁၂/ကမရ(နိုင်)၀၂၂၁၀၀)၊၃။ဒေါ်တင်မြင့်ဆွေ(၁၂/ကမရ(နိုင်)၀၀၁၃၆၇)တို့မှ မိခင်၊ဖခင်သေစာရင်း၊သားသမီးဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်တို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့

**အိတ်ဖွင့်တင်ဒါ(Opening Tender)ခေါ်ယူခြင်း**

၁။ ဧရာဝတီတိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင် ဒါခေါ်ယူအပ်ပါသည်။

(က) ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ၊ ပုသိမ်မြို့ တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်း။ (၁၆၁၆၀ စ/ပေ)

(ခ) တိုင်းရင်းဆေးရုံ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း။ (၈၀ပေ×၄၀ပေ)၊ လေးခန်းတွဲ လေးထပ်

(ဂ) ဇလွန်မြို့နယ် တိုင်းရင်းဆေးကုဌာန တိုးချဲ့ဆောင်အား ဝန်ထမ်းအိမ်ရာအဖြစ် ပြုပြင်ခြင်းနှင့် နှစ်ခန်းတွဲ ရေလောင်းအိမ်သာနှင့် ရေချိုးခန်း ဆောက်လုပ်ခြင်းလုပ်ငန်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း၊ ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန၊ (ပုသိမ်မြို့)တွင်လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါတင်သွင်းခြင်းကို ၁၁-၈-၂၀၁၅ရက် ၁၆:၀၀နာရီနောက်ဆုံးထားတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး၊ ပုသိမ်မြို့။(ရုံးဖုန်း-၀၄၂-၂၅၆၆၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

ပညာရေးဝန်ကြီးဌာန
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(လားရှိုး)

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(လားရှိုး)မှ အောက်ဖော်ပြပါပရိဘောဂများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | Computer Table | ၃၀ခု |
| ၂ | Cupboard(steel,Glass door) | ၄ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(လားရှိုး)တွင်လာရောက်ဝယ်ယူနိုင်ပြီး ၁၆-၇-၂၀၁၅ရက် ၁၅:၀၀နာရီတွင် နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်-၀၈၂-၂၀၀၀၅၊ ၀၉-၆၈၁၅၃၁၅တို့သို့ စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
အစိုးရနည်းပညာအထက်တန်းကျောင်း(လားရှိုး)

**အမည်ပြောင်း**

ဦးခင်မောင် ၁၃/တကန(နိုင်)၀၉၀၄၈၅၏သမီး ရွှေညောင် အထက တက္ကသိုလ်ဝင်တန်းမှ မခင်ယုသင်းအား မခင်နုသင်းဟု ပြောင်းလဲခေါ်ပါရန်။

**မခင်နုသင်း**

# သဲရေစစ်မြောင်းတူးရာမှ မြေပြိုကျ မြေပိ၍ အလုပ်သမားသုံးဦးသေဆုံး

**ဂန့်ဂေါ ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီးရှိ မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း နှစ်သောင်းကုန်းလုပ်ငန်းခွင်တွင် ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက သဲရေစစ်မြောင်းတူးခြင်းလုပ်ငန်းဆောင်ရွက်နေစဉ် မြေပြိုကျပြီး အမျိုးသမီးအလုပ်သမားနှစ်ဦးနှင့် အမျိုးသားအလုပ်သမားတစ်ဦးတို့ မြေပိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း၏ နှစ်သောင်းကုန်းလုပ်ငန်းခွင်တွင် သဲရေစစ်မြောင်းတူးခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ် အနက် ရှစ်ပေ၊ အကျယ် ၁၅ ပေရှိ မြောင်းပြိုကျသဖြင့် မြောင်းအတွင်း၌ လုပ်ငန်းဆောင်ရွက်နေသော ဂန့်ဂေါမြို့နယ် လီလင်းကျေးရွာနေ ဇူလိုင်မိုး (၁၇နှစ်)၊ တောင်သာမြို့နယ် ဇဂျမ်းကုန်းကျေးရွာနေ ဦးသန်းဝင်း (၅၁နှစ်)နှင့် အောင်လံမြို့နယ် ဇေယျာကျေးရွာနေ မချစ်စုပုံ(၁၈နှစ်)တို့ သုံးဦးမှာ မြေပိမိပြီး အခင်းဖြစ်နေရာမှာပင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဂန့်ဂေါမြို့မရဲစခန်းက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**



● *ကျောဖုံးမှ*

ယင်းဥပဒေပုဒ်မ ၁၃၊ ၁၄ နှင့်အညီ နည်းဥပဒေ ၄၊ ၅၊ ၆ တို့အရ မဲစာရင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများက ပြုစုကြခြင်းဖြစ်ပြီး မဲစာရင်းပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကလည်းကောင်း ပြုစုထားသည့် လူဦးရေ (မသန်စွမ်းသူများအပါအဝင်) စာရင်းကိုရယူအခြေခံပြီး ပြုစုရခြင်းဖြစ်ပါသည်။ ယင်းဥပဒေပုဒ်မ ၁၆ နှင့် နည်းဥပဒေ ၈ တို့အရ ယင်းသို့ပြုစုထားသည့် မဲစာရင်းကို ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကြေညာပြီးနောက်ပိုင်းတွင် တစ်နိုင်ငံလုံး၌ ရက်သတ်မှတ်၍ တရားဝင်ထုတ်ပြန်ကြေညာရပါမည်။ ထိုသို့ကြေညာထားသည့်အချိန်တွင် (၁၄) ရက်အတွင်း မိမိအမည်ပါဝင်ခြင်း ရှိ၊ မရှိ လာရောက်ကြည့်ရှုရန် တာဝန်ရှိပြီး မဲစာရင်းမပါသူများက ပုံစံ(၃)ဖြင့်လည်းကောင်း၊ ကန့်ကွက်လိုသူများက ပုံစံ (၄) ဖြင့်လည်းကောင်း၊ အချက်အလက်ပြင်ဆင်လိုသူများက ပုံစံ(၄-ဂ) ဖြင့်လည်းကောင်း တင်ပြဆောင်ရွက်နိုင်ကြောင်း ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၇ နှင့် နည်းဥပဒေ ၉၊ ၁၁ တို့တွင် ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၁၈ နှင့် နည်းဥပဒေ ၁၂ တို့အရ မြို့နယ်သို့လည်း အယူခံဝင်ခွင့်ပေးထားပါသည်။ ယင်းသို့ဆောင်ရွက်ပြီးမှသာ အတည်ပြုပြီးသည့် မဲစာရင်းရရှိပါသည်။

၃။ ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲအတွေ့အကြုံများအရ ဖော်ပြပါအတိုင်း မဲစာရင်းထုတ်ပြန်ကြေညာပြီး နောက်ပိုင်းတွင်မှ မဲစာရင်းတွင် ချို့ယွင်းအားနည်းချက်များရှိကြောင်း တွေ့ရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှုမရှိသော စာရင်းဇယားများအား အခြေခံကောက်ယူခြင်း၊ မဲစာရင်းလာရောက်မကြည့်ရှုခြင်း၊ တောင်းဆို၊ ပြင်ဆင်၊ ကန့်ကွက်ခြင်းတို့တွင် ပြည်သူလူထုအတွက် အချိန်မလုံလောက်သောကြောင့် ချို့ယွင်းအားနည်းခဲ့ရသည်ဟု ကော်မရှင်ကသုံးသပ်ရရှိပါသည်။ အဆိုပါချို့ယွင်းအားနည်းချက်သည် ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေနိုင်ပါသည်။

၄။ ထို့ကြောင့် ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲတွင် ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိစေရေးအတွက်ရည်ရွယ်ပြီး ကြိုတင်ဆောင်ရွက်သည့်စီမံချက်တစ်ရပ် ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်အရ ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းတွင် မတူညီသောဒေသများရှိ မြို့နယ် (၃) မြို့နယ်၌ ရှေ့ပြေးစမ်းသပ်မှုလုပ်ဆောင်ခဲ့ပြီး အတွေ့အကြုံများကိုသုံးသပ်ကာ တစ်နိုင်ငံလုံးအနေဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် ဇွန်လအထိ အဆင့်(၄) ဆင့်ဖြင့် မဲစာရင်းပြုစုကြေညာပေးပါသည်။ လုပ်ငန်းစဉ်၏ရည်ရွယ်ချက်မှာ မဲဆန္ဒရှင်ပြည်သူလူထု၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုဖြင့် မဲဆန္ဒရှင်များက မဲစာရင်းကိုကြည့်ရှုပြီး မှားယွင်းချက်၊ လိုအပ်ချက်များကို အချိန်မီပြုပြင်ကာ ယာယီမဲစာရင်းအမှန် ဖြစ်ပေါ်လာစေရေးဖြစ်ပါသည်။

၅။ ယခုအခါတွင် တစ်နိုင်ငံလုံးအဆင့် အခြေခံမဲစာရင်းများကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပြီး ပြည်သူလူထုအချို့က မဲစာရင်းလာရောက်ကြည့်ရှုကာ တောင်းဆို၊ ကန့်ကွက်၊ ပြင်ဆင်မှုများဆောင်ရွက်နေသည်ကို တွေ့မြင်ရပါသည်။ ဥပမာအားဖြင့် နေပြည်တော် (၈) မြို့နယ်တွင် မဲဆန္ဒရှင်ပေါင်း ၆၁၄၈၂၆ ယောက်ရှိသည့်အနက် မှတ်တမ်းများအရ အောက်ပါအတိုင်းသိရပါသည်-

(က)မဲစာရင်းလာရောက်ကြည့်ရှုသူ - ၂၀၈၂၉၅ ယောက် (၃၃. ၈၇ %)

(ခ) ဖြည့်စွက်ပေးရန်တောင်းဆိုသူ - ၁၃၀၁၇ ယောက် (၆. ၂ %)

(ဂ) ကန့်ကွက်သူ - ၄၇၂၆ ယောက် (၂. ၂ %)

(ဃ)ပြင်ဆင်ပေးရန်တောင်းဆိုသူ - ၁၂၃၇၀ ယောက် (၅. ၉ %)

တို့ ဖြစ်ပါသည်။

၆။ အချို့သောမီဒီယာများ၌ အခြေခံမဲစာရင်းများတွင် ၃၀ % နှုန်းမှ ၈၀% နှုန်းခန့် အထိ မှားယွင်းနေကြောင်း တိကျသောကိန်းဂဏန်းမဖော်ပြဘဲ ဝေဖန်ပြောဆိုမှုများလည်းရှိနေကြောင်း တွေ့ရပါသည်။ ကော်မရှင်၏ လေ့လာစမ်းစစ်ချက်အရ အထက်အပိုဒ် ၅ ပါအတိုင်း ချို့ယွင်းအားနည်းချက်အချို့ရှိနေသော်လည်း မဲဆန္ဒရှင်ပြည်သူများနှင့် အဖွဲ့အစည်းအချို့၏ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကြောင့် အချိန်မီ ယာယီမဲစာရင်းအမှန်ရရှိမည်ဟု ယုံကြည်ပါသည်။

၇။ မဲစာရင်းတွင် မှားယွင်းမှုရှိသည်ဟုဆိုရာ၌ ဥပဒေကြောင်းအရ မဲပေးပိုင်ခွင့်ရှိသူများ ကျန်ခဲ့ခြင်းသည် မဲပေးခွင့်ကို ထိခိုက်ဆုံးရှုံးခြင်းဖြစ်ပြီး မပါသင့်သူများ (ကွယ်လွန်၊ ထောင်ကျ) ပါဝင်နေခြင်းတို့သည် မဲပေးခွင့်ကို အသုံးချသွားနိုင်ပါသည်။ သာမန်အားဖြင့် အမည်၊ မှတ်ပုံတင်၊ မွေးလ၊ မွေးရက် မှားယွင်းချို့ယွင်းမှုများမှာ မဲပေးပိုင်ခွင့်ကို ထိခိုက်စေမည်မဟုတ်ပါ။ မည်သို့ပင်ဆိုစေ အချိန်မီပူးပေါင်း ပြင်ဆင်ခြင်းဖြင့် မဲစာရင်းအမှန်ကို ရရှိနိုင်မည်ဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းစဉ်သည် ရွေးကောက်ပွဲဥပဒေများအရ တရားဝင်မဲစာရင်း ထုတ်ပြန်ကြေညာခြင်းမပြုမီ ကြိုတင်ဆောင်ရွက်သည့်လုပ်ငန်းစဉ်ဖြစ်ပြီး တရားဝင်မဲစာရင်း ထုတ်ပြန်ချိန်တွင်လည်း မဲစာရင်းကြည့်ရှုခွင့်၊ တောင်းဆိုခွင့်၊ ပြင်ဆင်ခွင့်၊ ကန့်ကွက်ခွင့်များရရှိဦးမည်ဖြစ်ပါသည်။ ယခုကြေညာထားသည့် အခြေခံမဲစာရင်းအပေါ်၌လည်း တောင်းဆို၊ ပြင်ဆင်၊ ကန့်ကွက်မှုများပြုလိုပါက သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ မဲဆန္ဒရှင်ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြပါရန်နှင့် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများအား ကြိုဆိုပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**


**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၆၀၊ မြေကွက်အမှတ် ၁၄၃၅ အမည်ပေါက် ဒွေး(ခ)ထင်လင်း ၁၂/စခန(နိုင်)၀၁၆၅၆၃၏ မြေကွက်ပါမစ်ထုတ်ပေးပါရန် ဇနီး ဒေါ်ပပဝင်း ၁၂/စခန(နိုင်)၀၂၀၀၄၂၈ က လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**



**ရိုးမအကျွာဝါ (Min Lan Group)**
ရခိုင် မြန်မာထမင်းဆိုင်
**Now Open** (ယနေ့ ဖွင့်ပြီ)
ဆိုင်ဖွင့်ချိန်-နံနက်(၁၀:၀၀) မှ ညနေ(၂၂:၀၀) ထိ
အိမ်အမှတ်(၂၄)၊ ဗိုလ်စိန်မှန်လမ်း နှင့် ငမောက်လမ်းထောင့်၊ ကျိုက္ကဆံရပ်ကွက်၊ တာမွေ၊ ရန်ကုန်။
ဖုန်း-၀၉-၂၆၃၅၂၆၃၀၀၊ ၀၉-၇၈၉၉၆၃၇၀၀



**လျှောက်လွှာများဖိတ်ခေါ်ခြင်း**

F4P giz

သင့်အဖွဲ့စည်းသည် မြန်မာကုမ္ပဏီ၊ အသင်းအဖွဲ့၊ အရပ်ဘက်လူမှုအဖွဲ့စည်း၊ လူမှုကွန်ယက်၊ NGO ၊ သို့မဟုတ် အလွတ်သဘောဖွဲ့စည်းထားသော ပရဟိတ အဖွဲ့စည်း ဖြစ်ပါသလား။ သင့်အဖွဲ့စည်းတွင် အနည်းဆုံး သင်နှင့်အခြားတစ်ဖွဲ့ ပူးပေါင်း၍ ရှမ်းပြည်နယ်တွင်း လုပ်ဆောင်နိုင်သော ရေရှည် စီးပွါးရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံဉာဏ်ကောင်းများ ရှိနေပါသလား။ ထိုအကြံဉာဏ်များသည် (ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့်တင်ရေးဆိုင်ရာ၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာအခန်းကဏ္ဍ ဖွံ့ဖြိုးရေး၊ သို့မဟုတ် စက်မှုနှင့်အသက်မွေးပညာဆိုင်ရာ သင်တန်းများ ဖွံ့ဖြိုးရေးနှင့် ဆက်ဆိုင်သောအကြံဉာဏ်များ ဖြစ်ပါသလား။

ထိုအကြံဉာဏ်များကို အသက်သွင်းအကောင်ထည်ဖော်ရန် အကူညီလိုအပ်ပါက GIZ မြန်မာ၏ အရပ်ဘက် အဖွဲ့စည်းများထောက်ကူပေးရေး အစီအစဉ်သို့ဆက်သွယ်မေးမြန်း၍လျှောက်လွှာပုံစံများရယူဖြည့်သွင်းနိုင်ပါသည်။ သင့်အဖွဲ့စည်း၏အကြံဉာဏ်များကိုသတ်မှတ်လျှောက်လွှာတွင် ဖြည့်သွင်း၍ အချိန်မရွေးပေးပို့နိုင်ပါသည်။

ပဏာမအဆင့်ရွေးချယ်ခံရသော လျှောက်လွှာများကို ပြည့်စုံသော စီမံချက်အဖြစ် ရေးသွင်းနိုင်ရန် လိုအပ်သော အကူညီများ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး၊ ရွေးချယ်ခံရသော စီမံချက်များအတွက် အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာ၊ အသင်းဖွဲ့ဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။

ဆက်သွယ်ရန်
ဖုန်း ၀၉၂၆၃၂၀၉၅၂
အီးမေးလ် f4p@giz.de



**အသက်သည်သွေး**



**ကန့်ကွက်နိုင်ပါကြောင်း**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၂K၊ မြေကွက်အမှတ် ပဉ္စမတန်းစား ၉၄၊ မြေကွက်တည်နေရာ အမှတ် ၆၄၊ ၉၄လမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ [ဦးစိုးနိုင်ဦး ၁၂/မဂတ(နိုင်)၀၂၃၈၀၃] အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက် ဦးစိုးနိုင်ဦးထံမှ အရောင်းအဝယ်စာချုပ် (၃၆၆၀/၂၀၀၆) (၁၆-၁-၂၀၀၆)အရ ဦးမောင်မောင်(ခ)ကာဆင်မူကရီက ပိုင်ဆိုင်လာပြီး ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်၁၀၈၊ (တရားလို ဒေါ်နီလာက တရားပြိုင် (၁) ဦးမောင်မောင်(ခ)ဦးကာဆင်မူကရီ၊ (၂) ဒေါ်သန်းသန်းဝင်းတို့အပေါ် မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု)၊ ၂၀၁၄ခုနှစ် တရားမဇာရီမှု အမှတ် ၁၇၈အမိန့်တို့တင်ပြ၍ တရားရုံး (၁) ဦးမောင်မောင် (ခ) ဦးကာဆင်မူကရီ၊ (၂) ဒေါ်သန်းသန်းဝင်းတို့ ကိုယ်စား ဘီလစ်အရာရှိ ဒေါ်အဲမွန်သန့်က အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# စင်ကာပူနိုင်ငံမှ အသိအမှတ်ပြုလက်မှတ်ရမည့် သက်မွေးပညာသင်တန်းများ အခမဲ့တက်ရောက်နိုင်မည်

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်မြို့ရှိ ယခင်နတ်မောက်ကျောင်းကို အဆင့်မြှင့်တင်မွမ်းမံ၍ စင်ကာပူသံရုံးနှင့် မြန်မာအစိုးရတို့ ပူးပေါင်းကာ စင်ကာပူ-မြန်မာ သက်မွေးပညာ သင်တန်းကျောင်းအဖြစ် မကြာမီ ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် အဆိုပါကျောင်းတွင် စင်ကာပူနိုင်ငံမှ အသိအမှတ်ပြု လက်မှတ်ရမည့် သင်တန်းများကို အခမဲ့တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။



သင်တန်းတက်ရောက်ရန် စုံစမ်းနေသော ကျောင်းသား ကျောင်းသူများ။

"ဒီသင်တန်းကျောင်းမှာ အသက် ၁၆ နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ထားတဲ့သူတွေ တက်ရောက်နိုင်ပါတယ်။ သင်တန်းကြေး ပေးစရာမလိုပါဘူး။ အခမဲ့ တက်ရောက်နိုင်မှာဖြစ်ပါတယ်။ ကျောင်းသားသစ်တွေကို ဇွန်လကုန်ပိုင်းကတည်းက စတင်လက်ခံလျက်ရှိပါတယ်။ လောလောဆယ်မှာတော့ တက်ရောက်ဖို့ လျှောက်လွှာယူသွားတဲ့သူ ၁၀၀၀ ကျော်လောက် ရှိနေပါပြီ။ ဖောင်ပြန်လာတင်တဲ့သူတွေလည်း တော်တော်များပါတယ်"ဟု ကျောင်းသားရေးရာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စင်ကာပူ-မြန်မာ သက်မွေးပညာ သင်တန်းကျောင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ဘာသာရပ်လေးမျိုးနှင့် ဆောက်လုပ်ရေး အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ဘာသာရပ်ခြောက်မျိုး စုစုပေါင်း ဘာသာရပ် ၁၀ မျိုးကို စင်ကာပူနိုင်ငံ ITE ကောလိပ်အသိအမှတ်ပြုသင်ရိုးများအတိုင်း လက်တွေ့ကျွမ်းကျင်ရေးကို ဦးစားပေး၍ သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက စင်ကာပူနိုင်ငံ ITE ကောလိပ်နှင့် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနတို့မှ အသိအမှတ်ပြုသည့် သက်မွေးပညာကျွမ်းကျင်လက်မှတ် (SM-VTL Certificate)ကို ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းကျောင်းက သင်တန်းဆင်းအောင်မြင်သွားသူတွေအနေနဲ့ ပြည်ပမှာ ကျွမ်းကျင်လုပ်သားအဖြစ် သွားရောက်လုပ်ကိုင်ဖို့ဖြစ်ဖြစ်၊ ပြည်တွင်းက စက်ရုံအလုပ်ရုံတွေမှာ ကျွမ်းကျင်လုပ်သားအဖြစ် လုပ်ကိုင်ရာမှာပဲဖြစ်ဖြစ် အများကြီး အထောက်အကူပြုမှာဖြစ်ပါတယ်"ဟု သင်တန်းကျောင်းမှ ဆရာမတစ်ဦးက ပြောသည်။

စင်ကာပူ-မြန်မာ သက်မွေးပညာ သင်တန်းကျောင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးနှင့်ပတ်သက်သော သင်တန်းများကို စက်တင်ဘာ ၁၄ ရက်တွင်လည်းကောင်း၊ ဆောက်လုပ်ရေးအင်ဂျင်နီယာ လုပ်ငန်းဆိုင်ရာ သင်တန်းများကို အောက်တိုဘာ ၂၆ ရက်တွင်လည်းကောင်း စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကာ တက်ရောက်ရန် လျှောက်ထားကြသူများ အနေဖြင့် တက်ရောက်ခွင့်ရရှိပါက သင်တန်းများကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အချိန်ပြည့် တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ကြဲတိုင်းအောင်**
**ဓာတ်ပုံ-သက္က**

## ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူး၍ Create Winning Mindset NOW ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီခွဲမှ ၁၂ နာရီအထိ လှိုင်မြို့နယ် MICT Park အခန်း (၂၀၅)၌ ကျင်းပမည်ဖြစ်ကာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

ဟောပြောပွဲတွင် Your Winning Ways Australia မှ Program Director ဖြစ်သူ Mr. PHILIP J WIN က အောင်မြင်သူများ၏ အလေ့အထများ၊ ဘဝအတွက် ရည်မှန်းချက်များထားရှိခြင်း၊ အောင်မြင်သောစိတ်ထား၏ လျှို့ဝှက်ချက်များ စသည့်အကြောင်းအရာများကို ဆွေးနွေးဟောပြောမည်ဖြစ်ပြီး ဟောပြောပွဲသို့ တက်ရောက်ခြင်းအားဖြင့် လုပ်ငန်းခွင်နှင့် နေ့စဉ်ဘဝတွင် အောင်မြင်စွာဖြတ်သန်းနိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကာ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။ **သူရဖြိုး**

## မရမ်းကုန်းမြို့နယ်တွင် ခါးပိုက်နှိုက်ငါးဦးဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခါးပိုက်နှိုက်မှုများ ဖမ်းဆီးရမိရေးအတွက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက နယ်မြေအလိုက် စောင့်ကြည့်သတင်းစုံစမ်း ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ မရမ်းကုန်းမြို့နယ်အတွင်း ခါးပိုက်နှိုက်ငါးဦးကို ဇူလိုင် ၄ ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဇူလိုင် ၄ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် မရမ်းကုန်းမြို့နယ် ဘူတာရုံလမ်း ကျောင်းရှေ့ကားမှတ်တိုင်သို့ဆိုက်ရောက်လာသည့် အမှတ်(၁၂၁)ဒိုင်နာ ခရီးသည်တင်ယာဉ်ပေါ်မှ ဆင်းလာသူများအနက် အမျိုးသားသုံးဦးအား တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းရာ လှိုင်သာယာမြို့နယ်နေ ကြွက်နီ(ခ)ဝေယံ (၂၂ နှစ်)၊ သန့်ဇင် (၂၁ နှစ်) နှင့် ဝသုန် (၂၀ နှစ်)တို့ဖြစ်ကြောင်းနှင့် ၎င်းတို့ထံမှ ငွေကျပ် ၁၆၅၀၀ အား တွေ့ရှိပြီး ယာဉ်ပေါ်ပါ အသက် ၅၀ ခန့် အမျိုးသားတစ်ဦး၏ ဘေးလွယ်အိတ်အတွင်းမှ နှိုက်ယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

အလားတူ နံနက် ၁၀ နာရီ ၅ မိနစ်ခန့်တွင်လည်း မရမ်းကုန်းမြို့နယ် ဘူတာရုံလမ်းရှိ သမိုင်းဘူတာရုံမှတ်တိုင်သို့ ဆိုက်ရောက်လာသည့် အမှတ်(၁၂၁)ဒိုင်နာ ခရီးသည်တင်ယာဉ်ပေါ်မှဆင်းလာသော ခါးပိုက်နှိုက် ပြစ်ချက်ဟောင်းရှိသူ လှိုင်သာယာမြို့နယ်နေ ကျော်ကျော်(ခ)ကျော်လွင် (၂၆ နှစ်) နှင့် သူရ (၂၅ နှစ်)တို့အား တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ ငွေကျပ် ၁၅၀၀၀ ကို တွေ့ရှိပြီး ယာဉ်ပေါ်ပါ အသက် ၂၀ ခန့် အမျိုးသားတစ်ဦး၏ ဂျင်းဘောင်းဘီနောက်အိတ်အတွင်းမှ နှိုက်ယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ခါးပိုက်နှိုက်မှုကျူးလွန်သူ ငါးဦးအား မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သူရဖြိုး**

## သာကေတရှုခင်းသာလမ်းပေါ်၌ ယာဉ်သုံးစီးတိုက်၊ ယာဉ်နောက်လိုက် နေရာတွင် သေဆုံး

**ရန်ကုန် ဇူလိုင် ၆**

ဇူလိုင် ၆ ရက် နံနက် ၈ နာရီခွဲခန့်က သာကေတမြို့နယ်အတွင်း ရှုခင်းသာလမ်းမအတိုင်း အနောက်မှ အရှေ့သို့ ယာဉ်မောင်း စုံစမ်းဆဲ မောင်းနှင်လာသည့် 4G/ ----- ဟွန်ဒိုင်းအမျိုးအစား ၁၈၉ ခရီးသည်တင်ယာဉ်သည် MOGE (မြန်မာ့ ရေနံဝင်ရိုး)ဝင်ပေါက်ရှေ့အရောက်တွင် တစ်ဖက်ယာဉ်ကြောသို့ အရှိန်လွန်ရောက် ရှိသွားခဲ့ပြီး ၎င်းယာဉ်ကြောမှ ယာဉ်မောင်းဇင်မျိုးဦး(ခ) ဖိုးပြည့်မောင်းနှင်လာသော 4E/------ မစ်ဆူဘီရှီ အမျိုးအစား ထရပ်ယာဉ်အား ဝင်တိုက်မိပြီး ယာဉ်မောင်း ဇော်လွင်ထွန်း မောင်းနှင်လာသည့် 9E/-----ဟွန်ဒိုင်း အမျိုးအစား ခရီးသည်တင်ယာဉ်အား ထပ်ဆင့်တိုက်မိမှုများ ဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်သုံးစီးစလုံး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပြီး 4G/---- ၏ ယာဉ်နောက်လိုက် ချစ်စမ်းဝင်း(ခ) သားလေးမှာ ဒဏ်ရာပြင်းထန်သဖြင့် ယင်းနေရာတွင် သေဆုံးသွားခဲ့သည်။

ထို့အပြင် 4E/ ------ယာဉ်မောင်း ဇင်မျိုးဦးမှာ ရရှိဒဏ်ရာပြင်းထန်သဖြင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ (အတွင်းလူနာ)အဖြစ် ဆေးကုသခံယူနေရကြောင်း သိရပြီး 4G/ ------ယာဉ်မောင်းမှာ ညအချိန်အထိ ထွက်ပြေးတိမ်းရှောင်နေသဖြင့် အမြန်ဆုံး ဖမ်းမိရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းလျက်ရှိနေသည်။

၎င်းယာဉ်မောင်းအား သာကေတနယ်မြေရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း ယာဉ်ထိန်းတပ်ဖွဲ့မှ သိရသည်။ **ကိုကြီးတင်**


**7Stars (ရာထူးဝင်သင်တန်းကြီး)**

**လ/ထ ဆရာဝန်**

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအတွက်

လစ်လပ်ရာထူးနေရာ - ( ၄၉၈ )နေရာ

တိုက်(18 / 3B)၊ သမြေပြည့်ကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ကျောင်းခွဲ (လုံး၀) မရှိပါ။

09.421052736, 09.49282366, 09.799860155








### ကန်ထရိုက်တာ ဦးတင်ကိုကို (ကြည်ရတနာဆောက်လုပ်ရေး)နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အမှတ်(၃၀/က) နေ ဒေါ်အေးအေးလွင် ISN-၅၈၂၄၃၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးလွင်ပိုင်ဆိုင်သော ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်(၁၈)လမ်း၊ အမှတ်(၃၀/က)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၄×၆၀)ပေ မြေကွက်ပေါ်တွင် (၄½)ထပ် RCအဆောက်အအုံကို ၁၅-၁၀-၂၀၁၄ရက်တွင် ကန်ထရိုက်တာ ဦးတင်ကိုကို ၁၂/မလတ(နိုင်)၀၉၆၅၄၁ ကြည်ရတနာ ဆောက်လုပ်ရေးနှင့် အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ရန် တရားဝင်စာချုပ် ချုပ်ဆိုသဘောတူညီခဲ့ကြပါသည်။

ယခုအခါ ကန်ထရိုက်တာဦးတင်ကိုကိုသည် အဆိုပါမြေကွက်ပေါ်တွင် မြေကြီးတူးသည့် အဆင့်သာပြုလုပ်ထားပြီး မြေပိုင်ရှင်ဖြစ်သူနှင့် အဆက်အသွယ်မလုပ်ဘဲ တိမ်းရှောင်လျက်ရှိပါသည်။ မြေရှင်ထံမှ ကန်ထရိုက်တာဦးတင်ကိုကိုလက်ရောက်ယူသွားသော မြေငှားဂရန်နှင့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြန်လည်ပေးအပ်ရန်နှင့် မြေရှင်နှင့်(၁၄)ရက်အတွင်း အမြန်ဆုံးလာရောက်ညှိနှိုင်းရန် တောင်းဆိုပါသည်။

အဆိုပါမြေကွက်ကို မြေပိုင်ရှင်ဒေါ်အေးအေးလွင်မသိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းခြင်း၊ ဝယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရန်နှင့် ပြုလုပ်သူများကို တရားဥပဒေနှင့်အညီ အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်စွာဝင်း LL.B၊ အထက်တန်းရှေ့နေ (စဉ်-၂၃၁၅၅)
တိုက်အမှတ်(၁)၊ မြေညီ၊ လွတ်လပ်ရေးလမ်း၊ (ဃ)ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၀၄၆၂၁

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်အတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေးအဖွဲ့(၃)မှ တည်ဆောက်မည့် ဖိုးခေါင်စံရွှေလမ်းမပေါ်ရှိ မြစ်မခတံတားလုပ်ငန်းအတွက် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အတွင်း လိုအပ်သည့်အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
| --- | --- | --- |
| ၁။ | တောသစ်(ရွယ်စုံ) | ၁၀၀-တန် |
| ၂။ | မြစ်ကျောက်စရစ် | ၆၀၀-ကျင်း |
| ၃။ | သဲ | ၃၀၀-ကျင်း |
| ၄။ | ရိုက်သံ(ရွယ်စုံ) | ၁၆၀၀-ပေါင် |
| ၅။ | Binding Wire | ၃၅၀၀-ပေါင် |
| ၆။ | ၅ထပ်သား 8'x4' | ၃၀၀-Sht |
| ၇။ | မြေဖယောင်း | ၁၀၀-တန် |
| ၈။ | Welding Rod (20kg) | ၁၈၀-ထုတ် |
| ၉။ | Minokca (303) | ၂၀-Drum |
| ၁၀။ | လေအိုး | ၂၅၀-လုံး |
| ၁၁။ | မီးအိုး | ၄၂၄-ပိဿာ |

၂။ (က) **တင်ဒါရောင်းချမည့်ရက်** - ၈-၇-၂၀၁၅ရက်
(ခ) **တင်ဒါပိတ်ရက်/အချိန်** - ၁၁-၇-၂၀၁၅ရက် မွန်းတည့် ၁၂း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၁-၇-၂၀၁၅ရက်၊ မွန်းလွဲ ၁း၀၀နာရီ
(ဃ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - မြို့နယ်ဦးစီးအရာရှိ (မြို့ပြ)ရုံး သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ဒု-ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေးအဖွဲ့(၃) (မြင်သာ)နှင့် မြို့နယ်ဦးစီးအရာရှိ (မြို့ပြ)ရုံး၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ဖုန်း-၀၉-၅၂၀၈၅၂၃၊ ၀၉-၄၄၈၅၃၉၆၇၊ ၀၁-၈၅၀၀၇၈၅တို့တွင် ၈-၇-၂၀၁၅ ရက်မှ ရုံးအချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)တွင် ရေပိုက်လိုင်းသွယ်တန်းမှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်း ရန်ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များအား ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)တွင် ၈-၇-၂၀၁၅ ရက်မှ ၂၄-၇-၂၀၁၅ ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)ရှိ စီမံရေးရာဌာနတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၇-၇-၂၀၁၅ ရက်ညနေ ၄း၃၀နာရီ အတွင်းကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)ရှိ စီမံရေးရာဌာနသို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၉-၂၅၀၁၀၇၉၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၆၇၇၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် CC/2223၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
**တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း**
**( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် /၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ လ ရက်**
**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **တီထွင်မှုမူပိုင်ခွင့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတ**က အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သောနေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **တီထွင်မှု** ဆိုသည်မှာ နည်းပညာနယ်ပယ်ရှိ သီးခြားအခက်အခဲ ပြဿနာတစ်ရပ်ကို ဖြေရှင်းပေးနိုင်သည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာ ဖန်တီးမှုကို ဆိုသည်။
(ခ) **တီထွင်မှုမူပိုင်ခွင့်** ဆိုသည်မှာ တီထွင်မှုတစ်ခုအား အကာအကွယ်ပေးရန် ဤဥပဒေအရ ခွင့်ပြုသည့် မူပိုင်ခွင့်ကိုဆိုသည်။
(ဂ) **အသေးစားတီထွင်မှု** ဆိုသည်မှာ အရာဝတ္ထုတစ်ခု၏ အသစ်ဖြစ်သော ပုံသဏ္ဌာန် သို့မဟုတ် ဖွဲ့စည်းပုံတစ်ခု သို့မဟုတ် ၎င်း၏လုပ်ဆောင်မှု သို့မဟုတ် အသုံးပြုမှုပိုင်းကို မြှင့်တင်ပေးသော အစိတ်အပိုင်းတစ်ခု၏ နည်းပညာဆိုင်ရာ ဖန်တီးမှု တစ်ရပ်ကို ဆိုသည်။
(ဃ) **တီထွင်မှုမူပိုင်ခွင့်ရရှိသူ** ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့် ရရှိသူအဖြစ် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသူကိုသော် လည်းကောင်း၊ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုလျှင် ထိုသူအားလုံးကိုသော် လည်းကောင်း ဆိုသည်။
(င) **တီထွင်သူ** ဆိုသည်မှာ တီထွင်မှုတစ်ခုကို ပြုလုပ်သည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ် များကို ဆိုသည်။
(စ) **အခွင့်အရေးရရှိသူ** ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများအား တရားဝင်ခံစားခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ရပ်တည်သော အဖွဲ့အစည်းကို ဆိုသည်။
(ဆ) **သာမန်တတ်ကျွမ်းသူ** ဆိုသည်မှာ တီထွင်မှုဆိုင်ရာ နည်းပညာနယ်ပယ် သို့မဟုတ် တီထွင်မှုနှင့်အနီးစပ်ဆုံး ဆက်စပ်နေသည့် နည်းပညာနယ်ပယ်တွင် သာမန်အဆင့် တတ်ကျွမ်းမှုရှိသူကို ဆိုသည်။
(ဇ) **ဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ဤဥပဒေ၏ အခန်း (၉) ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်။
(ဈ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာနက ဤဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် အရာရှိကို ဆိုသည်။
(ည) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်သော စစ်ဆေးမှုများပြုလုပ်ရန် တာဝန်ခံဝန်ကြီးဌာနက ဤဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် အရာရှိကို ဆိုသည်။
(ဋ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင် နိုင်ငံတစ်ခုခုကို ဆိုသည်။
(ဌ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။
(ဍ) **အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံး** ဆိုသည်မှာ တာဝန်ခံဝန်ကြီးဌာနက စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေအရ တည်ထောင်သော မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးကို ဆိုသည်။
(ဎ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံး၏ အကြီးအကဲကို ဆိုသည်။
(ဏ) **တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေအရ ဖွဲ့စည်းထားသော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် တရားရုံးကိုသော် လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းထားသည့် တရားရုံးများကိုသော် လည်းကောင်း ဆိုသည်။
(တ) **အလုပ်သမား** ဆိုသည်မှာ မိမိ၏ကာယအား ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်ရရှိသောလုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုနေရသူကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဝန်ထမ်းများလည်း ပါဝင်သည်။
(ထ) **အလုပ်ရှင်** ဆိုသည်မှာ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဖက် သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကို ဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်း ကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားအား လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှရပ်စဲရန် တာဝန်ရှိသူတစ်ဦးဦး သို့မဟုတ် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင် ကွယ်လွန်ပါက ယင်း၏တရားဝင် အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။

### အခန်း (၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်နှင့် တီထွင်သူတို့၏ အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊
(ခ) နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့် နည်းပညာဖြန့်ဖြူး လွှဲပြောင်းရေးတို့ကို မြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေရန်၊
(ဂ) တီထွင်သူများနှင့် တီထွင်မှုကိုသုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးများကို အပြန်အလှန် အကျိုးပြုစေရန်၊
(ဃ) တီထွင်သူများနှင့် တီထွင်မှုကိုသုံးစွဲသူများ၏ အခွင့်အရေးနှင့် ကျင့်ဝတ်တို့အား ဟန်ချက်ညီစေရေးတို့တွင် အထောက်အကူဖြစ်စေရန်၊
(င) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အခွင့်အရေးရရှိသူမှ တီထွင်မှုမူပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် ကုန်သွယ်မှုတွင် သင့်တင့်မျှတမှုမရှိဘဲ ထိန်းချုပ်ထားခြင်းတို့ကို ဟန့်တားနိုင်ရန်။

### အခန်း (၃)
### တာဝန်ခံဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၄။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေ၏ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-
(က) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊
(ခ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊
(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်သော ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့်သဘောတူညီချက်များပါ တီထွင်မှု မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊
(ဃ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ဖွဲ့စည်းပုံနှင့်အညီ မှတ်ပုံတင်အရာရှိတစ်ဦးနှင့် အခြားလိုအပ်သည့် ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ ထို့အပြင် လိုအပ်ပါက ဒုတိယ မှတ်ပုံတင်အရာရှိများနှင့် လက်ထောက်မှတ်ပုံတင်အရာရှိများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊
(င) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်သော စစ်ဆေးမှုများကို ဆောင်ရွက်နိုင်စေရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ ဖွဲ့စည်းပုံနှင့်အညီ စစ်ဆေးရေးအရာရှိများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊
(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊
(ဆ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် အယူခံအဖွဲ့၊ ပြန်လည်သုံးသပ်ရေးအဖွဲ့အစရှိသည့် လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊
(ဇ) ဤဥပဒေပါ အခကြေးငွေများကို သတ်မှတ်ခြင်း၊
(ဈ) ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

### အခန်း (၄)
### မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များ

၅။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊
(ခ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊
(ဂ) တောင်းဆိုထားသည့် တီထွင်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပြည်ပရှိအဖွဲ့ဝင်နိုင်ငံများ၌ မှတ်တမ်းတင်ထားပြီးသော တီထွင်မှုမူပိုင်ခွင့်များကို ရှာဖွေခြင်းနှင့် တောင်းဆိုထားသည့် တီထွင်မှုကို စစ်ဆေးခြင်း၊
(ဃ) တီထွင်မှု မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို ဆုံးဖြတ်ခြင်း၊
(င) တီထွင်မှု မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သူများအား ခေါ်ယူစစ်ဆေးခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများကို တောင်းခံခြင်း၊
(စ) တီထွင်မှု မူပိုင်ခွင့်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ခြင်း၊
(ဆ) တီထွင်မှု မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လျှောက်ထားသူထံ အကြောင်းကြားခြင်း၊ ကြားနာခွင့်ပေးခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း၊
(ဇ) တီထွင်မှု မူပိုင်ခွင့်လက်မှတ်၊ အသေးစားတီထွင်မှုမူပိုင်ခွင့်လက်မှတ်တို့ ထုတ်ပေးခြင်း၊
(ဈ) မှတ်ပုံတင်ထားသော တီထွင်မှုမူပိုင်ခွင့်ကို ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊
(ည) တီထွင်မှု မူပိုင်ခွင့်နှင့် အသေးစားတီထွင်မှု မူပိုင်ခွင့်တို့ကို လွှဲပြောင်းခြင်းနှင့် လိုင်စင်ပေးခြင်းတို့ကို မှတ်တမ်းတင်ခြင်း၊
(ဋ) တီထွင်မှု မူပိုင်ခွင့် မှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိခြင်း၊
(ဌ) တာဝန်ခံဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်များကို စစ်ဆေးခြင်း၊
(ခ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို စစ်ဆေးပြီးနောက် ခွင့်ပြုရန် သင့်မသင့် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊
(ဂ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်၊ ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊
(ဃ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ အယူခံချက်ကို စစ်ဆေးပြီးတွေ့ရှိချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊
(င) တာဝန်ခံဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

### အခန်း (၅)
### တီထွင်မှုမူပိုင်ခွင့်

၇။ တီထွင်မှုသည် အောက်ပါအချက်များနှင့် ညီညွတ်သည့်အပြင် ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိပါက တီထွင်မှုမူပိုင်ခွင့်ပေးနိုင်သော တီထွင်မှု ဖြစ်သည် -
(က) တီထွင်မှုအသစ်ဖြစ်ခြင်း၊
ရှင်းလင်းချက်။ ။ တီထွင်မှုသည် ယခင်ရှိပြီးသား နည်းပညာတစ်ခုအနေဖြင့် မရှိခဲ့လျှင် အသစ်ဖြစ်သည်။ ယခင်ရှိပြီးသားနည်းပညာတွင် တီထွင်မှု မူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက် သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက ယင်းဦးစားပေးအခွင့်အရေး တောင်းဆိုသည့် နေ့ရက်မတိုင်မီ မည်သည့်နေရာတွင်မဆို တီထွင်မှုကို ပုံနှိပ်ထုတ်ဝေခြင်း၊ နှုတ်ဖြင့်ဖွင့်ဟပြောဆိုခြင်း၊ အသုံးပြုခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် အများပြည်သူသို့ရနိုင်စေမည့် သို့မဟုတ် ထုတ်ဖော်အသိပေးထားသည့် နည်းပညာများ ပါဝင်သည်။
(ခ) တီထွင်မှုအဆင့်တစ်ရပ်ပါရှိခြင်း၊
ရှင်းလင်းချက်။ ။ တီထွင်မှု မူပိုင်ခွင့်လျှောက်ထားသည့် တီထွင်မှုကို သက်ဆိုင်ရာ နည်းပညာနယ်ပယ်တွင် ကျွမ်းကျင်သူတစ်ဦးက အလွယ်တကူ နားလည်နိုင်စွမ်းမရှိပါက ယင်းတီထွင်မှုသည် တီထွင်မှု အဆင့်တစ်ရပ်ပါရှိသော တီထွင်မှုဖြစ်သည်ဟု သတ်မှတ်ရမည်။
(ဂ) တီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတစ်ရပ်ရပ်တွင် အသုံးချနိုင်ခြင်း။
ရှင်းလင်းချက်။ ။ တီထွင်မှုကို စက်မှုလက်မှုလုပ်ငန်း တစ်ရပ်ရပ်၌ အသုံးချနိုင်ခြင်းဆိုရာတွင် ယင်းတီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတွင် ပြုလုပ်နိုင်ရမည် သို့မဟုတ် အသုံးပြုနိုင်ရမည်။ စက်မှုလက်မှု လုပ်ငန်းဟူသော စကားရပ်တွင် ကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို ရှေးရှုသည့် လူမှုစီးပွားရေး လုပ်ငန်းဆောင်ရွက်မှုများအဖြစ် ကျယ်ပြန့်စွာပါဝင်ပြီး အထူးသဖြင့် လက်မှုပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်သည်။

၈။ (က) အောက်ပါတို့သည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ် မရရှိစေရ-
(၁) ရှာဖွေတွေ့ရှိချက်များ၊ သိပ္ပံဆိုင်ရာ သီအိုရီများနှင့် သင်္ချာဆိုင်ရာ တွက်ချက်နည်းများ၊
(၂) စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာအပြုအမူ သက်သက်ဆောင်ရွက်ခြင်း သို့မဟုတ် ယှဉ်ပြိုင်ကစားခြင်းနှင့်စပ်လျဉ်းသည့် စီမံချက်များ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် နည်းလမ်းများ၊
(၃) ကွန်ပျူတာပရိုဂရမ်များ၊
(၄) အပင်များ သို့မဟုတ် တိရစ္ဆာန်များကို စိုက်ပျိုးမွေးမြူရေးအတွက် အဓိကကျသော ဇီဝဆိုင်ရာ ထုတ်လုပ်မှုနည်းစဉ်များ၊
ခြွင်းချက်။ ။ ထိုနည်းစဉ်များ၌ ဇီဝမဟုတ်သော ထုတ်လုပ်မှုနည်းစဉ်နှင့် အဏုဇီဝထုတ်လုပ်မှု နည်းစဉ်များ မပါဝင်။
(၅) သက်ရှိမျိုးနွယ်များ၊ အပင်မျိုးစိတ်များနှင့်သဘာဝတွင် တွေ့ရှိရသော သက်ရှိတို့၏ အင်္ဂါအစိတ်အပိုင်းများ သို့မဟုတ် သက်ရှိများ၊ အလွန်သေးငယ်သော သက်ရှိများ သို့မဟုတ် ယင်းမှထုတ်ယူထားသော သို့မဟုတ် ခွဲခြားထားသော၊ သန့်စင်ထားသော၊ ဂုဏ်သတ္တိအမျိုးမျိုးဖြင့် ပြောင်းလဲထားသော သက်ရှိ ဇီဝပစ္စည်းတစ်ခု၏ မျိုးပွားပစ္စည်း သို့မဟုတ် မျိုးပွားနိုင်သောအရည်တို့ အပါအဝင် အပင်များနှင့် တိရစ္ဆာန်များ၊ ဒီအောက်စီရိုက် ဘိုနယူကလိယ ဆက်တန်းများဖြင့် ဖွဲ့စည်းထားသော ဆဲလ်များ၊ သက်ရှိ ဆဲလ်များ၊ မွေးမြူထားသော ဆဲလ်များနှင့် အစေ့များ၊
ခြွင်းချက်။ ။ ဤပြဋ္ဌာန်းချက်တွင် ပြုလုပ်ဖန်တီးထားသည့် အဏုဇီဝများ မပါဝင်။
(၆) လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်ကို ခွဲစိတ်ကုသနည်းများ သို့မဟုတ် ကုထုံးများနှင့် လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်တွင် လက်တွေ့စမ်းသပ်ပြီး ရရှိလာသောရောဂါရှာဖွေခြင်း နည်းလမ်းများ၊
ခြွင်းချက်။ ။ အဆိုပါ နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် အသုံးပြုသည့်ပစ္စည်းများသည် ဤပြဋ္ဌာန်းချက်နှင့် သက်ဆိုင်မှုမရှိစေရ။
(၇) သဘာဝအတိုင်းရှိသည့် အရာဝတ္ထုများ၊ အသုံးပြုမှုအသစ်များနှင့် ပုံသဏ္ဌာန်အသစ်များ အပါအဝင် အများသိရှိထားပြီးဖြစ်သည့် အရာဝတ္ထုများ သို့မဟုတ် နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် ဓာတုထုတ်ကုန်များ စသည်တို့နှင့် ဆက်နွယ်သည့် တီထွင်မှုများ၊
(၈) လူ၊ တိရစ္ဆာန် သို့မဟုတ် အပင်တို့၏သက်တမ်း သို့မဟုတ် ကျန်းမာရေးတို့ကို ကာကွယ်ရန် သို့မဟုတ် ပတ်ဝန်းကျင်အား ဆိုးရွားစွာ ထိခိုက်စေခြင်းမှ ရှောင်ရှားရန်တို့အပါအဝင် အများပြည်သူ၏ကိုယ်ကျင့်သိက္ခာနှင့် အေးချမ်းတည်ငြိမ်မှုကိုကာကွယ်ရန်

*စာမျက်နှာ ၁၆ သို့*

စာမျက်နှာ ၁၅ မှ

အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်း စီးပွားဖြစ်အသုံးချမှုကို ဥပဒေအရတားမြစ်ထားသော တီထွင်မှုများ၊

(ခ) အောက်ပါတို့သည် ပြည်ထောင်စုအစိုးရက သီးခြားသတ်မှတ်သည့် ကာလမရှိလျှင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့အထိ တီထွင်မှုမူပိုင်ခွင့် အကာအကွယ်မရရှိစေရ-

(၁) ကျန်းမာရေးကဏ္ဍနှင့်စပ်လျဉ်းသည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှု နည်းစဉ်၊

(၂) စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဗေဒထုတ်ကုန်များ၊

(၃) စားသောက်ကုန်များနှင့်

(၄) အဏုဇီဝပစ္စည်းများ။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (ခ) ပါ အကာအကွယ်မရရှိစေသော ကာလကို ကုန်သွယ်မှုနှင့် စပ်လျဉ်းသည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကောင်စီ၏ သဘောတူညီချက်နှင့်အညီ ပြင်ဆင်သတ်မှတ်နိုင်သည်။

## အခန်း(၆)
## တီထွင်မှုမူပိုင်ခွင့် ရခွင့်ရှိသူများ

၉။ (က) တီထွင်သူသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားရန် အခွင့်အရေးရှိသူဖြစ်ပြီး အဆိုပါ တီထွင်မှုမူပိုင်ခွင့်တွင် အမည်သတ်မှတ်ဖော်ပြပိုင်ခွင့်ရှိသည်။ ဤလျှောက်ထားနိုင်သည့် အခွင့်အရေးကို ဆက်ခံခြင်းနည်းအားဖြင့် လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုနိုင်သည်။

(ခ) နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများက တူညီသော တီထွင်မှုတစ်ခုကို သီးခြားစီ တီထွင်ခဲ့လျှင် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက် အစောဆုံးတင်သွင်းသူ သို့မဟုတ် ဦးစားပေးအခွင့်အရေးတောင်းဆိုချက်ပါရှိလျှင် ဦးစားပေးနေ့ရက်ကို အစောဆုံး တရားဝင်ရရှိထားသော လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသည်။

၁၀။ (က) နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများက တီထွင်မှုတစ်ရပ်ကို ပူးတွဲပြုလုပ်ခဲ့လျှင် တီထွင်မှုမူပိုင်ခွင့်ကို ပူးတွဲလျှောက်ထားရမည်ဖြစ်ပြီး တစ်ဦးချင်းစီသည် ၎င်းတို့၏ တီထွင်မှုအတွက် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်၏ ပူးတွဲပိုင်ရှင်တစ်ဦးဖြစ်ရမည်။

(ခ) နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော တီထွင်သူများပါဝင်သည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားမှုတွင် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၄) ပါ အချက်များနှင့်အညီ ဆောင်ရွက်ထားပြီးဖြစ်ပါက တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်အား တင်သွင်းရာတွင် မပါဝင်သော တီထွင်သူသည် အခြားပူးတွဲတီထွင်သူများ၏ လျှောက်ထားခြင်းကို ဟန့်တားခြင်းမပြုရ။

၁၁။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်းသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ တီထွင်မှုတစ်ခုကို ပြုလုပ်သည့်အခါ-

(က) အလုပ်သမားက တီထွင်မှုတစ်ခုကို ပြုလုပ်ရာတွင် သီးခြားသဘောတူညီချက် မရှိပါက အလုပ်ရှင်ကသာ ထိုတီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသည်။

(ခ) အလုပ်ရှင်၏ တာဝန်ပေးအပ်ချက်အရ မဟုတ်ဘဲ ၎င်း၏လုပ်ငန်းနယ်ပယ်နှင့် ဆက်နွှယ်နေသော တီထွင်မှုတစ်ခုကို အလုပ်သမားက ပြုလုပ်ရာတွင် ယင်းတီထွင်မှုကို ပြုလုပ်ရန်အတွက် အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကို အသုံးပြုခဲ့လျှင် သီးခြားသဘောတူညီချက်မရှိပါက အလုပ်သမားကသာ ထိုတီထွင်မှုမူပိုင်ခွင့်ကိုရခွင့်ရှိပြီး အလုပ်ရှင်သည် ၎င်း၏ လုပ်ငန်းနယ်ပယ်နှင့် ဆက်စပ်၍ ပြုလုပ်သော တီထွင်မှုအပေါ် အသုံးပြုရန် တစ်ဦးတည်းပိုင်မဟုတ်သော လိုင်စင်ရရှိစေရမည်။

(ဂ) အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက် ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်း ပြုလုပ်သည့် တီထွင်မှုအား လျှောက်ထားရာတွင် သီးခြားသဘောတူညီချက် မရှိပါက အဆိုပါတီထွင်မှုသည် ယခင်အလုပ်ရှင်၏ လုပ်ငန်းနယ်ပယ်အတွင်း ၎င်း၏အလုပ်သမားက ပြုလုပ်ရရှိသည့် တီထွင်မှုဖြစ်လျှင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ ပြုလုပ်ခဲ့သည့် တီထွင်မှုဖြစ်သည်ဟု မှတ်ယူပြီး အလုပ်ရှင်မှ ထိုတီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသည်။ သို့ရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်၌ အလုပ်သမားကသာ တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးကို ရရှိစေရမည်-

(၁) အလုပ်ရှင်က အဆိုပါ တီထွင်မှုအပေါ် လျှောက်ထားမှုမရှိကြောင်း သဘောတူညီခဲ့လျှင်၊

(၂) အလုပ်သမားက တင်ပြသည့် သက်သေခံအထောက်အထားအပေါ် အလုပ်ရှင်မှ ငြင်းဆိုခြင်း မပြုနိုင်လျှင်၊

(၃) ပုဒ်မခွဲ (ဃ) အတိုင်း တင်ပြနိုင်ခဲ့လျှင်။

(ဃ) တီထွင်မှုကို ပြုလုပ်ပြီးကြောင်း အလုပ်ရှင်အား ဆက်သွယ် အကြောင်းကြားသည့်နေ့ သို့မဟုတ် အလုပ်ရှင်မှ သိရှိသည့်နေ့တို့အနက် ပို၍စောရာနေ့ရက်မှ ၆ လ အတွင်း အဆိုပါတီထွင်မှုကို အလုပ်ရှင်မှ လျှောက်ထားရန် ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူပြီး အလုပ်သမားသည် ထိုတီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသည်။

(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ (ခ) နှင့်(ဂ) တို့တွင် ဖော်ပြထားသော တီထွင်မှုမူပိုင်ခွင့်ပြုလုပ်မှုမှအပ အခြားသောတီထွင်မှုကို ပြုလုပ်ခဲ့လျှင် သီးခြားသဘောတူညီချက်မရှိပါက ယင်းတီထွင်မှုအတွက် တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

## အခန်း (၇)
## တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း

၁၂။ မည်သူမဆို တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးကို ရရှိလိုပါက ဤဥပဒေနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် လျှောက်ထားရမည်။

၁၃။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာ ဖြင့်ဖြစ်စေ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိက တောင်းဆိုလျှင် မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရမည်။ အဆိုပါ ဘာသာပြန်ဆိုချက်အား မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်။ လိုအပ်ပါက သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများ ပူးတွဲတင်ပြရမည်-

(၁) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုပေးရန်တောင်းဆိုချက်၊

(၂) လျှောက်ထားသူနှင့် တီထွင်သူတို့၏အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာ၊

(၃) လျှောက်ထားသူတွင် အရေးပါသည့် စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းရှိပါက ယင်းတို့၏ လိပ်စာနှင့် နိုင်ငံအမည်၊

(၄) လျှောက်ထားသူသည် တရားဝင်ရပ်တည်သော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် ထိုအဖွဲ့အစည်းအမည်၊ အမျိုးအစား၊ လိပ်စာနှင့် နိုင်ငံအမည်၊

(၅) လျှောက်ထားသူက ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်လွှဲစာနှင့်အတူ ကိုယ်စားလှယ်၏ အမည်နှင့် နေရပ်လိပ်စာ၊

(၆) လျှောက်ထားသူ အမြဲတမ်းနေထိုင်သည့်နေရာ သို့မဟုတ် လုပ်ငန်းတည်ရှိရာ ပင်မနေရာသည် မြန်မာနိုင်ငံ၏ နယ်နိမိတ် ပြင်ပတွင်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာနှင့်အတူ မိမိကိုယ်စားဆောင်ရွက်မည့် ဒေသခံရှေ့နေ သို့မဟုတ် ကိုယ်စားလှယ်၏ အမည်နှင့် နေရပ်လိပ်စာ၊

(၇) ဦးစားပေးအခွင့်အရေးကို ထည့်သွင်းတောင်းဆိုခဲ့ပါက မူလ လျှောက်ထားခဲ့သည့် နေ့ရက်၊ အကယ်၍ သိရှိပါက လျှောက်ထားချက် အမှတ်စဉ်နံပါတ်နှင့် နိုင်ငံ သို့မဟုတ် ရုံး၏အမည်ပါဝင်သည့် မြွက်ဟကြေညာချက်၊

(၈) လျှောက်ထားသူက တီထွင်ထားသည့် ကုန်ပစ္စည်းကို အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတစ်ခုတွင် ခင်းကျင်းပြသရာမှ အကျိုးဆက်အဖြစ်ရရှိနိုင်သော မည်သည့်အကာအကွယ်ပေးမှု အခွင့်အရေးကိုမဆိုရယူရန် ဆန္ဒရှိပါက ခင်းကျင်းပြသခဲ့သည့် ကုန်ပစ္စည်းဖြစ်ကြောင်း ခင်းကျင်းပြသခဲ့သည့် နေ့ရက်၊ နိုင်ငံအမည်တို့နှင့်အတူ နိုင်ငံတကာ ကုန်စည်ပြပွဲဆိုင်ရာ စာရွက်စာတမ်းများ၊ ကုန်စည်ပြပွဲဆိုင်ရာ အခွင့်အရေးကို တောင်းဆိုသည့် မြွက်ဟကြေညာချက်နှင့် ခင်းကျင်းပြသခဲ့သည့် ကုန်ပစ္စည်းဖြစ်ကြောင်း သက်သေခံအထောက်အထား၊

(၉) လျှောက်ထားသည့် အချိန်တွင် တီထွင်သူ သို့မဟုတ် လျှောက်ထားသူမှ သိရှိထားသော တီထွင်မှုကို ဆက်လက်ဆောင်ရွက်နိုင်မည့် အကောင်းဆုံး နည်းလမ်းဖြင့် ဖော်ပြထားပြီး သာမန်တတ်ကျွမ်းသူတစ်ဦးမှ အဆိုပါ တီထွင်မှုကို ပြုလုပ်နိုင်ရန်နှင့် အသုံးပြုနိုင်ရန် ပြည့်စုံစွာဖော်ပြထားသော တီထွင်မှုဆိုင်ရာ ဖော်ပြချက်၊

(၁၀) တီထွင်မှုအမည်နှင့် တီထွင်မှုဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက်၊

(၁၁) လျှောက်ထားသူသည် တီထွင်သူမဟုတ်ပါက သက်သေခံအထောက်အထားနှင့်အတူ တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် လျှောက်ထားခွင့်ကို မည်ကဲ့သို့ ရရှိခဲ့ကြောင်း ဖော်ပြချက်၊

(၁၂) သတ်မှတ်ချက်နှင့်အညီ ဖော်ပြထားသည့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်များ၊

(၁၃) တီထွင်မှုကို နားလည်သဘောပေါက်စေရန် လိုအပ်သော ရေးဆွဲချက်များ၊

(၁၄) ပူးတွဲလျှောက်ထားသူများအနက်မှ တစ်ဦးဦးက ပူးတွဲလျှောက်ထားသူများ အားလုံး၏ ကိုယ်စားလျှောက်ထားချက်ကို လက်မှတ်ရေးထိုးထားခြင်းဖြစ်လျှင် ကျန်ပူးတွဲလျှောက်ထားသူများ၏ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊

(၁၅) အဖွဲ့အစည်းက လျှောက်ထားခြင်းဖြစ်ပြီး အဖွဲ့အစည်း၏ အကြီးအကဲမဟုတ်သူက လက်မှတ်ရေးထိုးထားခြင်းဖြစ်လျှင် ၎င်းအနေဖြင့် ထိုကဲ့သို့ လက်မှတ်ရေးထိုးပိုင်ခွင့်ရှိကြောင်း သက်သေခံအထောက်အထား၊

(၁၆) မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ်များ၏ မူရင်းဖြစ်ကြောင်း၊ ထိုအရင်းအမြစ်များနှင့် ပေါင်းစပ်သည်ဖြစ်စေ၊ မပေါင်းစပ်ဘဲဖြစ်စေ တည်ရှိနေသော ရိုးရာအသိပညာတစ်ရပ်ရပ်၏ မူရင်းဖြစ်ကြောင်းနှင့် တောင်းဆိုထားသော တီထွင်မှုကို ပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အသုံးပြုထားသော အဆိုပါအရင်းအမြစ်များ၏ မူရင်းဖြစ်ကြောင်း သိသာထင်ရှားစေသော သက်သေခံအထောက်အထား၊

(၁၇) ဆောလျင်စွာထုတ်ပြန်ကြေညာပေးရန် လျှောက်ထားလိုပါက ထိုသို့ ကြေညာပေးရန် တောင်းဆိုချက်၊

(၁၈) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၁၄။ (က) တီထွင်မှုဆိုင်ရာဖော်ပြချက်ကို သာမန်တတ်ကျွမ်းသူတစ်ဦးက အဆိုပါ တီထွင်မှုကို လုပ်ဆောင်နိုင်ရန် ထုတ်ဖော်ရေးသားရမည်ဖြစ်ပြီး အထူးသဖြင့် အဆိုပါဖော်ပြချက်တွင် ဦးစားပေးအခွင့်အရေးတောင်းဆိုပါက ဦးစားပေးအခွင့်အရေး တောင်းဆို လျှောက်ထားသည့်နေ့ရက် သို့မဟုတ် လျှောက်လွှာတင်သွင်းသည့် နေ့ရက်၌ တီထွင်သူ သိရှိထားသည့် ၎င်းတီထွင်မှုအား လုပ်ဆောင်နိုင်မည့် နည်းလမ်းများမှ အကောင်းဆုံးနည်းလမ်းဖြင့် ဖော်ပြပေးရမည်။

(ခ) တောင်းဆိုထားသော တီထွင်မှုအတွက် ထုတ်ဖော်ပြသချက်သည် လျှောက်ထားသောနေ့ရက်တွင် သက်ဆိုင်ရာပညာရပ်နယ်ပယ်၌ သာမန်တတ်ကျွမ်းမှုအဆင့်ရှိသူက ယင်းတီထွင်မှုကို အသုံးချရန် သို့မဟုတ် ပြုလုပ်ရန် ခွင့်ပြုနိုင်သည့် လုံလောက်သော သတင်းအချက်အလက်များကို ထည့်သွင်းတင်ပြထားပါက အဆိုပါ ထုတ်ဖော်ပြသချက်ကို လိုသည်ထက်ပို၍ စမ်းသပ်စစ်ဆေးမှုမပြုဘဲ လုံလောက်စွာ ပြည့်စုံရှင်းလင်းသည်ဟု မှတ်ယူရမည်။

(ဂ) အဆိုပါတီထွင်မှုဆိုင်ရာ ဖော်ပြချက်တွင် ကာကွယ်ရန် တောင်းဆိုထားသော တီထွင်မှုကို ပြုလုပ်ရာ၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားသော မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်းမှ မျိုးရိုးဗီဇ သို့မဟုတ် ဇီဝရင်းမြစ်များ၏ ဇာစ်မြစ်ကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြချက်သည်လည်းကောင်း၊ အဆိုပါရင်းမြစ်များနှင့် ဆက်စပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကာကွယ်ရန် တောင်းဆိုထားသော တီထွင်မှုကို ပြုလုပ်ရာ၌ တစ်ဦးချင်း သို့မဟုတ် စုပေါင်းဖန်တီးသူများ၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားသော ရိုးရာအသိပညာဆိုင်ရာ အချက်အလက်များကို ရှင်းလင်းစွာသတ်မှတ်ဖော်ပြချက် ပါရှိရမည်။

၁၅။ (က) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များတွင် အကာအကွယ်ပေးစေလိုသည့် အချက်ကို သတ်မှတ်ဖော်ပြပေးရမည်ဖြစ်ပြီး တောင်းဆိုချက်များကို ရှင်းလင်းရာတွင်ဖော်ပြချက်နှင့် ရေးဆွဲချက်များကို အသုံးပြုနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်များသည် ရှင်းလင်း၍ ကျစ်လျစ်ပြည့်စုံသော ဖော်ပြချက်ဖြစ်ရမည်။

၁၆။ (က) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းထားပြီးဖြစ်သော အောက်ဖော်ပြပါအချက်များနှင့် ညီညွတ်သည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးက လက်ခံရရှိသော နေ့ရက်ကို တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသော နေ့ရက်အဖြစ် မှတ်ယူမည် ဖြစ်သည်-

(၁) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) အရ လျှောက်ထားချက်တွင် လိုအပ်သောအချက်များအား ရှင်းလင်းစွာ ဖော်ပြချက်၊

(၂) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) နှင့် (၃) တို့တွင် ဖော်ပြထားသည့် လျှောက်ထားသူနှင့် သက်ဆိုင်သည့် အထောက်အထားများနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ လျှောက်ထားသူထံ ဆက်သွယ်နိုင်မည့် အချက်အလက်များ ဖော်ပြချက်၊

(၃) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) နှင့် (၁၂) တို့တွင် ဖော်ပြထားသည့် တီထွင်မှုဆိုင်ရာ ဖော်ပြချက်နှင့် တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်။

(ခ) မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်အား လက်ခံရရှိချိန်၌ ပုဒ်မခွဲ (က) ပါ လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိပါက လျှောက်ထားသူအား လိုအပ်သော အမှားပြင်ဆင်ချက်များ ပြုလုပ်ပေးရန် တောင်းခံရမည်။ လိုအပ်သော အမှားပြင်ဆင်ချက်များ လက်ခံရရှိသော နေ့ရက်ကို လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်အဖြစ် မှတ်ယူမည်ဖြစ်သည်။ လျှောက်ထားသူမှ ပြန်လည်ပြင်ဆင်ခြင်းမရှိပါက အဆိုပါလျှောက်ထားချက်ကို တင်သွင်းခြင်းမရှိသကဲ့သို့ မှတ်ယူမည်။

၁၇။ တူညီသော တီထွင်မှုတစ်ခုနှင့် စပ်လျဉ်း၍ နှစ်ဦး သို့မဟုတ်နှစ်ဦးထက်ပိုသူများက တီထွင်မှုမူပိုင်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်များကို တစ်နေ့တည်းတွင် တင်သွင်းလာလျှင်ဖြစ်စေ၊ တူညီသော ဦးစားပေးနေ့ရက်ကို လျှောက်ထားသည့်နေ့အဖြစ် တောင်းဆိုလာလျှင်ဖြစ်စေ-

(က) မှတ်ပုံတင်အရာရှိသည် သင့်လျော်လုံလောက်သည့် အချိန်ကာလအတွင်း ၎င်းတို့ အချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏ အမည်ကို ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ၎င်းတို့ အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်းခံရသူ၏ အမည်ကိုသော်လည်းကောင်း၊ ပူးတွဲလျှောက်ထားသူများအဖြစ် သတ်မှတ်ပေးစေလိုပါက ယင်းအချက်ကိုသော်လည်းကောင်း မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) မှတ်ပုံတင်အရာရှိက လျှောက်ထားသူများအားလုံးကို ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း ၎င်းတို့အချင်းချင်း သဘောတူညီမှု မရရှိခဲ့လျှင်ဖြစ်စေ၊ တီထွင်မှု မူပိုင်ခွင့်နှင့် သက်ဆိုင်သူတစ်ဦးဦး၏ ကန့်ကွက်မှုကို လက်ခံရရှိခဲ့လျှင်ဖြစ်စေ မည်သည့်လျှောက်ထားသူ၏ တီထွင်မှုကိုမျှ ခွင့်မပြုရ။

၁၈။ မှတ်ပုံတင်အရာရှိသည် မြန်မာနိုင်ငံတွင်လျှောက်ထားသော ပြည်ပနိုင်ငံတစ်ခုခုတွင် တင်သွင်းထားပြီးဖြစ်သော တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်များကို စစ်ဆေးနိုင်ရေးအတွက် အောက်ဖော်ပြပါစာရွက်စာတမ်းများကို သတ်မှတ်ထားသော အချိန်အတွင်း တင်ပြရန် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူထံအကြောင်းကြားနိုင်သည်-

(က) လျှောက်ထားသူရရှိထားပြီးဖြစ်သော သက်ဆိုင်ရာပြည်ပနိုင်ငံတစ်ခုခု၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးက ဆောင်ရွက်ခဲ့သည့် ရှာဖွေတွေ့ရှိချက်နှင့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတို့၏မိတ္တူ၊

(ခ) လျှောက်ထားသူပြည်ပမှရရှိထားပြီးဖြစ်သော တီထွင်မှုမူပိုင်ခွင့် လက်မှတ်မိတ္တူမှန်၊

(ဂ) ပြည်ပနိုင်ငံတစ်ခုခု၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ငြင်းပယ်လျှင်ဖြစ်စေ၊ အဆိုပါ လျှောက်ထားချက်ပါ တောင်းဆိုချက်ကို ငြင်းဆိုလျှင်ဖြစ်စေ၊ ယင်းဆုံးဖြတ်ချက်မိတ္တူ သို့မဟုတ် အဆိုပါ လျှောက်ထားချက်အရ ခွင့်ပြုခဲ့သော မည်သည့်တီထွင်မှု မူပိုင်ခွင့်ကိုမဆို ပျက်ပြယ်စေလျှင် ဖြစ်စေ၊ ရုပ်သိမ်းလျှင်ဖြစ်စေ ယင်းဆုံးဖြတ်ချက်မိတ္တူ။

၁၉။ (က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသည့်နေ့ရက်ကို မှတ်တမ်းသွင်းပြီး တီထွင်မှုကို အပြည်ပြည်ဆိုင်ရာ အမျိုးအစားခွဲခြားခြင်းဖြင့် အမျိုးအစားခွဲခြားပြီးနောက် လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ(က) အရ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သော ပြင်ဆင်မှုများပြုလုပ်၍ အကြောင်းကြားစာ လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ သို့ရာတွင် လျှောက်ထားသူမှ ပြင်ဆင်၍ ပြန်လည်တင်ပြခြင်းမပြုလျှင် လျှောက်ထားချက်ကို စွန့်လွှတ်သည်ဟု မှတ်ယူရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ လိုအပ်ချက်များနှင့် ကိုက်ညီသော လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အများပြည်သူသိရှိနိုင်ရန် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့် နေ့ရက်နှင့် ဦးစားပေးအခွင့်အရေး တောင်းဆိုသည့် နေ့ရက်တို့အနက် ပို၍စောသည့် နေ့ရက်မှ ၁၈ လ ကုန်ဆုံးပြီးနောက် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၂၀။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လျှောက်ထားသည့် နေ့ရက်မှ ၃၆ လ အတွင်း လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အသေးစိတ်စစ်ဆေးပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ တောင်းဆိုရမည်။ မှတ်ပုံတင်အရာရှိသည် စစ်ဆေးပေးရန်အတွက် တောင်းဆိုချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော တောင်းဆိုချက်ကို သတ်မှတ်ထားသော ကာလအတွင်း လျှောက်ထားခြင်းမရှိပါက အဆိုပါ လျှောက်ထားချက်ကို စွန့်လွှတ်သည်ဟု မှတ်ယူမည်ဖြစ်သည်။

၂၁။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည်

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

ပုဒ်မ၁၉၊ ပုဒ်မခွဲ (ဂ) အရ ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ၃ လ အတွင်း သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ ကန့်ကွက်စာတင်သွင်းနိုင်သည်။ ကန့်ကွက်စာတွင် ကန့်ကွက်လိုသည့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် ကို ဖော်ပြရမည်ဖြစ်ပြီး ကန့်ကွက်သူမှ ခွင့်ပြုချက်ကို တားမြစ်ရန် သင့်လျော်သည်ဟု ထင်မြင်ယူဆသည့် ခိုင်လုံသော အကြောင်းပြချက်များအပါအဝင် သက်ဆိုင်ရာ သက်သေခံအထောက်အထားများအားလုံးကို ဖော်ပြရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြန်လှန်ချေပချက်ကို တင်သွင်းနိုင်သည်။

(ဃ) မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူနှင့် ကန့်ကွက်သူတို့အား ၎င်းတို့၏အမှုကိုခုခံခြင်း၊ ပြန်လှန်ချေပခြင်းတို့နှင့် စပ်လျဉ်း၍ နှုတ်သက်သေခံချက်အပါအဝင် နောက်ထပ်သက်သေခံ အထောက်အထားများ တင်ပြလာခြင်းအပေါ် သင့်လျော်သည်ဟု ထင်မြင်လျှင် ကြားနာခွင့်ပေးနိုင်သည်။

၂၂။ (က) လျှောက်ထားချက်သည် တီထွင်မှုတစ်ခု သို့မဟုတ် ယေဘုယျတီထွင်ကြံဆမှု သဘောတရားတစ်ခုနှင့် ဆက်စပ်နေသော တီထွင်မှုများနှင့်လည်း သက်ဆိုင်ရမည်။

(ခ) လျှောက်ထားချက်သည် ပုဒ်မခွဲ(က)ပါ အချက်နှင့် မကိုက်ညီပါက လျှောက်ထားသူသည် မူလလျှောက်ထားချက်တွင်ပါရှိသော ဖော်ပြချက်များကို မကျော်လွန်စေဘဲ လျှောက်ထားချက်ကို တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုမည့်အချိန်အထိ ပြင်ဆင်နိုင်သည်။

(ဂ) (၁) လျှောက်ထားသူသည် မူလလျှောက်ထားချက်တွင် ပါရှိသော ဖော်ပြချက်များကို မကျော်လွန်စေဘဲ လျှောက်ထားချက်ခွင့်ပြုမည့်အချိန်အထိ လျှောက်ထားချက်ကို နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသောလျှောက်ထားချက်အခွဲများအဖြစ်ခွဲ၍ လျှောက်ထားနိုင်သည်။

(၂) လျှောက်ထားချက်အခွဲတစ်ခုစီတွင် မူလလျှောက်ထားချက်၏ လျှောက်ထားသည့်နေ့ရက်နှင့် ဦးစားပေးအခွင့်အရေး တောင်းဆိုခဲ့ပါက ယင်းဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့ရက်တို့ကို ဖော်ပြပေးရမည်။

(ဃ) ပုဒ်မခွဲ (က) အရ တီထွင်မှုအစုတစ်ခု၏ လိုအပ်ချက်နှင့် မကိုက်ညီသော လျှောက်ထားချက်တွင် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုခဲ့ပြီးသည့်အချက်သည် တီထွင်မှုမူပိုင်ခွင့်ကို ပျက်ပြယ်စေမည့် အကြောင်းပြချက် မဖြစ်စေရ။

၂၃။ (က) လျှောက်ထားသူ သို့မဟုတ် ပိုင်ရှင်က မှတ်ပုံတင်အရာရှိထံ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်အတွက် သတ်မှတ်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့ပြီး အဆိုပါပျက်ကွက်မှုကြောင့် သက်ဆိုင်ရာတီထွင်မှုမူပိုင်ခွင့် သို့မဟုတ် လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များနှင့် ကိုက်ညီလျှင် လျှောက်ထားသူ သို့မဟုတ် ပိုင်ရှင်ထံ အခွင့်အရေးများ ပြန်လည်ပေးရမည်-

(၁) လုပ်ဆောင်ရမည့်လုပ်ငန်းကို သတ်မှတ်ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခဲ့မှုကြောင့် ငြင်းပယ်ခံရသည့်နေ့ရက်မှ နှစ်လထက်နောက်မကျစေဘဲ တောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) အဆိုပါလုပ်ငန်းကိုသတ်မှတ်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့် ပတ်သက်သည့် မေးခွန်းများ၊ သတင်းအချက်အလက်များ သို့မဟုတ် လိုအပ်ချက်များအားလုံးကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်ထားသောကာလအတွင်း လိုက်နာရန် ပျက်ကွက်မှုအတွက် အကြောင်းပြချက်များအား တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုမှာ မရည်ရွယ်ဘဲ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိခြင်း၊

(၅) အခကြေးငွေပေးသွင်းပြီးဖြစ်ခြင်း။

(ခ) အောက်ပါအခြေအနေများတွင် အခွင့်အရေးများ ပြန်လည်ပေးအပ်ခြင်းကို ခွင့်မပြုရ -

(၁) အယူခံအဖွဲ့ သို့မဟုတ် ပြန်လည်သုံးသပ်ရေးအဖွဲ့ထံတွင် အမှုတင်သွင်းထားခြင်း၊

(၂) နှစ်ဦးနှစ်ဖက်ကြား တရားစွဲဆိုရင်ဆိုင်နေခြင်း။

၂၄။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် -

(က) လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိမှ တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုမပြုနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံသည့်ကာလအတွင်း၌ဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်းတစ်ခုခုတွင် ပါရှိသည့် အဓိကကျသော အချက်များကို ထိခိုက်ခြင်း မရှိသည့် စာအရေးအသားအမှားနှင့် အခြားမှားယွင်းမှုများကို ပြင်ဆင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး လျှောက်ထားနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ရုပ်သိမ်းနိုင်သည်။

၂၅။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တစ်ရပ်နှင့် စပ်လျဉ်း၍ -

(က) ဤဥပဒေတွင်ဖော်ပြထားသည့် တီထွင်မှုမူပိုင်ခွင့်ပေးနိုင်သည့် အချက်များနှင့် ကိုက်ညီကြောင်း စစ်ဆေးတွေ့ရှိပါက တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် မကိုက်ညီကြောင်း စစ်ဆေးတွေ့ရှိပါက ငြင်းပယ်ခြင်းပြုရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို မှတ်တမ်းတင်ထားပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင် သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့လျှင် လျှောက်ထားသူအား တီထွင်မှုမူပိုင်ခွင့် လက်မှတ်ကို ထုတ်ပေးရမည်။

၂၆။ တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လျှောက်ထားချက်အား ရုပ်သိမ်းခြင်းပြုလျှင်သော်လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့်အား ခွင့်ပြုရန် ငြင်းပယ်ခြင်း ခံရလျှင်သော်လည်းကောင်း လျှောက်ထားသူသည် ပေးသွင်းထားသည့် မှတ်ပုံတင်ကြေးနှင့် အခြားအခကြေးငွေများကို ပြန်လည်ရထိုက်ခွင့် မရှိစေရ။

၂၇။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး တီထွင်မှုမူပိုင်ခွင့်လက်မှတ်မိတ္တူ ထပ်မံထုတ်ပေးရန် လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားချက်ကို စစ်ဆေး၍ တီထွင်မှု မူပိုင်ခွင့်လက်မှတ်မိတ္တူကို ထုတ်ပေးရမည်။

၂၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော အဓိကကျသည့် အချက်များကို ထိခိုက်ခြင်းမရှိသည့် စာအရေးအသားအမှားနှင့် အခြားသော မှားယွင်းမှုများကို လည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် အဆိုပါ လျှောက်ထားချက်အား စစ်ဆေး၍ ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း (၈)
## တီထွင်မှုမူပိုင်ခွင့် လျှောက်ထားကြောင်း ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်း

၂၉။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၌ နည်းလမ်းတကျ လျှောက်ထားခဲ့ရာတွင် မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်၏ အမျိုးသား လုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များ ပါဝင်သည်ဟု ထင်မြင်ယူဆခဲ့လျှင် အဆိုပါ တီထွင်မှု လျှောက်ထားချက်ပါ အကြောင်းအရာများနှင့် စပ်ဆိုင်သော ဝန်ကြီးဌာန၏ ကင်းရှင်းကြောင်း သဘောထားမှတ်ချက် ရရှိချိန်အထိ အဆိုပါ လျှောက်ထားချက်ကို ထုတ်ပြန်မည့်အချိန်တိုင်အောင် မထုတ်ပြန်ဘဲ လျှို့ဝှက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှောက်ထားသူအား သင့်လျော်သော လျော်ကြေးကိုပေး၍ စစ်ဆေးခြင်းပြုလုပ်ရန် သို့မဟုတ် သတင်းအချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းရန် သို့မဟုတ် လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် စီးပွားရေးဆိုင်ရာအခွင့်အရေးများကို အစိုးရသို့ လွှဲပြောင်းပေးရန် ဆောင်ရွက်နိုင်သည်။

(ဂ) နိုင်ငံတော်၏အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသော အချက်အလက်များ ပါဝင်သည်ဟု ထင်မြင်ယူဆသည့်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နေထိုင်သူမည်သူမဆို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားပြီး ပုဒ်မခွဲ (က) အရ သဘောထားမှတ်ချက် မရရှိခဲ့လျှင်သော်လည်းကောင်း၊ ရုပ်သိမ်းခြင်းခံရလျှင်သော်လည်းကောင်း မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်မရှိဘဲ အခြားနိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခြင်းမပြုရ။

(ဃ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကြောင့်ဖြစ်သည့် အခက်အခဲတစ်စုံတစ်ရာအတွက် သင့်လျော်သည့် လျော်ကြေးရရှိရန် တောင်းဆိုနိုင်သည်။ ၎င်းလျော်ကြေးပမာဏအပေါ် မကျေနပ်ပါက တရားရုံးမှ သတ်မှတ်ပေးရန် လျှောက်ထားနိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထား မှတ်ချက်အရ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ဆက်လက်၍ လျှို့ဝှက်ထိန်းသိမ်းထားရှိရန် လိုအပ်ခြင်း မရှိတော့ကြောင်း ပေါ်ပေါက်သည့်အခါ ပုဒ်မခွဲ(က)အရ လျှို့ဝှက်ထားခြင်းကို ရုပ်သိမ်းနိုင်သည်။

၃၀။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရသော ဝန်ထမ်းများသည် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ထုတ်ပြန်ကြေညာခြင်းမပြုမီ ခွင့်ပြုချက်မရှိသည့် အခြားသူတစ်ဦးဦးအား သုံးစွဲခွင့်မပြုရ။

## အခန်း(၉)
## ဦးစားပေးအခွင့်အရေးနှင့် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး

၃၁။ (က) ပဲရစ်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို လျှောက်ထားခဲ့သူ မည်သူမဆို အဆိုပါတီထွင်မှုမူပိုင်ခွင့်ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် လျှောက်ထားလာလျှင် ဦးစားပေးအခွင့်အရေး တောင်းဆိုနိုင်သည်။

(ခ) ဦးစားပေးအခွင့်အရေးရရှိရန် အောက်ဖော်ပြပါ အချက်များနှင့် ညီညွတ်ရမည်-

(၁) လျှောက်ထားချက်သည် တူညီသော တီထွင်မှုအတွက်သာ ဖြစ်ရမည်။

(၂) ပထမလျှောက်ထားချက် တင်သွင်းသည့် နေ့ရက်မှ ၁၂ လအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လျှောက်ထားရမည်။

(၃) လျှောက်ထားသူသည် ပထမလျှောက်လွှာတင်သွင်းခဲ့သည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် အသိအမှတ်ပြု လျှောက်ထားချက် မိတ္တူမှန်အား ၃ လအတွင်း တင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၃) တွင် ဖော်ပြထားသည့် ကာလအတွင်း စာရွက်စာတမ်းများ တင်ပြနိုင်ခြင်း မရှိလျှင် မှတ်ပုံတင်အရာရှိထံ ဦးစားပေးအခွင့်အရေး ပြန်လည်ရရှိရန်အတွက် ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) နှင့်အညီ တောင်းဆိုချက်တစ်ရပ်ကို တင်ပြနိုင်သည်။

၃၂။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် အောက်ပါအချက်များနှင့် ကိုက်ညီလျှင် အစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် တရားဝင်အသိအမှတ်ပြုသည့် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သော နေ့ရက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက်အဖြစ် သတ်မှတ်ပြီး ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုနိုင်သည်-

(က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တွင်ပါရှိသည့် တီထွင်မှုတစ်ရပ်ကို ပဲရစ်ကွန်ဗင်းရှင်းအဖွဲ့ဝင် သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ နယ်နိမိတ်အတွင်း သက်ဆိုင်ရာနိုင်ငံ၏အစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် တရားဝင် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတစ်ခုတွင် ခင်းကျင်းပြသခဲ့ခြင်း၊

(ခ) ထိုပြပွဲတွင် သက်ဆိုင်ရာကုန်ပစ္စည်းကို စတင်ခင်းကျင်းပြသသည့် နေ့ရက်မှ ၁၂လ အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခြင်း။

၃၃။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသော ဦးစားပေးအခွင့်အရေးကာလနှင့် ဆက်စပ်ခြင်း မရှိစေရ။

## အခန်း (၁၀)
## တီထွင်မှုမူပိုင်ခွင့် သက်တမ်းနှင့် အခကြေးငွေများ

၃၄။ တီထွင်မှုမူပိုင်ခွင့် သက်တမ်းသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်မှ ၂၀ နှစ်ဖြစ်သည်။

၃၅။ (က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ထိန်းသိမ်းရန်အလို့ငှာ ကာလအပိုင်းအခြားအလိုက်သတ်မှတ်ထားသော နှစ်စဉ်ကြေးကို မှတ်ပုံတင်အရာရှိထံ ကြိုတင်ပေးသွင်းရမည်။ နှစ်စဉ်ကြေးပေးသွင်းမှု နောက်ကျခြင်းအတွက် သတ်မှတ်ထားသော အပိုကြေးပေးဆောင်ရာတွင် အထူးခွင့်ပြုကာလကို ၆ လ အထိ ခွင့်ပြုပေးရမည်။ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်နှင့်အညီ နှစ်စဉ်ကြေးပေးသွင်းခြင်း မရှိလျှင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ရုပ်သိမ်းသည်ဟု မှတ်ယူရမည် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် ပျက်ပြယ်မည် ဖြစ်သည်။

(ခ) ပုဒ်မခွဲ(က)တွင်ဖော်ပြထားသော နောက်ဆုံးရက်သတ်မှတ်ချက် ကျော်လွန်သွားသော ကိစ္စရပ်တွင် လျှောက်ထားသူ သို့မဟုတ် အမည်ခံသူသည် ပုဒ်မ ၂၃ ပါ အချက်များနှင့်ကိုက်ညီပါက အခွင့်အရေးများ ပြန်လည်ပေးအပ်ရန် တောင်းဆိုနိုင်သည်။

၃၆။ တီထွင်မှုမူပိုင်ခွင့်နှင့် စပ်လျဉ်း၍ -

(က) မှတ်ပုံတင်အရာရှိသည် အခကြေးငွေများ ပေးသွင်းမှုမရှိခြင်းမှာ ခိုင်လုံပြီး အခြားသူများ၏ အခွင့်အရေးများကို အကြောင်းမဲ့ ထိခိုက်ခြင်းမရှိဟု ယူဆလျှင် ငွေပေးသွင်းရမည့် ကာလကျော်လွန်ပြီးနောက် တစ်နှစ်မကုန်ဆုံးမီ အချိန်အတွင်း ပျက်ပြယ်သွားသော တီထွင်မှုမူပိုင်ခွင့်ကို ထိန်းသိမ်းထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် အဆိုပါပျက်ပြယ်သော တီထွင်မှုမူပိုင်ခွင့်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၁)
## တီထွင်မှုမူပိုင်ခွင့်အခွင့်အရေး

၃၇။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်အခွင့်အရေးများအဖြစ် ခံစားခွင့်ရှိစေရမည်။

၃၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် သီးသန့်အခွင့်အရေးအဖြစ် -

(က) ထုတ်ကုန်တစ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ရရှိခြင်းဖြစ်လျှင် မိမိ၏သဘောတူညီချက်မရှိဘဲ အခြားသူများက ယင်းထုတ်ကုန်ကို စီးပွားရေးအလို့ငှာ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းတို့ကို ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့် ရှိသည်။

(ခ) ထုတ်လုပ်မှုနည်းစဉ်တစ်ရပ်နှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိခြင်းဖြစ်လျှင် မိမိ၏သဘောတူညီချက်မရှိဘဲ အခြားသူများက ယင်းထုတ်လုပ်မှုနည်းစဉ်အား စီးပွားရေးအလို့ငှာအသုံးပြုလျှင်ဖြစ်စေ၊ ယင်းထုတ်လုပ်မှုနည်းစဉ်အား တိုက်ရိုက်အသုံးပြုပြီး ထုတ်လုပ်သော ထုတ်ကုန်တစ်ခုကို ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် အပြုအမူများကို ဆောင်ရွက်လျှင်ဖြစ်စေ ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့် ရှိသည်။

၃၉။ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ-

(က) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို စီးပွားရေးအတွက်မဟုတ်ဘဲ အသုံးပြုခြင်း သို့မဟုတ် ပုဂ္ဂလိကတစ်ဦးချင်းအတွက် အသုံးပြုခြင်း၊

(ခ) စမ်းသပ်လေ့လာရန် သို့မဟုတ် သုတေသနပြုရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်း၊ ယင်းသို့ဆောင်ရွက်ခြင်းတွင် စီးပွားရေးလုပ်ဆောင်နိုင်ရန် အတွက်ရည်ရွယ်၍ ဆောင်ရွက်ခြင်းများလည်း ပါဝင်သည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်း ယာယီအားဖြင့်ဖြစ်စေ၊ မမျှော်လင့်သောဖြစ်ရပ်ကြောင့် မတော်တဆဖြစ်စေ ဝင်ရောက်လာသော အခြားနိုင်ငံများမှ လေယာဉ်၊ ကုန်းလမ်းသွားယာဉ်များ သို့မဟုတ် ရေယာဉ်များပေါ်ရှိ တီထွင်မှုမူပိုင်ခွင့်နှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာတန်ဆာပလာများအား အသုံးပြုခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို လျှောက်ထားသည့် နေ့ရက်မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့ရက်မတိုင်မီ တစ်စုံတစ်ဦးမှ သဘောရိုးဖြင့် အသုံးပြုခြင်း သို့မဟုတ် ထိုသို့အသုံးပြုရန် ထိရောက်သော ပြင်ဆင်ဆောင်ရွက်မှုကို ပြုလုပ်ခြင်း၊

(င) ရောင်းချခြင်း၊ ရောင်းချရန်ကမ်းလှမ်းခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ဈေးကွက်တွင်ရောက်ရှိနေသော တီထွင်မှုမူပိုင်ခွင့်ရရှိထားသည့် ပစ္စည်းများအပေါ် ပြုမူဆောင်ရွက်ခြင်း၊

(စ) မြန်မာနိုင်ငံ သို့မဟုတ် အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်အရ စည်းကမ်းသတ်မှတ်ထားသော ထုတ်ကုန်တစ်ခုကို ထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော သတင်းအချက်အလက်များ တိုးပွားစေရန်နှင့် တင်ပြနိုင်ရန်တို့အတွက် တီထွင်မှု မူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို သင့်တင့်မျှတစွာ အသုံးပြုဆောင်ရွက်ခြင်း၊

(ဆ) မှတ်ပုံတင်ထားသော ဆေးဘက် သို့မဟုတ် သွားဘက်ဆိုင်ရာ ကုသရေးလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးမှပေးသော ဆေးစာအညွှန်းအရ တစ်ဦးတစ်ယောက်အတွက် ဆေးဆိုင်တွင် ဆေးဝါးဖော်စပ်ပေးခြင်းများ ပြုလုပ်ခြင်း။

၄၀။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည်-

(က) အခြားပုဂ္ဂိုလ်တစ်ဦးဦးအား အခန်း (၁၂) နှင့် အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိ၏တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးကို လွှဲပြောင်းခြင်း သို့မဟုတ် လိုင်စင်ပေးခြင်း ပြုနိုင်သည်။

(ခ) မိမိ၏တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

၄၁။ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများက တီထွင်မှုမူပိုင်ခွင့်ကို ပူးတွဲရရှိပြီး ၎င်းတို့အချင်းချင်းလည်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်းမရှိလျှင်-

(က) ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူတစ်ဦးချင်းစီသည် အညီအမျှဖြစ်သော မခွဲဝေရသေးသည့် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးဝေစုကို ခံစားခွင့်ရှိစေရမည်။

(ခ) ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူ တစ်ဦးချင်းစီသည် ၎င်း၏အညီအမျှဖြစ်သော မခွဲဝေရသေးသည့် တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးဝေစုကို အခြားပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲပြောင်းခြင်း သို့မဟုတ် လိုင်စင်ပေးခြင်း ပြုနိုင်သည်။

(ဂ) ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူ တစ်ဦးချင်းစီသည် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို ထိပါးချိုးဖောက်သူအား အခြားတီထွင်မှုမူပိုင်ခွင့် ပူးတွဲရရှိသူများ၏ သဘောတူညီချက်ရယူရန်မလိုဘဲ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ) ပါအတိုင်း တရားစွဲဆိုခွင့်ရှိသည်။

*ဆက်လက်ဖော်ပြပါမည်။*



# ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ဆဲကျောင်းဆောင်သစ် အလှူရှင်များလိုအပ်

**စစ်ကိုင်း ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ကိုင်းကြီးကျေးရွာရှိ နှစ်ထပ်ကျောင်းဆောင်ကြီးကို ကိုယ့်အားကိုယ်ကိုးဆောက်လုပ်လျက်ရှိရာ ငွေအင်အားမလုံလောက်သဖြင့် ဆောက်လုပ်ခြင်းမှ ခေတ္တရပ်နားထားကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်ကြီးကို အလျားပေ ၁၄၀၊ အနံ ပေ ၃၀၊ အမြင့် ၂၂ ပေ၊ အခန်းတစ်ခန်းတွင် အလျား ၁၀ ပေ၊ ၁၄ ခန်း၊ အနံ ၁၂ ပေ နှစ်ခန်း၊ ကော်လတာခြောက်ပေခန်း တစ်ခန်းဖြစ်သည်။

ဆောက်လုပ်နေသော ကျောင်းဆောင်သစ်ကြီးသည် ၂၀၁၅ ခုနှစ် ဇွန်လကုန်အထိ အောက်ထပ်များကို အုတ်နံရံစီသည့်အဆင့် ပြီးစီးနိုင်ခဲ့သော်လည်း အပေါ်ထပ်များ ဆောက်လုပ်ရန် ငွေအင်အားမရှိ၍ ရပ်နားထားကြောင်း သိရသည်။

ဦးဖိုးထွေးက "ကျွန်တော်တို့ကျေးရွာမှာ စာသင်ကျောင်းတွေ ဆောက်လုပ်တိုင်း ကိုယ့်အားကိုယ်ကိုး ဆောက်နေကြရတယ်။ ပထမ ဆောက်လုပ်ထားတာက တစ်ထပ်ကျောင်း တစ်ကျောင်းရှိပါတယ်။ အဲဒီကျောင်းဆောင်အတွင်း မနှစ်က အထိ စာပေသင်ကြားပို့ချရာမှာ နေရာလုံလောက်မှုရှိပေမယ့် ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ အလယ်တန်းကျောင်း(ခွဲ) အဆင့် တိုးမြှင့်ရရှိခဲ့တဲ့အတွက် စာသင်ဖို့ နေရာအခက်အခဲဖြစ်လို့ ကျောင်းဆောင်သစ်ကို ဆောက်လုပ်ခဲ့တာပါ" ဟု ပြောသည်။

အဆိုပါကျောင်းတွင် မူ/လယ် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၉၈ ဦး၊ မူကြိုကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၆ ဦးရှိကြောင်း သိရသည်။

ကိုင်းကြီးကျေးရွာသည် အိမ်ခြေအားဖြင့် ၁၆၂ အိမ်ရှိပြီး ယခုအခါ အလယ်တန်း ကျောင်း(ခွဲ) ရရှိလာပြီဖြစ်၍ နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို ဒေသခံများက ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်လျက်ရှိရာတွင် ငွေများလုံလောက်မှုမရှိသဖြင့် တစ်ပိုင်းတစ်ဝက်ဖြင့် ရပ်နားကာ အလှူရှင်များပေါ်ပေါက်လာရေးကို မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **သန်းမောင်လေး(ကချင်မြေ)**

# အထပ်သားစက်ရုံတွင် အလုပ်ရမည်ဟု ခေါ်ဆောင်သွားပြီး လိမ်လည်ရောင်းစားခဲ့

**မြစ်ကြီးနား ဇူလိုင် ၆**

မြစ်ကြီးနားမြို့နယ် . . . . ကျေးရွာတွင် တရုတ်နိုင်ငံသို့ လိမ်လည်ခေါ်ဆောင် ရောင်းစားခံရသူ အမျိုးသမီးတစ်ဦးရှိကြောင်း သတင်းအရ ဇွန် ၃၀ ရက်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၁၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ မှန်ကန်ကြောင်း သိရှိရသဖြင့် ရောင်းစားခံရသူ အမျိုးသမီး၏ မိခင်နှင့်ညီမဖြစ်သူတို့ကို ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များရှေ့၌ တွေ့ဆုံမေးမြန်းခဲ့သည်။

တွေ့ဆုံမေးမြန်းချက်များအရ မိခင်ဖြစ်သူ ဒေါ် . . . . တွင် သမီးနှစ်ဦးရှိပြီး တစ်ဖက်နိုင်ငံသို့ ရောင်းစားခံရသူမှာ သမီးအကြီးဖြစ်ကြောင်း၊ ဇွန် ၁ ရက် မွန်းလွဲပိုင်းက သားအမိသုံးဦး နေအိမ်၌ရှိနေစဉ် မြစ်ကြီးနားမြို့ မလိဇ္ဇပ်ပုဂ္ဂလိကဆေးရုံ၌ သမီးအကြီးနှင့် လုပ်ငန်းအတူလုပ်ခဲ့ဖူးသော မဂျာအောင်နှင့် ခင်ပွန်းဖြစ်သူတို့ရောက်ရှိလာပြီး တစ်ဖက်နိုင်ငံရှိ အထပ်သားစက်ရုံတွင် တစ် လငွေကျပ်ငါးသိန်းခန့်ရရှိမည်ဟု ပြောဆိုစည်းရုံးကာ သမီး အကြီးအား ခေါ်ဆောင်သွားခဲ့ကြောင်းသိရသည်။

နောက်တစ်ပတ်ခန့်အကြာတွင် မဂျာအောင်တို့နှစ်ဦး ရွာသို့ပြန်လည်ရောက်ရှိလာကာ သမီးအကြီးမှာ အလုပ်အကိုင်အဆင်ပြေကြောင်းနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များပေး၍ သမီးကြီးဖြစ်သူထံ ဆက်သွယ်ခဲ့ရာ တစ်ဖက်နိုင်ငံ ရင်ကျန်းမြို့အနီး ဟာလုံရှိုင်းကျေးရွာရှိ တရုတ်မိသားစုတစ်စု နေအိမ်သို့ ရောက်ရှိနေကြောင်း၊ မဂျာအောင်တို့က အိမ်ရှင်ဖြစ်သူထံမှ ယွမ်ငွေနှစ်သောင်းရယူသွားကြောင်း၊ ထိုအိမ်ရှိ သားနှင့် လက်ထပ်ပေးရန် စီစဉ်နေရာ ငြင်းဆန်သဖြင့် နယ်စပ်ဖြတ်သန်းသွားလာခွင့်စာအုပ်နှင့် နိုင်ငံသားစိစစ်ရေးကတ်တို့ကို အိမ်ရှင်ဖြစ်သူက သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် ဇွန် ၁၉ ရက်တွင် မိခင်ဖြစ်သူ ဒေါ် . . . သည် သမီးငယ်နှင့်အတူ တစ်ဖက်နိုင်ငံ ဟာလုံရှိုင်းကျေးရွာသို့ လိုက်သွားခဲ့ကြောင်း သိရှိရသည်။

ဟာလုံရှိုင်းကျေးရွာနေအိမ်၌ မိခင်ဖြစ်သူသည် သမီးကြီးကို တွေ့ရှိ၍ မေးမြန်းခဲ့ရာ မဂျာအောင်တို့နှစ်ဦးနှင့် ရွာမှလိုက်ပါသွားခဲ့ပြီး ကန်ပိုက်တည်၌ မဂျာအောင်က နယ်စပ်ဖြတ်သန်းသွားလာခွင့်စာအုပ် ပြုလုပ်ပေးကြောင်း၊ ထို့နောက် တစ်ဖက်နိုင်ငံ ဟာလုံရှိုင်းကျေးရွာသို့ အဆင့်ဆင့်ခေါ်ဆောင်သွားကာ ယွမ်ငွေနှစ်သောင်းယူ၍ သမီးကြီးအားထားခဲ့ကြောင်း၊ မိခင်ဖြစ်သူသည် သမီးကြီးအား ပြန်ခေါ်ရာ ယွမ်ငွေနှစ်သောင်း မပေးနိုင်၍ ဇွန် ၂၄ ရက်တွင် မိခင်ဖြစ်သူ ဒေါ် . . . နှင့် သမီးငယ်တို့သည် မြစ်ကြီးနားသို့ ပြန်လာခဲ့ရကြောင်း သိရှိရ သည်။

မေးမြန်းချက်များအရ လိမ်လည်စည်းရုံး၍ တရုတ်နိုင်ငံသားနှင့်လက်ထပ်ရန် ရောင်းစားခဲ့ သူများဖြစ်သည့် မဂျာအောင်၊ မယမင်းစိုး၊ မဇာဇာမိုးနှင့် အားရွှယ်(ခ) အားကိုင်တို့ လေးဦးအား အရေးယူပေးရန် ဇူလိုင် ၁ ရက်တွင် တပ်ဖွဲ့စု (၁၂) မြစ်ကြီးနားမှ ရဲအုပ်မင်းအောင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် မြစ်ကြီးနား မြို့ နယ်မြေရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အမှုဖွင့်အရေးယူထားသည်။

လူကုန်ကူးခံရသူအမျိုးသမီးအား ကယ်တင်ရရှိရေးနှင့် ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေးအတွက် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



**ကျောက်ကြီးမြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက်က မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား ကျောက်ကြီး-နတ်သံကွင်း လမ်းဘေးဝဲ/ယာ၌ စိုက်ပျိုးရန်အတွက် ကျွန်း၊ ကုက္ကို၊ ယူကလစ်၊ မဟော်ဂနီ၊ ပျဉ်းမ၊ ပင်လယ်ကဗွီးနှင့် ရေတမာအပင်ပေါင်း ၁၀၅၆ ပင်ကို မြို့နယ်သစ်တောဦးစီးဌာနက ဖြန့်ဝေနေစဉ်။** မိုးမိုး(လှိုင်)

# ပေါင်းတည်မြို့နယ်၌ စက်ရေတွင်းတူးဖော်

**ပေါင်းတည် ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ဘိုးသာအောင်ကုန်းအုပ်စု အရှေ့ညောင်ကုန်းရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅- ၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဒေသနေပြည်သူများ အသုံးပြုရန်အတွက် လေးလက်မ စက်ရေတွင်းနှင့် ရေစက်ရုံ၊ ရေကန်များကို ငွေကျပ် ၉ ဒသမ ၇၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စက်ရေတွင်းတူးဖော်မှုပြီးစီးပါက အိမ်ထောင်စု ၅၀ ရှိ လူဦးရေ ၂၀၀ကျော်တို့အတွက် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# မြန်မာအမျိုးသမီးများနေ့ ကျင်းပ

**မော်လမြိုင် ဇူလိုင် ၆**

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာစီ စာကုံးပြိုင်ပွဲဆုရရှိသူများနှင့် ၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက်မှ ၂၀၁၅ ခုနှစ် ဇူလိုင် ၂ ရက်အထိ တစ်နှစ်တာကာလအတွင်း ဗဟို အဆင့်ကဏ္ဍအလိုက်ဆုရရှိကြသူများနှင့် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ တိုင်းရင်းသူ အလှမယ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**




**ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ရှောက်ဟော် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက်က ကျင်းပရာ မြို့နယ် ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင် နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျောင်းသား မိဘများ ဖွင့်ပွဲအပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**
(မြို့နယ် ပြန် /ဆက်)

## သတင်းအတိုအထွာများ

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်မြင့်တို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၃ ရက်က ရှမ်းရွာသစ်မြို့သို့သွားရောက်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ရှမ်းရွာသစ်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ဝေးလံတောင်ပေါ်ဒေသများမှ အခြေခံပညာကို လာရောက်သင်ကြားနေကြသော ဘော်ဒါနေ ကျောင်းသား ကျောင်းသူ ၄၆ ဦးကို ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ရေနှင့်မီးကို ပိုမိုအဆင်ပြေစွာသုံးစွဲနိုင်ရေးအပြင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **နေမျိုးလွင်**

### မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေထုတ်ပေး

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးမင်းဦးနှင့်ဝန်ထမ်းများသည် ဇူလိုင် ၁ ရက်က ဗန်းမော်မြို့ဘဏ်ခွဲရုံး၌ မအူပင်ကျေးရွာရှိတောင်သူ ၈၉ ဦးကို မိုးစပါးစိုက်ဧက ၄၀၁ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၀၁ သိန်းထုတ်ချေးပေး ခဲ့ကြောင်းသိရသည်။ **ဆီမီးခုံ -နန်းရီ**

### လူကုန်ကူးမှုနှင့် ကျန်းမာရေးအသိပညာပေး

လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုဆိုင်ရာ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက ချင်းပြည်နယ် ဖလမ်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုဆိုင်ရာများနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

### သန့်ရှင်းရေးဆုရ ကျောင်းများအား ကြည့်ရှု

ဂျပန်နိုင်ငံ ကိတကျူရှုမြို့ IGES မှ မစ္စတာ ကုမာရ၊ မစ္စ ချိုဘောက်ထရီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အရာထမ်း သုံးဦးတို့သည် ဇူလိုင် ၂ ရက်က ကျောင်းသန့်ရှင်းရေး တတိယဆုရရှိသော ချမ်းအေးသာစံမြို့နယ်ရှိ အထက(၁၄)၊ ဒုတိယဆုရရှိသော အောင်မြေသာစံမြို့နယ်ရှိ အထက (၄)၊ ပထမဆုရရှိသော ၆၆လမ်း×စိန်ပန်းလမ်းထောင့်ရှိ အထက (၂၆) ကျောင်းများသို့သွားရောက်ပြီး ကျောင်းနှင့် ဈေးဆိုင်တန်းသန့်ရှင်းရေးများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

### နမ့်ခမ်းမြို့၌ အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်

နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခြေခံအပ်ချုပ်စက်သင်တန်းကို မြို့နယ်ခန်းမ၌ ဇူလိုင် ၁ရက်က စတင်၍ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ အခြေခံအပ်ချုပ်စက်သင်တန်းသို့ မြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာနှင့် မြို့ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ၄၀ တက်ရောက်ပြီး သင်တန်းသူများ တည်းခိုစားသောက်ရေး၊ သင်ကြားရေး စသည်များအတွက် အခကြေးငွေကုန်ကျရန်မလိုဘဲ အခမဲ့သင်ကြားပေးသည်။ သင်တန်းကို ဆရာမနှစ်ဦးက နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ တစ်ကြိမ် နေ့စဉ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# နိုင်ငံတကာချန်ပီယံဖလားကို မန်ယူတို့ ကာကွယ်နိုင်ပါ့မလား

မိုး မြင့် လင်း လက်



၂၀၁၅ နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်မှ ဩဂုတ် ၅ ရက်အထိ အိမ်ရှင်အဖြစ် ဩစတြေးလျ၊ တရုတ်၊ ကနေဒါ၊ အင်္ဂလန်၊ အီတလီ၊ မက္ကဆီကိုနဲ့ အမေရိကန်နိုင်ငံတို့မှာ ပွဲစဉ်တွေခွဲပြီး လက်ခံကျင်းပမှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင် ၁၅ သင်းကို ဇူလိုင် ၁၁ ရက်မှစတင်ပြီး ပွဲစဉ်အလိုက် ယှဉ်ပြိုင်မှာဖြစ်လို့ ထိပ်တန်းကလပ်အသင်းတွေရဲ့ ရာသီအကြိုပွဲကောင်းတွေကို ရှုစားကြရဦးမှာဖြစ်ပါတယ်။

ရီးရဲမက်ဒရစ်၊ ရိုးမား၊ မန်စီးတီး၊ မန်ယူ၊ အေစီမီလန်၊ အင်တာမီလန်၊ အယ်လ်အေဂလက်စီ၊ မက္ကဆီကိုမှ ထိပ်တန်းကလပ်ဖြစ်တဲ့ ကလပ်အမေရိက၊ ပီအက်စ်ဂျီ၊ ဘင်ဖီကာ၊ ဖီအိုရင်တီးနား၊ ဘာစီလိုနာ၊ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဂျိုမြို့အခြေစိုက် ဆန်ဂျို့အတ်ကွစ်အသင်း၊ ချယ်လ်ဆီး၊ နယူးယောက်ရက်ဘူးလ်အသင်း စတဲ့အသင်းတွေ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်ရဲ့ နိုင်ငံတကာချန်ပီယံဖလား ချန်ပီယံကတော့ မန်ယူအသင်းပဲဖြစ်ပါတယ်။ ဇူလိုင် ၁၁ ရက်မှာ အယ်လ်အေဂလက်စီနဲ့ ကလပ်အမေရိက၊ ဇူလိုင် ၁၄ ရက်မှာ ဆန်ဂျို့စ်အတ်ကွစ်နဲ့ ကလပ်အမေရိက၊ ဇူလိုင် ၁၇ ရက်မှာ ကလပ်အမေရိကနဲ့ မန်ယူအသင်းတို့ ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

လက်ရှိချန်ပီယံမန်ယူအသင်းဟာ ကလပ်အမေရိက၊ ဆန်ဂျို့စ်အက်ကွစ်၊ ဘာစီလိုနာနဲ့ ပီအက်စ်ဂျီအသင်းတွေနဲ့ ယှဉ်ပြိုင်ရမှာဖြစ်လို့ ပွဲတော့မချောင်ပါဘူး။ အထူးသဖြင့် လက်ရှိခြေစွမ်းနဲ့ ဘာစီလိုနာနဲ့ ပီအက်စ်ဂျီအသင်းတွေကို ကျော်ဖြတ်ဖို့ မလွယ်တာတော့အမှန်ပါပဲ။ မန်ယူတို့ ဒီနှစ်မှာ ချန်ပီယံကာကွယ်ဖို့ ခက်ခဲပါလိမ့်မယ်။

ဒီနှစ်မှာ ချန်ပီယံအဖြစ် ရေပန်းစားနေတဲ့ အသင်းကတော့ ဘာစီလိုနာဖြစ်ပြီး ဘာစီလိုနာဟာ အယ်လ်အေဂလက်စီ၊ မန်ယူ၊ ချယ်လ်ဆီး၊ ဖီအိုရင်တီးနားတို့နဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ဘာစီလိုနာရဲ့ လောလောဆယ် ခြေစွမ်းက အကောင်းဆုံးပုံစံရရှိနေတာမို့ ပြိုင်ဘက်တွေကို ဖိအားပေးကစားပြီး ကျော်ဖြတ်နိုင်ပါလိမ့်မယ်။

ဒါ့အပြင် ဒီနှစ်မှာ ချန်ပီယံဖြစ်မယ်လို့ သုံးသပ်နေကြတဲ့ ချယ်လ်ဆီးတို့ကတော့ ဖီအိုရင်တီးနား၊ ဘာစီလိုနာ၊ ပီအက်စ်ဂျီ၊ နယူးယောက်ရက်ဘူးလ်အသင်းတွေနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ချယ်လ်ဆီးဟာ ပြိုင်ဘက်အသင်းတွေကို အနိုင်ယူဖို့ဆိုတာ လက်ရှိခြေစွမ်းနဲ့ လွယ်ကူမှာမဟုတ်သလို ဘာစီလိုနာနဲ့ ပီအက်စ်ဂျီအသင်းတွေကို ဖြတ်သန်းနိုင်ဖို့ဆိုတာ သိပ်တော့မလွယ်ပါဘူး။

နောက်ထပ်ရေပန်းစားနေတဲ့အသင်းကတော့ ရီးရဲမက်ဒရစ်တို့ပဲဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ဟာ နိုင်ငံတကာ ချန်ပီယံဖလားကို ၁၉၆၀၊ ၁၉၉၈ နဲ့ ၂၀၀၂ ခုနှစ်တွေမှာ ရရှိခဲ့တာမို့ ၁၃ နှစ်နီးပါး ကွာဝေးခဲ့တဲ့ ဒီဖလားကို အခုပွဲမှာတော့ မျှော်မှန်းချက်ထားပြီး ယှဉ်ပြိုင်တော့မှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်က ဖီဖာကလပ်ဖလား ဆွတ်ခူးရရှိထားတဲ့ ရီးရဲမက်ဒရစ်တို့ဟာ ဒီနှစ်မှာ အေစီမီလန်၊ အင်တာမီလန်၊ မန်စီးတီး၊ ရိုးမားစတဲ့ အသင်းတွေနဲ့ ယှဉ်ပြိုင်ရပါလိမ့်မယ်။ ခြေစွမ်းမာကျောတဲ့ အသင်းတွေနဲ့ ရင်ဆိုင်ရမှာမို့ ရီးရဲမက်ဒရစ်တို့ ပွဲတိုင်းခက်ခဲပါလိမ့်မယ်။ နိုင်ငံတကာ ချန်ပီယံဖလားနဲ့ဝေးကွာနေတဲ့ ရီးရဲမက်ဒရစ်တို့ဟာ ဒီပွဲမှာရရှိနိုင်ဖို့ သိပ်တော့မလွယ်ပါဘူး။

ဒီပြိုင်ပွဲမှာ နိုင်ငံတကာချန်ပီယံဖလားကို အပြိုင်ကြိုးစားမယ့် မန်ယူ၊ ချယ်လ်ဆီး၊ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ မန်စီးတီးအသင်းတွေအနက် ဘယ်အသင်းက အနိုင်ရဗိုလ်စွဲသွားမလဲဆိုတာ စောင့်ကြည့်အားပေးရဦးမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄ နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲမှာတော့ လီဗာပူးကို အနိုင်ယူပြီး မန်ယူတို့ ဗိုလ်စွဲခဲ့တာမို့ အခုပြိုင်ပွဲမှာ မန်ယူတို့ ချန်ပီယံဆုကို ကာကွယ်နိုင်မလားဆိုတာ စိတ်ဝင်စားစရာ ကောင်းနေပြီဖြစ်ပါတယ်။ ။



## စပါးဂိုးသမားကို ခေါ်ယူဖို့ မန်ယူကြိုးစား

အနီရောင်နတ်ဆိုးလို့ခေါ်တဲ့ မန်ယူဟာ စပါးက ပြင်သစ်ဂိုးသမား ဟူဂိုအယ်လ်လိုရစ်ကို ဒီဂီယာနေရာမှာ အစားထိုးရန် ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် မန်ယူကို မပြောင်းသင့်ဘူးလို့ ပြင်သစ်နည်းပြဟောင်းက ဆိုပါတယ်။ ဟူဂိုအယ်လ်လိုရစ်အနေနဲ့ ချန်ပီယံလိဂ်ကစားခွင့်ရဖို့ စပါးက ထွက်ခွာသင့်ပေမယ့် မန်ယူကို မပြောင်းသင့်ဘူးလို့ ရေးမွန်းဒိုမီနစ်က ဆိုပါတယ်။ မန်ယူဟာ စပါးဂိုးသမားကို ခေါ်ယူဖို့ နွေရာသီကတည်းက အကြိမ်ကြိမ်ကြိုးစားနေခဲ့တာပါ။ လက်ရှိဂိုးသမား ဒီဂီယာဟာ ရီးရဲမက်ဒရစ်ကိုပြောင်းဖို့ ဆန္ဒပြင်းပြနေကတည်းက မန်ယူက စပါးဂိုးသမားကို ခေါ်ယူဖို့ အဆက်အသွယ်ပြုလုပ်နေတာလို့ ဆိုပါတယ်။ ဟူဂိုအယ်လ်လိုရစ်အနေနဲ့ စပါးမှထွက်ခွာသင့်သော်လည်း တခြားလိဂ်မှ မပြောင်းသင့်ကြောင်း ပြင်သစ်နည်းပြဟောင်း ဒိုမီနစ်က ဆိုပါတယ်။ သူ့အနေနဲ့ ချယ်လ်ဆီး၊ အာဆင်နယ် သို့မဟုတ် မန်စီးတီးမှာပဲ ကစားသင့်တယ်လို့ ဆိုပါတယ်။

■ ကောင်းမြတ်သူ – စုစည်းသည်။

## ပေါ့ဘာကို စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ မန်စီးတီးကမ်းလှမ်းဖွယ်ရှိ



မန်စီးတီးက ဂျူဗင်တပ်ကစားသမား ပေါ့ဘာကို ဗြိတိသျှစံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ကမ်းလှမ်းလိမ့်မယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။ သူ့ကို မန်စီးတီးက ပေါင် ၇၁ သန်းအထိ ပေးခေါ်ဖို့ ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။ ဘာစီလိုနာကလည်း ပေါ့ဘာကို ပေါင် ၅၇ သန်းနဲ့ ခေါ်ယူဖို့ ကြိုးစားနေတာပါ။ ဒီလိုကြိုးစားနေချိန်မှာ မန်စီးတီးကလည်း စံချိန်တင်ပြောင်းရွှေ့ကြေးပေးပြီး ခေါ်ယူဖို့ ပြင်ဆင်မှုတွေပြုလုပ်နေတယ်လို့ ဆိုပါတယ်။ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးကလည်း ဂျူဗင်တပ်ကွင်းလယ်ကစားသမားကို ခေါ်ယူပြီး ဩစတြေးလျကို နှစ်ပတ်ကြာသွားရောက်ကစားမယ့်ခရီးစဉ်မှာ ခေါ်သွားဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ဒီအထဲမှာတော့ မန်စီးတီးကတော့ လက်ရှိအချိန်မှာဖြစ်နိုင်တဲ့အနေအထားရှိပါတယ်။ ဂျူဗင်တပ်ကလည်း ပေါင် ၇၁ သန်းအထိ ပေးခေါ်မယ်ဆိုရင် လက်လွှတ်တော့မယ့် အနေအထားရှိပါတယ်။ မန်စီးတီးအနေနဲ့ ပြင်သစ်ကွင်းလယ်ကစားသမားပေါ့ဘာကို မန်ချက်စတာမြို့ကိုပြန်ခေါ်နိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။



## ပိုဒေါ်စကီးလည်း ဂါလာတာစာရေးသို့ပြောင်းပြီ

အာဆင်နယ်တိုက်စစ်မှူး လူးကတ်ပိုဒေါစကီးကို ဂါလာတာစာရေးက ပေါင် ၁ ဒသမ ၈ သန်းနဲ့ သုံးနှစ်စာချုပ်လိုက်ပါတယ်။ တူရကီကလပ် ဂါလာတာစာရေးက ချန်ပီယံလိဂ်ခြေစစ်ပွဲအောင်ဖို့ ဂိုးသွင်းအားကောင်းတဲ့ တိုက်စစ်မှူးကောင်းရှာဖွေရာမှာ ပိုဒေါစကီးကိုခေါ်ယူလိုက်ခြင်းဖြစ်ပါတယ်။ အသက် ၃၀ အရွယ်ရှိ ပိုဒေါစကီးဟာ ဂျာမန်ကလပ် FC Koin မှ ၂၀၁၂ ခုနှစ်မှာ ပေါင် ၁၁ သန်းနဲ့ အာဆင်နယ်ကို ပြောင်းလာခဲ့တာပါ။ သူဟာ ဂန်းနားလို့ ခေါ်တဲ့ အာဆင်နယ်အတွက် ပွဲပေါင်း ၈၂ ပွဲ ကစားခဲ့ပေးခဲ့ရာမှာ ၃၁ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်က အာဆင်နယ်အသင်းကို အက်ဖ်အေဖလားဆွတ်ခူးနိုင်အောင် ကြိုးစားပေးနိုင်ခဲ့ပါတယ်။ သို့ပေမယ့် ပြီးခဲ့တဲ့ရာသီ နှစ်တစ်ဝက်လောက်မှာတော့ အင်တာမီလန်ကို အငှားချထားခဲ့ပါတယ်။ ပိုဒေါစကီးဟာ အိုဇေးလ်၊ ဆန်ချက်ဇ်နဲ့ ဝဲလ်ဘတ်တို့နဲ့ အပြိုင် တိုက်စစ်မှူးနေရာရဖို့ ကြိုးစားခဲ့ရာမှ နည်းပြ အာစင်ဝင်းဂါးရဲ့ ကန့်သတ်ချက်အတွင်း အပယ်ခံ ကစားသမားအဖြစ်သို့ ရောက်ခဲ့ရပါတယ်။ ဝင်းဂါးက ဝေါကော့၊ ဂီရောက်နဲ့ ချန်ဘာလိန်းတို့ကိုလည်း ပုံမှန်ပွဲထွက်ကစား ခွင့်မပေးဘဲထားခဲ့ပါတယ်။ ဒီအတွက်ကြောင့်လည်း ပိုဒေါစကီးဟာ အာဆင်နယ်မှာ ကစားချင်ပေမယ့် ဂါလာတာစာရေးကို ပြောင်းသွားခဲ့ရပါတယ်။

# ကော့သောင်းနယ်စပ်၌ တရားမဝင်ကုန်သွယ်မှုမရှိစေရေး မိုဘိုင်းအဖွဲ့ဖြင့် ကြပ်မတ်စစ်ဆေးမည်

**ကော့သောင်း ဇူလိုင် ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန နယ်စပ်ကုန်သွယ်ရေးစခန်း(ကော့သောင်း)ဒေသအတွင်း နယ်စပ်ဒေသမှတစ်ဆင့် တရားမဝင်တင်သွင်းလာမည့် ကုန်ပစ္စည်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများကို Mobile Team အဖွဲ့ဖြင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်ရေးစခန်း(ကော့သောင်း) မိုဘိုင်းအဖွဲ့ကို ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့ခြောက်ခုမှ အရာထမ်း၊ အမှုထမ်းအဖွဲ့ဝင် ၂၆ ဦးဖြင့် ဖွဲ့စည်းထားပြီး ပင်မရေယာဉ် PCE-158 ဖြင့် အခြေပြုကာ လှုပ်ရှားမှုရေယာဉ်ငယ် FB-015 ဖြင့် မြန်မာ-ထိုင်းနယ်စပ် မြန်မာ့ရေပိုင်နက်အတွင်း ရနောင်း(ထိုင်း)-ကော့သောင်းမှ ပြည်မသို့အဝင်ရေလမ်းကြောင်း၊ ပြည်မမှ ရနောင်း(ထိုင်း)သို့ အထွက်ရေလမ်းကြောင်းများကို စိုးမိုးနိုင်မည့် သူဌေးကျွန်းနှင့် မွေတော်ကျွန်းအကြား ပင်လယ်ပြင်တွင် စောင့်ကြပ်စစ်ဆေးမည်ဖြစ်သည်။

တရားဝင်ကုန်သွယ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာရေး၊ မျှတသည့်ဈေးကွက်များဖြစ်ထွန်းလာရေး၊ စားသုံးသူအခွင့်အရေးဆိုင်ရာကိစ္စရပ်များအား အထောက်အကူဖြစ်စေရေးနှင့် နိုင်ငံတော်၏အခွန်ဘဏ္ဍာတိုးမြှင့်ရရှိရေး ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်မှတားမြစ်ကန့်သတ်ထားသည့် ကုန်ပစ္စည်းများ၊ အကောက်အခွန်မဲ့ ကုန်ပစ္စည်းများ၊ အထောက်အထားကွဲလွဲ ပြည့်စုံမှုမရှိသည့် ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းလာခြင်းကို ပညာပေးသတ်မှတ်ကာလကုန်ဆုံးမည့် ဇူလိုင်လကုန်မှစတင်၍ မိုဘိုင်းအဖွဲ့က စောင့်ကြပ်စစ်ဆေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

မိုဘိုင်းအဖွဲ့ဖြင့် စစ်ဆေးမည့် အစီအစဉ်များကို ဌာနဆိုင်ရာများ၊ နယ်စပ်ကုန်သည်ကြီးများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များသို့ အသိပေးရှင်းလင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ဇူလိုင် ၂ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းက အမှာစကားပြောကြားပြီး ကုန်သွယ်ရေးစခန်း(ကော့သောင်း)တာဝန်ခံ ဦးနန္ဒက ကော့သောင်းနယ်စပ် ရေလမ်းကြောင်းမှတစ်ဆင့် တရားမဝင်တင်သွင်းလာမည့် ကုန်ပစ္စည်းများအပေါ် အဖွဲ့က တားဆီးဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအား အသေးစိတ် ရှင်းလင်းပြောကြားသည်။ ထို့နောက် အကောက်အခွန်ဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနများမှ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နယ်စပ်ကုန်သည်ကြီးများအသင်းမှ ကုန်သည်ကြီးများ၊ ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များနှင့် စီးပွားရေးအသင်းအဖွဲ့များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။

**ကျော်စိုး(ကော့သောင်း)**



စည်ကားလျက်ရှိသော ကော့သောင်းနယ်စပ်တစ်နေရာ။

# ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှု ညှိနှိုင်းဖြေရှင်းရေးကော်မတီဖွဲ့စည်းရန် ဆွေးနွေး

**အင်းတော် ဇူလိုင် ၆**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု ညှိနှိုင်းဖြေရှင်းရေးကော်မတီ ဖွဲ့စည်းရေးဆွေးနွေးသည့်အစည်းအဝေးကို ကသာခရိုင် အင်းတော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇူလိုင် ၂ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ကသာခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးအုံ့ကျော်က ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှု ညှိနှိုင်းဖြေရှင်းရေးကော်မတီဖွဲ့စည်းရေးအတွက် အမှာစကားပြောကြားပြီး ကသာခရိုင် ရွေးကောက်ပွဲအရာရှိ ဦးအောင်မင်းဦးက ရွေးကောက်ပွဲဆိုင်ရာနှင့် မဲစာရင်းများအကြောင်းကို ရှင်းလင်းဆွေးနွေးကာ အင်းတော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်လှိုင်က အငြင်းပွားမှုညှိနှိုင်းဖြေရှင်းရေးကော်မတီဖွဲ့စည်းရန် လိုအပ်ချက်များကို ဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်သော နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် သတင်းမီဒီယာများက ရွေးကောက်ပွဲဆိုင်ရာများ၊ မဲဆန္ဒပေးပိုင်ခွင့်ဆိုင်ရာများ၊ သက်ဆိုင်ရာမှထုတ်ပြန်ထားသည့် မဲစာရင်းဇယားများကို အများသိရှိနိုင်ရန် လှုံ့ဆော်ကြေညာထားမှုအခြေအနေ၊ ရွေးကောက်ပွဲကာလ စောင့်ကြည့်အဖွဲ့များ၊ သတင်းမီဒီယာအတွက် ရွေးကောက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ပေးမည့်အခြေအနေနှင့် ပွင့်လင်းမြင်သာမှုရှိရန်၊ ပဋိပက္ခအသွင်မဖြစ်ပွားပဲ ရွေးကောက်ပွဲဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန်တို့ကို အပြန်အလှန် ဆွေးနွေးခဲ့သည်။

**ညီမင်းထက်(မြန်မာစာ)**

# မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းငါးထောင်ကျော် ထုတ်ချေးပြီး

**ညောင်ဦး ဇူလိုင် ၆**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူများအား မိုးရာသီသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ မေ ၂၅ ရက်က စတင်ထုတ်ချေးလျက်ရှိရာ ဇူလိုင် ၄ ရက်အထိ ချေးငွေကျပ် သိန်းငါးထောင်ကျော် ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူများအား မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ စုစုပေါင်း ကျပ်သိန်းပေါင်း ၂၀၅၀၀ ကို ထုတ်ချေးရန်လျာထားသတ်မှတ်ထားသည့်အနက် ကျေးရွာအုပ်စု ၃၆ စုရှိ အစုအဖွဲ့ ၁၂၄၀ မှ တောင်သူဦးရေ ၃၆၄၆ ဦးအတွက် ချေးငွေကျပ် ၅၂၁၀ ဒသမ ၆ သိန်းကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ တောင်သူများအတွက် ချေးငွေများကိုလည်း အချိန်မီ ဆက်လက်ထုတ်ချေးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ချေးငွေများ ထုတ်ချေးရာတွင် လယ်ယာမြေလုပ်ကိုင်ခွင့် လက်မှတ်တင်ပြနိုင်သည့် တောင်သူများကိုသာ ထုတ်ချေးပေးခြင်းဖြစ်ပြီး စပါးစိုက်ပျိုးမှုအတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှင့် အခြားသီးနှံစိုက်ပျိုးမှုအတွက် တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးနေခြင်းဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ညောင်ဦးမြို့နယ်ဘဏ်ခွဲမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



ချေးငွေထုတ်ယူရန် စောင့်ဆိုင်းနေသော တောင်သူများကို ဇွန် ၄ ရက်က တွေ့ရစဉ်။

# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ မကြာမီပြီးစီးမည်

**ငါ့သရောက် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ကူတောကျေးရွာအုပ်စု ကြို့ပင်သာကျေးရွာ၌ လျှပ်စစ်မီးရရှိရေးအတွက် ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာမှတာဝန်ရှိသူများက မီးလင်းရေးကော်မတီများဖွဲ့စည်းပြီး ဧပြီလအတွင်းကစတင်ကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မီးလင်းရေးကော်မတီဝင်များ ဦးဆောင်၍ သက်ဆိုင်ရာတာဝန်ရှိသူများထံ တင်ပြလျှောက်ထားခဲ့ပြီး ကျေးရွာမီးလင်းရေးလုပ်ငန်းများကို မန္တလေးမြို့ နယူးလိုက်ဖ်ကုမ္ပဏီလီမိတက်အား လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း၊ ကျေးရွာမှ အိမ်ထောင်စုတစ်စုလျှင် အနိမ့်ဆုံးကျပ်သုံးသောင်းမှ အမြင့်ဆုံးကျပ်တစ်သိန်းနှုန်းဖြင့် ကောက်ခံကာ စုစုပေါင်း မတည်ထည့်ဝင်ငွေကျပ်သိန်း ၄၅၀ ခန့်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီက ၁၁ကေဗွီအေထရန်စဖော်မာတစ်လုံးတပ်ဆင်ခြင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် အခြားဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများပြီးစီးပြီဖြစ်ရာ မကြာမီအချိန်အတွင်း ကြို့ပင်သာကျေးရွာ၌ လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ယခင်က ကြို့ပင်သာကျေးရွာ၌ ဖယောင်းတိုင်မီး၊ ဆိုလာမီးများကိုသာ အသုံးပြုခဲ့ရပြီး ယခု ၂၄နာရီ လျှပ်စစ်မီးရရှိပါက ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း မီးလင်းရေးကော်မတီဝင်တစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(iprd)**

## သတင်းတိုများ

### သမဝါယမအသေးစားချေးငွေများထုတ်ချေး

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ၌ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုဘဝမြှင့်တင်ရေးရည်ရွယ်လျက် အသေးစားချေးငွေသမဝါယမအသင်းက ဒေသခံတောင်သူများအား ချေးငွေများကို ဇွန် ၂၉ရက်က ထုတ်ချေးပေးခဲ့ပြီး တောင်သူတစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် တစ်လအတိုးနှုန်း ကျပ်တစ်ရာလျှင် ၁ ကျပ် ၁၅ ပြား နှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်သည်။ အဓိကငွေချေးသူအများစုမှာ ဥယျာဉ်ခြံမြေစိုက်ပျိုးလုပ်ကိုင်သူများဖြစ်ရာ ကွမ်းသီး၊ ရော်ဘာ၊ ဟင်းသီးဟင်းရွက်များကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ရန် လိုအပ်သည့် ပျိုးပင်၊ မျိုးစေ့နှင့် ဓာတ်မြေဩဇာများဝယ်ယူနိုင်ရေး အထောက်အကူပြုရန် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ကွင်းဆင်းသရုပ်ပြ

ပုလဲသွယ်စပ်မျိုးစပါးကို သိပ္ပံနည်းကျစိုက်ပျိုးစနစ် (GAP) ဖြင့် မျိုးစေ့ချခြင်း သရုပ်ပြပွဲကို ချောင်းဆုံမြို့နယ် ကမနင်းကျေးရွာ ကဒါးကွင်း၊ ကွင်းပိုင်အမှတ်(၆၉၉)၌ ဇူလိုင် ၂ ရက်က ပြုလုပ်ခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်က သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (GAP) ၁၄ ချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရေး နည်းလမ်းအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေးဝန်ထမ်းများက စပါးစိုက်ဧက နှစ်ဧကတွင် ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ခြင်းကို လက်တွေ့သရုပ်ပြခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

### ကျေးလက်အိမ်ရာနှင့် ကျေးလက်တံတားဆောက်လုပ်မှု ကွင်းဆင်းကြည့်ရှု

ချင်းပြည်နယ် တွန်းဇံမြို့နယ် ဖိုင်တူကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဆန်းဖလားဝါးကုမ္ပဏီကဆောက်လုပ်သော အလျား ၂၄ ပေ၊ အနံ ၁၈ ပေရှိ ကျေးလက်အိမ်ရာနှစ်လုံးဆောက်လုပ်မှု၊ ချင်းလူမှုရေးအသင်းကုမ္ပဏီက ဆောက်လုပ်သော တာ့ဇန်- လွမ့်ဇန်ကျေးရွာကြား ဖိုင်စိချောင်းကူးတံတားဆောက်လုပ်နေမှုနှင့် တွန်းဇံ- ဖိုင်တူကျေးရွာကြား ကျေးလက်လမ်းငါးမိုင်တွင် ကျောက်ချောခင်းနေမှုအခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ တာဝန်ပေးအပ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇေယျာညိုနှင့်အဖွဲ့က ဇွန် ၃၀ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

### အမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာ၌ ဇွန် ၂၇ ရက်က ကျင်းပခဲ့ရာ ရေကြည်မြို့နယ် သစ်တောဦးစီးဌာန၏ တွဲဖက်မြို့နယ်ဖြစ်သော ကျောင်းကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဘိနယ်တာဝန်ခံများ၊ ကျောင်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းနှင့် ဝန်ထမ်းများ၊ ရေကြည်မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးရီနှင့်ဝန်ထမ်းများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးအသင်းများမှဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ကျွန်းပျိုးပင် ၂၀၀ နှင့် အခြားသစ်မာ ၁၉၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ကြေးခေတ် သင်္ချိုင်းဟောင်း ဝလေ့များ

**မြန်မာလူမျိုးများဖြစ်လာကြမည့် ရှေးဦးလူသားများသည် မြန်မာနိုင်ငံအတွင်း နေရာဒေသအသီးသီးတွင်နေထိုင်ကာ ကျောက်ခေတ်၊ ကျောက်ခေတ်သစ်၊ သံခေတ်များကို အဆင့်ဆင့်ဖြတ်သန်းခဲ့ကြသည့် အထောက်အထားများအား ရှေးဟောင်းသုတေသနပညာရှင်များက ခေတ်အဆက်ဆက် ဖော်ထုတ်ခဲ့ကြသည်။**

မောင်သာ(ရှေးဟောင်းသုတေသန)

ရှေးဟောင်းသုတေသနပညာရပ်သည် ရုပ်ဝတ္ထုအထောက်အထားများကို မြေပေါ်မြေအောက်ရှာဖွေကာ လူသားများ၏ အတိတ်သမိုင်းကို ပုံဖော်တည်ဆောက်သည့် ပညာရပ်တစ်ခုဖြစ်သဖြင့် ရှေးဟောင်းသုတေသန သမားများသည် တူးဖော်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကာ ခေတ်ဟောင်းမှ အတိတ်သမိုင်းကြောင်းများကို ရှာဖွေဖော်ထုတ်ကြရပေသည်။ မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသန တူးဖော်ရေးလုပ်ငန်းများကို ၁၉၀၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သော်လည်း ၁၉၉၈ ခုနှစ် မတိုင်မီအထိ မြန်မာနိုင်ငံ၏ ကြေးခေတ်ကို ကျော်ဖြတ်ခဲ့သည့် အထောက်အထားများကို တူးဖော်တွေ့ရှိခဲ့ခြင်း မရှိခဲ့ရပါချေ။

"မင်းတုန်းမင်း၏ မန္တလေးဒေသ ဖွံ့ဖြိုးမှု စီမံကိန်း"စာတမ်းအပါအဝင် မြန်မာနိုင်ငံ ကျောက်ခေတ်ဆိုင်ရာ စာတမ်းများကို ရေးသားခဲ့သူ T.O. Morris သည် မြန်မာနိုင်ငံအတွင်းကြေးပုဆိန်သွားများ၊ ကြေးမြား ခေါင်းများကိုတွေ့ရှိခဲ့ရကြောင်း ၁၉၃၈ ခုနှစ်က ထုတ်ဝေခဲ့သော မြန်မာနိုင်ငံ သုတေသန အသင်းဂျာနယ် (JBRS) အတွဲ (၂၈)၊ အမှတ် (၁) တွင် ရေးသားခဲ့သည်။ သို့သော်လည်း ထိုစဉ်က တွေ့ရှိခဲ့ရသော အခေါင်းပါ ကြေးလှံသွားများသည် တူးဖော်တွေ့ရှိရသည့်ပစ္စည်းများမဟုတ်ဘဲ မြေပြင်ပေါ်မှ တွေ့ရှိခဲ့ရခြင်းဖြစ်သောကြောင့် မြန်မာ့ကြေးခေတ် ဖြတ်သန်းမှုသမိုင်းစဉ်ကို ပီပြင်စွာ မဖော်ထုတ်နိုင်ခဲ့သည့်နည်းတူ မြန်မာနိုင်ငံတွင် ကြေးခေတ် ယဉ်ကျေးမှုထွန်းကားခဲ့သည် ဆိုသည့်အချက်ကို တိတိပပ မပြောနိုင်ခဲ့ပါချေ။ ထို့ကြောင့် ပြည်ပပညာရှင်အချို့က မြန်မာနိုင်ငံတွင် ကြေးခေတ် ယဉ်ကျေးမှု မထွန်းကားခဲ့ဟု ဆိုခဲ့ကြသည်။

၁၉၉၈ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်တို့တွင် ရှေးဟောင်းသုတေသနဦးစီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာ သင်္ချိုင်းဟောင်းနေရာတစ်ခုတွင် ကြေးခေတ်နှင့်ဆက်နွယ်သည့် အထောက်အထားများကို တူးဖော်တွေ့ရှိခဲ့သည်။ တူးဖော်မှု သုံးကြိမ်ဆောင်ရွက်ခဲ့ရာ လူရုပ်ကြွင်း ၄၃ ခု အပါအဝင် ကြေးပစ္စည်း၊ ကြေးလက်နက်များကို တူးဖော်ရရှိခဲ့သဖြင့် မြန်မာ့ကြေးခေတ် ယဉ်ကျေးမှုအား တစ်စိတ်တစ်ပိုင်းပုံဖော်နိုင်ခဲ့ပေသည်။

ညောင်ကန်သည် ဗုဒ္ဓသာသနာတော်နှင့် စပ်လျဉ်း၍ ရှေးပညာရှိများက "ဗုဒ်စ၊ ဗုဒ်လယ်၊ ဗုဒ်ဆုံး" ဟု ဥဒါန်းဆိုခဲ့ကြရသည့် ဆရာတော် ဦးဗုဒ်ကြောင့် ထင်ရှားသကဲ့သို့ ရှေးဟောင်းသုတေသန လေ့လာမှုဆိုင်ရာ မြန်မာ့ကြေးခေတ်နယ်မြေတစ်ခုအဖြစ် ထပ်မံထင်ရှားလာခဲ့ပေသည်။

ညောင်ကန်ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့ရာနေရာသည် ညောင်ကန်ရွာမှ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ၊ ၂၄ မိနစ်၊ ၄၀ စက္ကန့် နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ၊ ၃ မိနစ်၊ ၂၈ စက္ကန့် အကြား ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀ အမြင့်တွင် တည်ရှိသည်။ တူးဖော်မှုများဆောင်ရွက်ခဲ့သည့် သင်္ချိုင်းဟောင်းနေရာသည် တောင်မြောက် ပေ ၂၅၀ နှင့် အရှေ့အနောက် ပေ ၁၃၀ ကျယ်ဝန်းသည်။

**ညောင်ကန်ဒေသအား တူးဖော်ခဲ့စဉ်က အဓိကတွေ့ရှိခဲ့သော အထောက်အထားများမှာ ကြေးပစ္စည်းများ၊ အရိုးစုများနှင့် အိုးများဖြစ်သည်။ အရိုးစုများအား မြေပြင်မှ ၇ လက်မနှင့် ၂ ပေ ၁၀ လက်မ အကြားတွင် တွေ့ရှိကြရသည်။**

ညောင်ကန်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့မှ အနောက်မြောက်ဘက် ငါးမိုင်အကွာ ချင်းတွင်းမြစ်၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။ ဘုတလင်မှ ကနီတစ်ဖက်ကမ်းသို့သွားသည့်ကားလမ်းသည် ညောင်ကန်ရွာကို ဖြတ်သန်းဖောက်လုပ်ထားသည်။ ညောင်ကန်ဒေသသည် ပူပြင်းသော နေရာတစ်ခုဖြစ်ပြီး ဒေသနေပြည်သူများသည် စိုက်ပျိုးရေး လုပ်ငန်းဖြင့် အဓိကအသက်မွေးကြသည်။ ပဲ၊ ငှက်ပျောနှင့် သခွားမွေးကို အများဆုံး စိုက်ပျိုးကြသည်။ ညောင်ကန်ဒေသနှင့် စပ်လျဉ်း၍ မန္တလေးမြို့ ပြည်လုံးချမ်းသာကျောင်းတိုက် ဘုန်းတော်ကြီး ဦးသုဒဿနပြုစုကာ ၁၉၅၉ ခုနှစ်က ထုတ်ဝေခဲ့သည့် "ညောင်ကန်သာသနာဝင်" စာအုပ်တွင် "ရိုးတောင်ချောင် ခေါ်တွင်သောအရပ်၌လည်း တူးဖော်၍ကြည့်ကြရာ အရိုးကို အိုးငယ်၌ထည့်ကာ ရှေးကအသုံးပြုသော ကျောက်လက်ကောက်ကြီးများ လည်း ပါရှိလေသည်။ အသက်ရှည်သော ခေတ်အခါက လူတို့၏အရိုးဖြစ်၍ ပမာဏအားဖြင့် အလွန်ကြီးမားကြောင်း တွေ့ရသည်။ ထိုနေရာသည် မြို့ရိုး၏ အပြင်ဘက် အနောက်တောင်ထောင့်အရပ်တွင် တည်ရှိလျက် ထွက်ဝင်ရန် တံခါးပေါက်လည်း အနီးတွင်ရှိသည်။ သို့အတွက် သင်္ချိုင်းတော်နေရာ ဖြစ်ဟန်တူသည်"ဟု ရေးသားထားခဲ့သည်။ ထိုနေရာသည် အရပ်အခေါ် အရိုးကုန်းဟု အမည်တွင်သည့် ညောင်ကန်ကြေးခေတ်တူးဖော်မှု ကုန်းနေရာကို ရည်ညွှန်းထားခြင်းဖြစ်ပေသည်။

မြို့ရိုး ဟူသည်မှာ ညောင်ကန် တူးဖော်မှုကုန်း၏ အရှေ့မြောက်ဘက်တွင် ယခုတိုင်ရှိသော တိမ်းရင်းရာဇဂြိုဟ်မြို့ရိုးဟောင်းကို ဆိုလိုခြင်းဖြစ်သည်။

ထိုဒေသအနီးရှိ အုတ်အိုင်၊ ဖျောက်ဆိတ်ကုန်း၊ ရွာသာနှင့် ညောင်ကန်ကျေးရွာများမှ ရွာသားအချို့သည် ရွာသာရွာ အနီး ရှင်မချောက် တောင်ကုန်းနေရာတစ်ဝိုက်တွင် ရှေးဟောင်းပစ္စည်းများ၊ လူအရိုးစုများ၊ အိုးကွဲများကို နှစ်အတန်ကြာကပင် မကြာမကြာ တွေ့ရှိခဲ့ကြသည်။

ယင်းနေရာသည် တစ်ချိန်က သင်္ချိုင်းမြေတစ်ခုဖြစ်ခဲ့ဟန်ရှိကာ နောက်ပိုင်းတွင် ရွာသာရွာမှ ဦးချစ်လှိုင် ပိုင်ဆိုင်သော စိုက်ပျိုးမြေကွက် ဖြစ်လာခဲ့သည်။ ထိုနေရာသည် ကုန်းမြင့်စောင်းတစ်ခုဖြစ်ပြီး ပိုင်ရှင်ဖြစ်သူ ဦးချစ်လှိုင်က စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် မြေရှင်းရာမှ လူအရိုးများ၊ မြေအိုးများ၊ ကြေးလက်နက်များကို တွေ့ရှိရကြောင်း သတင်းများရရှိခဲ့သဖြင့် ထိုစဉ်က နိုင်ငံတော်အစိုးရက ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်မဟာဗျူဟာ လေ့လာရေးရုံး၊ ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာန၊ မနုဿဗေဒဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ပညာရှင်များပါဝင်သည့် "ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများ လေ့လာရေးအဖွဲ့" ကို ဖွဲ့စည်းပေးခဲ့ပြီး ၁၉၉၈ ခုနှစ် ဇန်နဝါရီလမှ ၁၉၉၉ ခုနှစ် မတ်လအထိ တူးဖော်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်စေခဲ့သည်။ ယင်းအဖွဲ့သည် အဆိုပါနေရာတွင် သုံးကြိမ်တိုင် စနစ်တကျ အကွက်ချ တူးဖော်မှုများ ပြုလုပ်ခဲ့ရာ မြန်မာ့ကြေးခေတ်ဆိုင်ရာ အထောက်အထားများကို တွေ့ရှိခဲ့ရပေသည်။

ယခုအခါတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက တူးဖော်မှုပြုလုပ်ခဲ့သည့် နေရာများကို တူးဖော်ခဲ့သည့် အနေအထားအတိုင်း တူးကွက်ပြတိုက် (Site Museum) များအဖြစ် ထိန်းသိမ်းထားခဲ့ရာ စုစုပေါင်း အဆောက်အအုံ ငါးလုံးခန့်ရှိသည်။ အဆောက်အအုံများအတွင်း တူးဖော်တွေ့ရှိ ထားသည့် ရုပ်ကြွင်းများနှင့်အိုးများကို အလူမီနီယံမှန်ပုံးများဖြင့် အုပ်ဆိုင်းလျက် ထိန်းသိမ်းစောင့်ရှောက်ထားရာ စုစုပေါင်း အလူမီနီယံပုံး ၅၂ ခုရှိသည်။

မြန်မာ့ကြေးခေတ်ဆိုင်ရာ အထောက်အထားများကို တူးဖော်တွေ့ရှိပြီးချိန်တွင် အဆိုပါမြေနေရာအား ပိုင်ရှင်ဖြစ်သူ ဦးချစ်လှိုင်က နိုင်ငံတော်သို့ လှူဒါန်းခဲ့သဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ညောင်ကန်ကြေးခေတ် ယဉ်ကျေးမှုဇုန်အဖြစ် သတ်မှတ်ခဲ့သည်။

ညောင်ကန်မှ တူးဖော်တွေ့ရှိခဲ့သည့် ရှေးဟောင်းပစ္စည်းများဖြစ်သည့် မြေဆေးတံ နှစ်ခု၊ကျောက်ကွင်း ၁၂ ခု၊ ကျောက်ကွင်း(တစ်ခြမ်း) လေးခု၊ ကျောက်ကွင်း (အဆန်) နှစ်ခု၊ မြေရုပ်ဒိုးဝိုင်း နှစ်ခု၊ ကျောက်ကွင်းပိတ်နှစ်ခု၊ ကြေးပုဆိန် လေးခု၊ မြေပုတီးစေ့ တစ်ခု၊ ကျောက်လုံး သုံးခု၊ အပေါက်ပါ ကျောက်ပုတီးစေ့ ငါးခု၊ ဆလင်ဒါပုံ ပုတီးစေ့ ၂၃ ခု၊ စလင်းပုတီးကွဲ တစ်ခု၊ ခုနစ်လက်မ ပုတီးစေ့အရှည် နှစ်ခု၊ ခရုပုတီးစေ့ကြီး ၁၀ ခု၊ ခရုပုတီးစေ့ အသေး ၈၈ ခု၊ ကြေးလှံသွား ငါးခု၊ ကြေးမြားသွား ခြောက်ခု၊ ကြေးချောင်း တစ်ခု၊ ကြေးပေါက်ချွန်း တစ်ခု၊ ဒီဇိုင်းပါ အိုးခြမ်းကွဲ ၂၃ ခု၊ ခဲပြားလိပ် ရှစ်ခု၊ အမင်းပါ ကြေးပဲခွပ် နှစ်ခု၊ ကျောက်လက်နက် တစ်ခု၊ အိုး ရှစ်လုံး၊ အုတ်ခဲ ငါးခု၊ မြေဆီမီးခွက် သုံးခု၊ ဒီဇိုင်းပါ အရိုးအိုးခြမ်းကွဲ ငါးခု၊ အခြယ်ပါသော အိုးခြမ်းပဲ့ အပိုင်းအစတစ်ထုပ်နှင့် အခြယ်မပါသော အိုးခြမ်းပဲ့ အပိုင်းအစ တစ်ထုပ်တို့ကို အမျိုးသားပြတိုက်တွင် ထိန်းသိမ်းပြသနိုင်ရန် ၁၉၉၈ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် သတင်းကို ၂၃-၃-၁၉၉၈ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာများတွင် ဖတ်ရှုရပေသည်။ ရုပ်ကြွင်းများနှင့်အတူရှိနေသည့် အိုးများနှင့် အချို့သော ကျောက်ကွင်းများ၊ ကျောက်လက်နက်များကို မူလနေရာ၌ပင် ရုပ်ကြွင်းများနှင့်အတူ ထိန်းသိမ်းပြသထားသည်။



ညောင်ကန်ဒေသအား တူးဖော်ခဲ့စဉ်က အဓိကတွေ့ရှိခဲ့သော အထောက်အထားများမှာ ကြေးပစ္စည်းများ၊အရိုးစုများနှင့် အိုးများဖြစ်သည်။ အရိုးစုများအား မြေပြင်မှ ၇ လက်မ နှင့် ၂ ပေ ၁၀ လက်မအကြားတွင် တွေ့ရှိ ကြရသည်။ ပညာရှင်များက ရှေးခေတ်ကာလများအတွင်း ရေကြီး ရေလျှံမိုးမှုများကြောင့် မြေပြင်ရေတိုက်စားခံရကာ မြေလွှာများပြောင်းလဲခဲ့သဖြင့် မြေပြင်မှ ၇ လက်မသာနက်သည့်နေရာတွင် အရိုးစုများအား တွေ့ရှိရခြင်းဖြစ်နိုင်ကြောင်း ယူဆကြသည်။ *(ဆက်လက်ဖော်ပြပါမည်)*

## သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သီပေါ ဇူလိုင် ၆**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သစ်တော ဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက စံဖိတ်ကျေးရွာအုပ်စု လွယ်မုပ်တောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးစိုးမိုးက ပျိုးပင်များကို ဖြန့်ဝေပေးပြီး တာဝန်ရှိသူများက ရတနာတန်းဝင်ကျွန်း၊ မဲဇလီ၊ ယမနေ၊ ရေသင်းဝင် စသည့်အပင်ပေါင်း ၅၅၀ ကျော်ကို လွယ်မုပ်တောင်ကြော တစ်လျှောက်တွင် စုပေါင်းစိုက်ပျိုးကြသည်။

**စိုင်း(သီပေါ)**



## မျိုးစေ့ပညာရှင်များမွေးထုတ်ရေး ဟောပြော

**နေပြည်တော် ဇူလိုင် ၆**

မြန်မာနိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ပညာရှင်များ မွေးထုတ်ရေးဟောပြောပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်စာသင်ခန်းမ ၅ ၌ ဇူလိုင် ၁ ရက်က ကျင်းပရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စပ်မျိုးသီးနှံများ၏ အနာဂတ်အလားအလာများအကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက စပ်မျိုးစပါး စိုက်ပျိုးရေးနှင့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများအကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက စပ်မျိုးစပါးနည်းပညာပြန့်ပွားရေးလုပ်ငန်းများအကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်တင်မြင့်က စပ်မျိုးစပါးမွေးမြူရေးပညာအကြောင်းနှင့် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်ကထိက ဒေါက်တာညိုမာထွေးက စပါးမျိုးကောင်း မျိုးသန့်ထုတ်လုပ်ခြင်းအကြောင်းတို့ကို ဟောပြောခဲ့သည်။ **သတင်း-မေမိုးသဲ**

**ဓာတ်ပုံ-အိမ့်ထက်မှူး**

ဒီ APP ဟာ စကားပြောရုံ သာမက
သင်နဲ့သင့်ရဲ့ချစ်ခင်ရဆုံးမိသားစုတွေကို ချိတ်ဆက်ပေးတဲ့
လူမှုကွန်ယက်တစ်ခုလည်းဖြစ်ပါတယ်။ဥပမာ - WeChat ရဲ့ moments


